www.burmeseclassic.com

ဗုဒ္ဓဘာသာဝင်တိုင်း သိထားသင့်သော

ဘုရားရှင်လက်ထက်က

# ပြိတ္တာများ

ပထမတွဲ

နန္ဒာမိုးကြယ် ပြုစုသည်

BURMESE CLASSIC .com




www.burmeseclassic.com

www.burmeseclassic.com


**ပုံနှိပ်မှတ်တမ်း**

ပထမအကြိမ် - ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၃၀၀ ကျပ်

အဖုံးနှင့်အတွင်းဒီဇိုင်း - သန့်ဇော်သစ်

အတွင်းဖလင် - A-7 Group

စာအုပ်ချုပ် - ပန်းဝေဝေ

ထုတ်ဝေသူ - ဦးစိုးတင့်
ရွှေပြည်သာစာပေ၊
၆/၁၀ ရပ်ကွက်၊ ချင်းတွင်းလမ်း၊
ရွှေပြည်သာ။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဦးအောင်မြင့်သိန်း (မြ - ၀၆၃၆၄)
အင်ကြင်းမြိုင်ပုံနှိပ်တိုက်
အမှတ် - ၁၅၀၊ ၄၇ လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

၂၉၄.၃

နန္ဒာမိုးကြယ်

ဘုရားရှင်လက်ထက်ကပြိတ္တာများ (ပထမတွဲ) / နန္ဒာမိုးကြယ်။ ရန်ကုန်။
ရွှေပြည်သာစာပေ၊ ၂၀၁၂။

၂၂၄ - စာ၊ ၁၀.၅ × ၁၆.၅ စင်တီ။

(၁) ဘုရားရှင်လက်ထက်ကပြိတ္တာများ (ပထမတွဲ)


ဗုဒ္ဓဘာသာဝင်တိုင်း သိထားသင့်သော

ဘုရားရှင်လက်ထက်က

# ပြိတ္တာများ

## နန္ဒာမိုးကြယ်

ပြုစုသည်

**ပထမတွဲ**

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


– စကားဦး ၁
၁။ မစင်စားတဲ့ ပြိတ္တာမ ၆
၂။ ဆွေတော်မျိုးတော် ပြိတ္တာမ ၁၆
၃။ ရက္ခစိုးနှင့် ဆုံခဲ့သည် ၂၆
၄။ ကျိန်ဆိုခြင်း၏ ရလဒ်များ ၅၂
၅။ ပြိတ္တာမလေး မိန္တာ ၆၅
၆။ ဣဿာ၊ မိစ္ဆာ၊ ပြိတ္တာ ၇၆
၇။ မိစ္ဆာဝါဒ၏လားရာ ၈၂
၈။ ကြေကွဲမျက်ရည် ၁၀၄
၉။ သာစုခေါ်ခွင့် ၁၁၆
၁၀။ ရေလျှောက်ပြိတ္တာ ၁၃၅
၁၁။ မစင်တွင်းက ပြိတ္တာများ ၁၄၇
၁၂။ သမီးကလေး အလိမ္မာ ၁၅၆
၁၃။ ဝေမာနိကပြိတ္တာ ၁၇၂
၁၄။ ပြိတ္တာဖြစ်သွားသည့် ဈေးသည်များ ၁၈၁
၁၅။ အဆိပ်သင့်သွားသော ကျိန်စာ ၁၈၉
၁၆။ သံဃာ့ဘေဒက ကြောက်ဖွယ်ပ ၂၀၈


## စကားဦး

အပယ်လေးဘုံရှိသည်ဟု ဆိုကြသည်။

ထိုလေးဘုံအနက် ငရဲဘုံဆိုသည်ကား သီးခြားဖြစ်၏။ သူ့ဘုံနှင့်သူဖြစ်၏။ သို့သော်ငြား ပြိတ္တာတို့မှာမူ သူ့ဘုံနှင့်သူ သီးခြား မရှိ။ လူ့ဘုံ၌ လူတို့နှင့် ,တစ်စပ်တည်း နေထိုင်နေကြရသူများဖြစ်၏။ ဗုဒ္ဓဘုရားရှင်လက်ထက်က ပြိတ္တာတို့သည် ဟိမဝန္တာတောင်၏ နံပါးဝယ် ဝိဉ္ဈာဋဝီအမည်ရှိ တောအုပ်ကြီး၌ အများအပြား နေထိုင်ကြကြောင်း သိရှိရပါသည်။

ကမ္မဇိဒ္ဓိကြီးမားသော ပြိတ္တာတစ္ဆေတို့သည် နေထိုင်စရာဗိမာန်ရှိကြ၏။ ကမ္မဇိဒ္ဓိ မရှိသော၊ နည်းပါးသော ပြိတ္တာတစ္ဆေတို့မှာမူ သစ်ပင်၊ တောချုံ၊ ပိတ်ပေါင်းတို့၌လည်းကောင်း လျှိုရိုး ရေမြောင်းရိုးတို့၌လည်းကောင်း၊ ဟောင်းမြင်းသော လိုဏ်ဂူအိုကြီး၌လည်းကောင်း၊ သုသာန် သချိုင်းတို့၌လည်းကောင်း၊ ကျောင်းအို ကျောင်းပျက်၊ ဇရပ်အို ဇရပ်ပျက်တို့၌လည်းကောင်း၊ ငွေ[illegible] စောင်း ချောက်ကမ်းပါးတို့၌လည်းကောင်း မိမိတို့[illegible]သည့် အကုသိုလ်ကံအားလျော်စွာ နေထိုင်ခဲ့ကြ[illegible]ပ၏။

www.burmeseclassic.com

www.burmeseclassic.com



ပြိတ္တာတို့၏ အစားအစာမှာလည်း မိမိတို့ပြုလုပ်သော အကုသိုလ်ကံအားလျော်စွာ မသတီဖွယ်၊ ရွံရှာဖွယ်များ ဖြစ်ကြ၏။ ပမာအားဖြင့် လူတို့ စွန့်ပစ်ထားသော စားကြွင်းစားကျန်များ၊ ထမင်းလုံး၊ ဟင်းလုံး၊ မုန့်ကြွင်း၊ မုန့်ကျန်များ၊ စွန့်ပစ်ထားသော ငါး၊ အမဲသား၊ ရွံစရာအကောင်ပုပ်များ၊ သွေးပုပ်ပြည်ပုပ်များ၊ ကိုယ်ဝန်ဆောင်တို့မီးဖွားရာမှ စွန့်ပစ်သော အညစ်အကြေးများ၊ ကျင်ကြီးကျင်ငယ်များ စသည်တို့ကို စားသောက်ကြရ၏။ ထိုပြိတ္တာတို့ထက် အကုသိုလ်ကြီးမားသော ပြိတ္တာများမှာမူ အဆိုပါ ပြိတ္တာတို့လောက်ပင် စားသောက်ခွင့်မရရှာဘဲ အစာငတ်၊ ရေငတ်ဖြစ်ကြရသည်။ သာမဂ ၊အားဖြင့် နှစ်ပေါင်းများစွာ ဘာမျှ မစားမသောက်ရသဖြင့် အမြဲတမ်း ဆာလောင်နေသော ပြိတ္တာများ၊ နှစ်ပေါင်း (၅၅) နှစ်ကာလပတ်လုံး ရေတစ်ပေါက်မျှပင် မသောက်ရရှာသော ပြိတ္တာများလည်းရှိကြသည်။ ထိုထိုသော ပြိတ္တာများအကြောင်းကို ဤစာအုပ်တွင် ဖတ်ရှုရပါလိမ့်မည်။

ပြိတ္တာတို့၏ ရုပ်အဆင်းအသွင်ကား မမြင်ဝံ့မစရာ၊ မကြည့်ဝံ့စရာ ကြောက်မက်ဖွယ်ရာ ကောင်းလှပေ၏။ ၎င်းတို့သည် အမြဲတမ်းဆာလောင်မွတ်သိပ်နေသည့်အတွက် အစားအသောက်တို့ စားသောက်ခွင့်မရသည့်အတွက် အသားအသွေးတို့ ခန်းခြောက်ကြကုန်၏။ အရေ၊ အကြော၊ အရိုးမျှသာ ရှိကြကုန်၏။

အချို့သော ပြိတ္တာတို့မှာမူ ကမ္မဇိဒ္ဓိကြီးမားသဖြင့် အမျိုးမျိုးဖန်ဆင်းပြနိုင်သော အာနိသင်ရှိကြသည်။ သို့ဖြစ်၍ အိမ်သဏ္ဍာန်တို့ကို ဖန်ဆင်းပြနိုင်ခြင်း၊ အထူးထူးအဆန်းဆန်း ဖန်ဆင်းပြနိုင်ခြင်းတို့ရှိကြရာ လူတို့က နာနာဘာဝဟူ၍ သတ်မှတ်ကြကုန်၏။ ထိုအဖြစ်ကိုလည်း ဤစာအုပ်တွင် ဖတ်ရှုရမည်ဖြစ်၏။ ပြိတ္တာတို့သည် လူ့လောကနှင့် တစ်ဆက်တည်း နေထိုင်သူများဖြစ်ကြကြောင်းဆိုခဲ့ရာ အိမ်ထောင်သားမွေးကိစ္စများကို လူတို့ကဲ့သို့ပင် ပြုလုပ်ကြကြောင်း သိရှိရပါသည်။



မိလိန္ဒမင်းကြီးနှင့် ရှင်နာဂသေနတို့၏ အမေးအဖြေ၌–

သေကုန်သော ပြိတ္တာတစ္ဆေတို့သည် ပိုးကောင်အသွင်ဖြင့်လည်းကောင်း၊ ပေါက်ဖတ်အသွင်ဖြင့်လည်းကောင်း၊ ခြပုန်းအသွင်ဖြင့်လည်းကောင်း၊ ပိုးနှံကောင်အသွင်ဖြင့်လည်းကောင်း၊ ကင်းခြေများအသွင်ဖြင့်လည်းကောင်း၊ ငှက်အသွင်ဖြင့်လည်းကောင်း၊ သမင်အသွင်ဖြင့်လည်းကောင်း၊ သားရဲတိရစ္ဆာန်ပိုးမွှားစသော အကောင်အမျိုးမျိုးတို့၏ အသွင်သဏ္ဍာန်အဖြစ်ဖြင့်တွေ့မြင်ရကြောင်း ဖြေကြားထားသည်ကို တွေ့ရပါသည်။

ပြိတ္တာအမျိုးအစား များပြားစွာရှိကြရာ သူစိလောမပြိတ္တာမျိုး၊ ခရလောမပြိတ္တာမျိုး၊ ဒီဃာနခ ပြိတ္တာမျိုး၊ ဧကပါဒပြိတ္တာမျိုး၊ အနေကပါဒပြိတ္တာမျိုး၊ ဧကဟတ္ထပြိတ္တာမျိုး၊ အနေကဟတ္ထပြိတ္တာမျိုး၊ ဧကနေတ္တပြိတ္တာမျိုး၊ အနေကနေတ္တပြိတ္တာမျိုး... စသည်ဖြင့် များပြားစွာ ရှိကြသည်။

ပြိတ္တာတို့အဖို့ ကောင်းမွန်ရာဘဝသို့ ကူးပြောင်းရောက်ရှိရန် အခွင့်အလမ်းများစွာ ရှိပါသည်။

မိမိတို့ လှူဒါန်းသောပေတဒါန၏ အဖိုးဘာဂကိုရည်ညွှန်း

www.burmeseclassic.com

www.burmeseclassic.com



ထားသော မိမိ၏ မိဘသားချင်း ဆွေမျိုးဉာတကာ ပြိတ္တာများ သာဓုမခေါ်နိုင်၍ မရရှိသည့်တိုင်အောင် အဆိုပါ ဆွေမျိုးဟောင်း ပြိတ္တာများအနေဖြင့် ရရှိနိုင်ကြသည်။ အကယ်၍ မည်သည့် ပြိတ္တာမှ မရရှိသည့်တိုင်အောင် ကာယကံရှင်ဖြစ်သော အလှူရှင် အနေဖြင့် ကျိန်းသေဒိဋ္ဌရရှိနိုင်ကြပေသည်။

ပြိတ္တာဘဝသို့ ရောက်ရှိကြခြင်းမှာ လူ့ပြည် လူ့ဘဝဖြစ်စဉ် အခါက–

ငြူစူမှု ဝန်တိုမှုများပြားခြင်း၊ မိမိကိုယ်တိုင်လည်းပေးကမ်းမှု လှူဒါန်းမှု မရှိခြင်း၊ အခြားသူ၏ လှူဒါန်းမှု ပေးကမ်းမှုတို့ကို မနာလိုဝန်တိုခြင်း၊ ပိတ်ပင်တားမြစ်ခြင်း၊ ကံသုံးပါးကို ကျူးလွန်ခြင်း...အစရှိသော အကုသိုလ်အမှုများကြောင့် ပြိတ္တာဘဝသို့ ကျရောက်ခြင်းဖြစ်ပေသည်။


သို့ဖြစ်၍ မြင့်မြတ်သော ဤလူ့ဘဝကို ရရှိစဉ်ကာလ၌ နိမ့်ကျသော၊ ဆင်းရဲဒုက္ခတို့ ပြွမ်းတီးသော၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဘဝများဆီသို့ ဆင်းမသွားရလေအောင် သတိသံဝေဂ ယူဖွယ်အဖြစ် ဤစာအုပ်ကို ပြုစုရေးသားခြင်း ဖြစ်ပါသည်။

ဤစာအုပ်ကို ဖတ်ရှု၍ သံဝေဂတရားများ ပွားများရရှိမည်ဆိုပါက ဤစာအုပ်ကို ပြုစုရေးသားရကျိုး နပ်ပြီဟု ဆိုချင်ပါသတည်း။

**နန္ဒာမိုးကြယ်**

(၂၂–၅–၂၀၁၂)

## မစင်စားတဲ့ ပြိတ္တာမ



www.burmeseclassic.com

www.burmeseclassic.com

၁

## မစင်စားတဲ့ ပြိတ္တာမ

'ဝိဠျာဋိုဝိ'... ဟူ၍ အမည်ရှိသည့် တောအုပ်။

သည်တောအုပ်ရှိရာသို့ အရှင်မောဂ္ဂလာန်သည် ဈာန်တန်ခိုးဖြင့် တောင်စဉ်ခရီးလှည့်လည်တော်မူရာက ရောက်ရှိလာခဲ့ခြင်းဖြစ်၏။

တောအုပ်ကြီးအတွင်းမှာတော့ မီးရှူးမီးပန်းများ ပစ်လွှတ်ဘိသည့်အလား... ရောင်စဉ်တွေ ဖွေးဖွေးလှုပ်ကာ ဖွားခနဲ ဖွားခနဲဆိုသလို အထက်သို့ တက်တက်လာကြချေ၏။ သည်သို့သည်နှယ် အမြင်အာရုံဆန်းပြားလှသည့်အတွက် ရှင်မောဂ္ဂလာန်လည်း ထိုအနီးအနားသို့ သွားရောက်ကာ ခေတ္တရပ်တန့်လျက်ကြည့်ရှုနေမိလေတော့၏။

"အို...တော်တော်လေး ဒုက္ခကြီးတဲ့ ပြိတ္တာမိသားစုပါပဲလား"

သည်လို မှတ်ချက်ပြုစုရလောက်အောင်ပင် လေးဦးသော ပြိတ္တာမိသားစု၏ဒုက္ခဝင့်ကြွေးကား ကြီးမားလှပါဘိ။ ထိုပြိတ္တာ



မိသားစုသည် အရှင်မောဂ္ဂလာန်ကို မြင်တွေ့လိုက်ရသည့်အခါ ထိတ်လန့် တုန်လှုပ်သွားကြပါချေ၏။ သည့်နောက် မူလခံစားနေရသည့် ဝဋ်ဒုက္ခအတိုင်းပင် ဆင်းရဲပင်ပန်းစွာ ခံစားနေပြန်ပါတော့၏။ ဤသို့ဤနှယ် စိတ်သက်သာဖွယ် အလျဉ်းမရှိသည့် မြင်ကွင်းကို ကြည့်ရင်း ရှင်မောဂ္ဂလာန် မေးပါလေတော့၏။

"အို... ပြိတ္တာအပေါင်းတို့။ သင်တို့ရဲ့ အဖြစ်ဟာ အင်မတန်မှ ဆိုးရွားလှပါကလား။ သင်တို့ လေးဦးရှိတဲ့ အနက် တစ်ဦးက ကိုယ့်ခေါင်းပေါ်ကို ကိုယ်ကိုယ်တိုင် ႕မီးတွေ ကြဲချနေတယ်။ ဟို... တစ်ဦးကလည်း ကိုယ့်ဦးခေါင်းကိုကိုယ် သံတင်းပုတ်နဲ့ ထုနက်နေတယ်။ အဲ... နောက်တစ်ဦးကျပြန်တော့ ကိုယ့်ကျောကုန်းသားကို ကိုယ့်လက်သည်းနဲ့ ထိုးခြစ်ကော်ထုတ်ပြီး အသားတွေကို ခွာစားနေတယ်။ နောက်ဆုံးတစ်ဦးကျပြန်တော့ ရွံရှာဖွယ် အင်မတန်ကောင်းတဲ့မစင်တွေကို မြိန်ရေရှက်ရေ စားနေပါကလား...

အို... ပြိတ္တာတို့၊ သင်တို့ ခုလိုမျိုး ဖြစ်ပျက် ခံစားနေကြရတာတွေဟာ ဘယ်မကောင်းမှု အကုသိုလ်ကံတွေ ကျူးလွန်မိခဲ့လို့ပါလိမ့်"

ရှင်မောဂ္ဂလာန်၏ အမေးစကားဆုံးလေတော့ ပြိတ္တာမိသားစုလည်း သူဖြေနိုး၊ ငါဖြေနိုးဖြင့် တစ်ယောက်မျက်နှာကို တစ်ယောက် ငေးကြည့်နေမိကြလေ၏။

နောက်ဆုံးမှာတော့ ပြိတ္တာမကြီးက... တစ်ဦးချင်းကို ညွှန်ပြလျက်

www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဘုရား... သူဟာ လူ့ဘဝတုန်းက တပည့်တော်မရဲ့ ခင်ပွန်းလင်ဖြစ်ပါတယ်ဘုရား။ သူကတော့ လူ့ဘဝတုန်းက တပည့်တော်မရဲ့သားဖြစ်ပြီး၊ သူကတော့ တပည့်တော်မရဲ့ ချွေးမ ဖြစ်ပါတယ်ဘုရား။

အရှင်ဘုရား... တပည့်တော်မရဲ့ မိသားစုဟာ လူ့ဘဝတုန်းဆီက တစ်ဦးစီ တစ်ဦးစီ မကောင်းမှုတွေကို လုပ်ဆောင်ခဲ့ ပြောကြားခဲ့တဲ့အတွက် လူ့ဘဝကနေ ဇီဝိန်ချုပ်ခဲ့တဲ့အခါမှာတော့ တပည့်တော်မတို့' မိသားစုလေးဦး စလုံး ဟောဒီတောအုပ်ကြီးထဲမှာ ပြိတ္တာတွေ ဖြစ်လာကြတာပါဘုရား"

ကြားရချက်က မသက်သာလှသလို၊ မြင်တွေ့နေရသည့် မြင်ကွင်းကလည်း တစ်ကွက်ကလေးမျှ စိတ်ချမ်းသာဖွယ်မရှိ။

လူ့ဘဝ အတိတ်ကာလတုန်းဆီက မည်သို့သောဒုစရိုက်များ ကျူးလွန်ခဲ့ကြပါသနည်း။

* * *

သာဝတ္ထိမြို့အနီးရှိ ရွာငယ်ကလေးတစ်ရွာ။

သည်ရွာငယ်ကလေးမှာတော့ မိသားစုတစ်စုရှိသည်။ အိမ်ရှင်ဇနီးမောင်နှံနှင့် သားချွေးမ လေးဦးသာ ဖြစ်ကြ၏။ သည်မိသားစုလေးဦး၌ တစ်ဦးချင်းစီမှာပင် အကျင့်စရိုက်တွေက တစ်မျိုးတစ်ဖုံ... ။

အိမ်ထောင်ဦးစီး လင်ယောကျ်ားဖြစ်သူက ကောက်ကျစ်စဉ်းလဲမှုဖြင့် စီးပွားရှာဖွေသော စပါးကုန်သည်ဖြစ်၏။



သူသည် ဝယ်ယူသိုလှောင်ထားသောစပါးတို့ကို ဖွဲများနှင့် ရောနှော၏။ စပါးမှော်၊ စပါးဖျင်းတို့ကို အချိန်စီးစေရန်အတွက် မြေနီမှုန့်တို့ကို ညက်အောင်စီမံလျက် စပါးကောင်းများနှင့် သမအောင်မွှေလေ၏။ ထိုသို့ ရောမွှေလိုက်သည့်အခါ စပါးတို့သည် တိုးပွားလာလေ၏။ ဤသည်ကား သူ၏ စီးပွားရေး၊ ကြီးပွားရေး လုပ်ရပ်ပင် ဖြစ်ချေ၏။

မယားဖြစ်သူကမူ တစ်မျိုးတစ်ဘာသာ။

လက်ပွန်းတတီး အိမ်နီးနားချင်း ရင်းနှီးသူတို့က တစ်စုံတစ်ရာကို တောင်းရမ်းလျှင် သူ့မှာရှိလည်းရှိပါလျက် ပေးမည်ဆိုလည်း ပေးနိုင်ပါလျက်... 'မရှိဘူး' ဟူ၍သာ မုသားသုံး ပြောဆိုလွှတ်လေ၏။ အကယ်၍ တစ်စုံတစ်ယောက်ဟာ အတင်းကာရော မရမကတွယ်ကပ်၍ တောင်းခံလာပါက ယုံကြည်အောင် ကျိန်ဆိုပြောလေ့ရှိစမြဲ။

"ဟော့... ဒီမှာ မယ်မင်းကြီးမ၊ညည်းမရမက တောင်းနေတဲ့ ပစ္စည်းဟာ ငါ့ဆီမှာ ရှိနေပါလျက်နဲ့ မရှိဘူးလို့ လိမ်ပြောခဲ့ရင်... ဖြစ်လေရာဘဝတိုင်း, ဘဝတိုင်းမှာ ပိုးလောက်တဖွားဖွားတွေ အုံဖွဲ့နေတဲ့ မစင်ကို စားရသူဖြစ်ပါစေအေ၊ ကဲ... ကျေနပ်ပလား"

သည်သို့သည်ပုံ လိမ်ညာမုသားသုံးလျက် ကျိန်ဆိုလေ့ရှိသည်ကား မယားဖြစ်သူ၏ အရင်းခံသဘာဝ။

သည်လိုမျိုး မိဘနှစ်ပါးမှ ဖြစ်တည်ပေါက်ဖွားလာသည့် သားကျပြန်တော့ အပျော်ကိစ္စများ၌ အလွန်အကြူးသောက်

www.burmeseclassic.com

www.burmeseclassic.com



သောက်စားစား လူမင်းသားအသွင်ဖြင့် အပေါင်းအသင်းတွေမှာလည်း တရှန်းရှန်း။ ပြီးတော့... သည် သောက်သောက်စားစား အပေါင်းအသင်းတွေကို အိမ်သို့ ခေါ်လာသည်။ ထိုအခါ မိခင်က ဖာသိဖာသာနေသည့်အတွက် အပေါင်းအသင်းများ ပြန်သွားကြသည်ရှိသော်–

"အမေ... ခင်ဗျားကြီး ဘာအချိုး ချိုးတာလဲ"

"အမေ ဘာလုပ်လို့လဲ သားရယ်..."

"ဘာ... ဘာလုပ်လို့လဲ... ဟုတ်လား။ ကျုပ်အပေါင်းအသင်းတွေက ကျုပ်ကိုခင်လို့ လိုက်လာတာဗျ။ ဒါကို ခင်ဗျား ကြီးက မသိလိုက်၊ မသိဖာသာနေပြီး ဥပေက္ခာပြုထားတာ၊ ကျုပ် မကျေနပ်ဘူးဗျာ... တောက်"

ထိုသို့ နင်ပဲငဆပြောဆိုရင်း လှည်းထမ်းကိုချွတ်ကာ မိခင်ကို နှက်၏။ ထိုမျှနှင့် အားရကျေနပ်ခြင်းမရှိသေး။ နွားချည်ကြိုးကို ဆွဲယူလာကာ ရိုက်ပြန်၏။

"အောင်မလေး... သေပါပြီတော့"

"သေဗျာ...သေ...သေစမ်း၊ ခင်ဗျားကြီးကို သေအောင် ရိုက်မယ်"

သည်သို့သည်ပုံ ယမကာခပ်ထွေထွေနှင့် မိခင်အား ကြမ်းတမ်းစွာပြောဆိုလျက် ထုထောင်းရိုက်နှက်တတ်သည်မှာ သားဆိုး သားမိုက်၏ ဓလေ့စရိုက်ဆိုလျှင် မမှား။

သည်အထဲမှာ ချွေးမဖြစ်သူ၏ အမူအကျင့် စရိုက်လက္ခဏာက တစ်မျိုးတစ်ဖုံ။



မိသားစုလေးယောက်စာအတွက် အမဲ သားငါးတို့ကို ချက်ပြုတ်ထားပြီဆိုလျှင် အိမ်သားများ အလစ်အငိုက်၌ ခိုးဝှက်စားသောက်လေ့ရှိ၏။ သည့်အတွက် နေ့အဖို့ရာ၌ စားသောက်၍ လောက်ငပါသော်လည်း ညစာ စားကြသောအခါတွင်မူ ဟင်းမှာ မလောက်မငှ ဖြစ်ရသည်။

"ဟဲ့...သမီး၊ ဟင်းတွေက ကုန်ပြီလား။ မနက်တုန်းက ချက်ထားတာ တစ်အိုးကြီးပဲကွယ်"

သည်သို့ ယောက္ခမဖြစ်သူက စကားဆိုလာလျှင် ကက်ကက်လန်မျှ နှုတ်လှန်ထိုးလေတော့၏။

"ဒီမယ်... အဘွားကြီး၊ ဟင်းတွေက တစ်အိုးကြီး ချက်ထားပေမဲ့ မလောက်မငှဘူး လို့ဆိုတော့... ကျုပ်ကို ဟင်းခိုးစားတယ်လို့ စွပ်စွဲတာပေါ့လေ...ဒီမယ်မှတ်ထားလိုက်၊ ဟင်းတွေကို ဦးဦးဖျားဖျား ခိုးဝှက်မစားဘူးဆိုတာကို ကျုပ် ကျိန်တွယ်ပြီး ပြောလိုက်မယ်"

သည်သို့သည်နှယ် ကက်ကက်လန်မျှ ခွန်းတုံ့ပြန်ပြီးသည့်နောက်–

"ကျွန်တော်မျိုးမသည် အကယ်၍ ချက်ပြုတ်ထားသော အမဲသားငါးဟင်းလျာတို့ကို ဦးဦးဖျားဖျား ခိုးဝှက်စားသောက် မိသည်ဆိုပါက ဖြစ်လေရာရာ ဘဝဆက်တိုင်း ဘဝဆက်တိုင်းတို့၌ ကျွန်တော်မျိုးမ၏ ကျောကုန်းသားကို ကျွန်တော်မျိုးမ ကိုယ်တိုင် လက်သည်းနှင့် ကုပ်ခြစ်ကာ ထုတ်လို့ဖြတ်ကာ စားသောက်နေရသူ ဖြစ်ပါစေသား"

ဟူ၍ ရဲဝံ့စွာ ကျိန်တွယ်ပြောဆိုပါချေ၏။

www.burmeseclassic.com

www.burmeseclassic.com



သည်လိုမျိုး မိသားစုဝင်လေးဦး၏ အမူအကျင့် စရိုက်လက္ခဏာတို့ကား ဘဝတစ်ခုကို အနားသတ်နိဂုံးချုပ်သည့်တိုင်အောင် ပြောင်းလဲပြုပြင်မသွားသည့်အတွက် လာခြင်းမည်မျှပင်ကောင်းကောင်း... ပြန်ခြင်း၏ အကျိုးဆက်မှာမူ ပြိတ္တာဘုံမှလွဲ၍ အခြားမရှိတော့။

သည်ဟော့ အကုသိုလ်အကျိုးဆက်၊ မုသား၏ ရလဒ်၊ ကံကြီး ထိုက်သူ၏သရုပ်လက္ခဏာ၊ လိမ်လည်လှည့်ဖျားခြင်း၏ လားရာတွေက ရှင်မောဂ္ဂလာန်မထေရ်မြတ်ကြီး၏ မျက်မှောက်၌ စိတ်မသတီစရာ မျက်ဝါးထင်ထင်။

ကောက်ကျစ်စဉ်းလဲသော အိမ်ရှင်ယောကျ်ား စပါးကုန်သည်ခမျာ မီးနှင့်ရဲရဲ အလျှံတပြောင်ပြောင် တောက်လောင်လျက်ရှိသော စပါးမှော်၊ ဖွဲမှော်များကို လက်နှစ်ဖက်ဖြင့် သိမ်းကြုံးဆုပ်ကိုင်၍ မိမိ၏ ဦးခေါင်းပေါ်သို့ ကြဲပက်ချရင်း ဆင်းရဲကြီးစွာ အော်ဟစ်နေရ၏။ ထို့အတူ ချွေးမဖြစ်သူမှာလည်း မိမိပြုခဲ့သော အကုသိုလ်၏ အကျိုးဆက်အရ မာကျောချွန်ထက်သော သံလက်သည်းရှည်ကြီးများပေါက်လာလျက် မိမိ၏ကျောကုန်းသားတို့အား သံလက်သည်းရှည်ကြီးများဖြင့် ထိုးကော်လှီးဖြတ်၍ စားသောက်နေရသော ပြိတ္တာမဖြစ်လာရချေ၏။

အလားတူမှာပင် မိခင်ကို ရိုက်ပုတ်ထုထောင်းသော သားဆိုး သားမိုက်ဆိုလျှင်လည်း မိမိ၏ဦးခေါင်းကို မိမိကိုယ်တိုင်သံတင်းပုတ်ကြီးဖြင့် ထုထောင်းရိုက်ပုတ်ကာ ဆင်းရဲကြီးစွာအော်ဟစ်နေရသည့် ပြိတ္တာအဖြစ် ရောက်ရှိနေလေ၏။ ထိုကဲ့သို့



ပင် ကုန်သည်ယောကျ်ား၏ မယားမှာလည်း အလွန်မွှေးကြိုင်လျက် အရသာရှိသော စားကောင်းသောက်ဖွယ်ရာများ သူမ၏ရှေ့သို့ ရောက်လာသည်နှင့်တစ်ပြိုင်နက် အဆိုပါစားကောင်းသောက်ဖွယ်ရာများသည် ပိုးလောက်လန်းတဖွားဖွားနှင့် မစင်များဖြစ်သွားကြလေ၏။ ဤတွင် ထိုပြိတ္တာမလည်း မစင်တို့ကိုအားပါးတရ နယ်ဖတ်စားသောက်နေရလေတော့တကား။

* * *

လူနတ်၊ ဗြဟ္မာ... သတ္တဝါအသီးသီး၏ ပူဇော်အထူးကိုခံယူတော်မူသည့် ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ စမ္မာယ်သီတင်းသုံးနေလေ၏။

ဤတွင် ရှင်မောဂ္ဂလာန်လည်း ဘုရားရှင်ထံမှောက် ရောက်ရှိသွားခဲ့ပြီး ရှိခိုးဦးချလျက်–

"အရှင်ဘုရား... တပည့်တော်သည် ဝိဠုာဌဝိအမည်ရှိတောအုပ်ကြီးသို့ ရောက်သွားခဲ့ရာ တောင်မင်းကို မြောက်မင်းမကယ်နိုင်သည့်အလား တစ်ယောက်ဒုက္ခကို တစ်ယောက်ကမြင်နေရပါသော်လည်း မကူနိုင် မကယ်နိုင် ဒုက္ခကိုယ်စီ ခံစားနေကြရသော ပြိတ္တာမိသားစုကို မြင်တွေ့ခဲ့ရပါသည်ဘုရား"

ဟူ၍ တင်လျှောက်လေ၏။ ဤတွင် မြတ်စွာဘုရားရှင်လည်း ထိုပြိတ္တာမိသားစု၏အကြောင်းကို အခြေပြု၍ ရောက်ရှိလာသော ရဟန်းရှင်လူပရိသတ်အပေါင်းအား ထိုပြိတ္တာမိသားစု

www.burmeseclassic.com

www.burmeseclassic.com



ကဲ့သို့ မဖြစ်စေရန် တရားဓမ္မတို့ကို ဟောကြားလေသည်ရှိသော် တရားနာပရိသတ်အပေါင်းတို့လည်း သတိသံဝေဂ ရကြကုန်သတည်း။

**ကျမ်းကိုး**

**– ပေတဝတ္ထု အဋ္ဌကထာ၊ စူဠဝဂ်။**

# ဒေဝတော်မျိုးတော် ပြိတ္တာများ



www.burmeseclassic.com

www.burmeseclassic.com

## ၄

## ဆွေတော် မျိုးတော် ပြိတ္တာများ

ပြိတ္တာအပေါင်းတို့ ပျော်မြူးနေကြပါချေပြီ။

မပျော်မြူးဘဲကော နေကြပါမည်လား။

သူတို့အဖို့ ဗိမ္ဗိသာရမင်းကြီး၏ အမျှဝေသံသည် လွန်စွာမှ လိုလားတောင့်တလျက်ရှိသော မျှော်လင့်ချက်ဖြစ်ချေ၏။

"ထိုမင်းကြီးဟာ ဘုရားရှင်အမှူးရှိတဲ့ သံဃာတော်အရှင် သူမြတ်တွေကို နန်းတော်ထဲပင့်ဆောင်လို့ ဆွမ်းလုပ်ကျွေးမယ်ဆိုပဲ"

"ဒါဆို… မင်းကြီးဟာ ငါတို့ကို အမျှပေးဝေလိမ့်မှာ အမှန်ပဲပေါ့"

"အဲဒီကျရင်တော့ တို့တွေ ခံစားနေရတဲ့ ပြိတ္တာဘဝက ကျွတ်လွတ်ပြီပေါ့လေ… သိပ်ကို ဝမ်းသာစရာ သတင်းထူးပဲ"

သို့ဖြင့် ပြိတ္တာအားလုံးသည် ပျော်ခွင့်ရက်အား မျှော်လင့်ချက်အပြည့်ဖြင့် စောင့်စားနေခဲ့ပါချေ၏။



သို့သော်… အရာရာတိုင်းသည် မျှော်လင့်ထားသလို ဖြစ်မလာခဲ့။

ဗိမ္ဗိသာရမင်းကြီးကား ဘုရားရှင်အမှူးရှိသော သံဃာတော်အရှင်သူမြတ်အား လုပ်ကျွေးခဲ့ရပါ၏။ ဆွမ်းအလှူပွဲကြီးကျင်းပနေစဉ် ကာလတစ်လျှောက် မင်းကြီး၏ စိတ်အာရုံ၌ လွှမ်းခြုံရစ်ပတ်ဖွဲ့နှောင်နေသည်ကား ဘုရားရှင်သီတင်းသုံးတော်မူရန် ကျောင်းဆောက်လုပ်မည့်နေရာကိစ္စပင် ဖြစ်ချေ၏။

သည့်အတွက် ဆွမ်းအလှူပွဲကြီးသာ ပြီးမြောက်သွားခဲ့၏။ ဆွမ်းအလှူဒါနကို တစ်စုံတစ်ဦးအား ရည်စူးလျက် အမျှဝေပေးခြင်းကို မပြုလုပ်မိခဲ့။

သို့ဖြစ်၍လည်း ပြိတ္တာအပေါင်း၏မျှော်လင့်ချက်တို့မှာ ပြာဖြစ်ကွယ်ပျောက်သွားရလေသည်တကား။

* * *

အချိန်ကား အကာလညအခါ ဖြစ်၏။

ဗိမ္ဗိသာရမင်းကြီးသည် သာလွန်ညောင်စောင်းထက်၌ လဲလျောင်းလျက် အိပ်စက်ရန်ကြိုးစားနေပါ၏။ သို့ရာတွင် မပျော်တစ်ချက် ပျော်တစ်ချက်နှင့်။

ထိုစဉ်မှာပင် ရူးဝါးကျယ်လောင်၍ ထိတ်လန့်တုန်လှုပ်ဖွယ်ကောင်းလှသော အသံနက်ကြီးကို ကြားလိုက်ရာ မင်းကြီးလည်း ထိတ်လန့်တုန်လှုပ်သွားခဲ့၏။ တစ်သက်နှင့်တစ်ခါ ဤသို့မကြားရဖူးသော အသံနက်ကြီးကို ကြားလိုက်ရသည့်အတွက်

www.burmeseclassic.com

www.burmeseclassic.com



ဆက်၍ စက်တော်ခေါ်မည့်အရေး မတွေးဝံ့အောင် ဖြစ်နေရှာလေ၏။

"ဘုရား… ဘုရား၊ အင်မတန်မှ ကြောက်မက်ဖွယ်ရာကောင်းလှတဲ့ အသံဆိုးကြီးပါကလား။ သည်အသံဆိုးကြီးဟာ ငါ့ကို ဘယ်လိုများ မကောင်းကျိုးပေးမလဲ မသိဘူး"

ထိုသို့ ဇောချွေးများ တဖြိုင်ဖြိုင်ကျနေသည့်ကြားမှ တွေးရင်းတောရင်း အရုဏ်ကျင်း၍ လင်းရောင်ခြည်များပင် ဖြာကျယက်သန်းလာခဲ့ပေပြီကော။

"မဖြစ်ဘူး…မဖြစ်ဘူး။ သည့်အကြောင်း သည်ကိစ္စကို ဘုရားရှင်ဆီ သွားရောက်လျှောက်ထား မေးမြန်းမှဖြစ်မယ်"

သည်ဆုံးဖြတ်ချက်အတိုင်းပင် ပတ်ဝန်းကျင်တစ်ခွင်လုံး လင်းလင်းချင်းချင်းရှိသည်နှင့် တစ်ပြိုင်နက် မင်းကြီးလည်း အဆောတလျင် ဘုရားရှင် သီတင်းသုံးတော်မူရာ ကျောင်းတော်သို့ သွားလေတော့၏။ ကျောင်းတော်သို့ရောက်လျှင်လည်း ဘုရားရှင်အား ဝတ်ဖြည့်တော်မူ၍ တုန်ယင်လိုက်လှဲသောအသံဖြင့် လျှောက်ထားလေတော့၏။

"အရှင်ဘုရား… ညအခါ တပည့်တော် စက်တော်ခေါ်နေသည့်အခိုက် ကြောက်မက်ဖွယ်ကောင်းလှသည့် အသံဆိုးကြီးကို ကြားလိုက်ရပါ၏။ ထိုအသံဆိုးကြီးကြောင့် မကောင်းသော နိမိတ်ဆိုးဟု ထင်မှတ်ကာ ထိတ်လန့်တုန်လှုပ်နေရပါ၏။ သည့်အတွက် မည်ကဲ့သို့ ဖြစ်လာလိမ့်မည်ဆိုသည်ကို မိန့်ကြားတော်မူပါဘုရား"



မင်းကြီး၏အသွင်အပြင်က ထိတ်လန့်တုန်လှုပ်မှုဖြင့် ပူလောင်ပြင်းပြနေသလောက် ဘုရားရှင်၏ အသွင်အပြင်ကမူ ရင့်ကျက်တည်ငြိမ်သော ဣန္ဒြေတော်ဖြင့် ငြိမ်းအေးချမ်းမြနေလေ၏။

"အရှင်မင်းကြီး… ထိုအသံကို ကြားရသည့်အတွက် ထိတ်လန့်တုန်လှုပ်ခြင်း မဖြစ်ပါနှင့်။ ထိုအသံကြီးကို ကြားရခြင်းဖြင့် သင်မင်းကြီးအား မည်သို့မျှ မကောင်းကျိုးပေးလိမ့်မည်မဟုတ်။ ထိုအသံဆိုးကြီးသည်ကား သင်မင်းကြီးနှင့် တော်စပ်သော ဆွေမျိုးတို့၏အသံများသာ ဖြစ်ပေ၏"

"အရှင်ဘုရား… ထိုအသံဆိုးကြီးများသည် တပည့်တော်၏ ဆွေမျိုးများအသံ ဟုတ်ပါသလား"

"ဟုတ်မှန်ပေသည်မင်းကြီး… ဤအသံပိုင်ရှင်တို့ကား ရှေးဘဝဟောင်းဖြစ်သော ဖုဿဘုရားရှင်လက်ထက်၌ သင်နှင့် အမျိုးတော်စပ်ခဲ့သော ဆွေမျိုးများ ဖြစ်ကြကုန်၏။ ထိုဆွေမျိုးများသည် ယခုအခါ ပြိတ္တာဘဝသို့ ရောက်ရှိနေကြကုန်၏"

ဘုရားရှင်ထံမှ မျှော်လင့်မထားသော စကားသံကြောင့် ဗိမ္ဗိသာရမင်းကြီးခမျာ ပါးစပ်အဟောင်းသား ဖြစ်သွားရလေ၏။

"အရှင်ဘုရား…အဆိုပါ တပည့်တော်၏ ဆွေတော်မျိုးတော်တို့သည် အဘယ်ကြောင့် ပြိတ္တာဘဝသို့ ရောက်ရှိနေကြပါသနည်း"

www.burmeseclassic.com

www.burmeseclassic.com



"အရှင်မင်းကြီး... သင်၏ဆွေတော်မျိုးတော်တို့သည် ဖုဿဘုရားရှင်လက်ထက်က သံဃိကပစ္စည်းကို အလွဲသုံးစားပြုခဲ့ကြ၏။ သံဃာတော်များကို ကပ်လှူရန် ချက်ပြုတ်ထားသော ဆွမ်းခဲဘွယ်ဘောဇဉ်တို့အား စားဦးစားဖျားယူငင် စားသောက်ခဲ့ကြ၏။ ထိုသို့သော မကောင်းမှုဒုစရိုက်များကြောင့် ပြိတ္တာဘဝသို့ သက်ဆင်းရောက်ရှိခဲ့ကြ၏။ သင့်ဆွေတော်မျိုးတော် ပြိတ္တာတို့သည် ဘုရားနှစ်ဆူတို့၏ ကြား ကာလပတ်လုံး သင်မင်းကြီးကိုသာလျှင် တောင့်တနေကြကုန်၏"

"အဘယ်ကြောင့် တပည့်တော်ကိုသာလျှင် တောင့်တနေကြပါသနည်း အရှင်ဘုရား"

"အရှင်မင်းကြီး...သူတို့သည် အရှင်မင်းကြီးအလှူပေးပြီးသောအခါ အမျှပေးဝေလိမ့်မည်ဟု မှတ်ယူမျှော်လင့်ခဲ့ကြ၏။ ယမန်နေ့က သင်မင်းကြီးသည် ငါဘုရားရှင်အမှူးရှိသော ရဟန်းသံဃာတို့အား အလှူပေးခဲ့၏။ ထိုအခါ အမျှရကြတော့မည်ဟု အားထားမျှော်လင့်ခဲ့ကြ၏။ သို့ရာတွင် အသင်မင်းကြီးသည် အမျှပေးဝေခြင်း မပြုလေသည့်အတွက် အားပျက်ဆုတ်ယုတ်ကာ စိတ်ဓာတ်အကြီးအကျယ်ကျသွားကြကုန်၏။ ထိုကြောင့်ပင် သူတို့၏ ခံစားချက်ကို သင်မင်းကြီးသိစေရန် ကြောက်မက်ဖွယ်ရာ အသံဆိုးကြီးဖြင့် ဟစ်အော်လျက် သတိပေးလိုက်ခြင်း ဖြစ်ပေ၏"

မင်းကြီးအဖို့ သဗ္ဗညုတရွှေဉာဏ်တော်ထံမှ တိကျသေချာ



သော အဖြေစကားကို ကြားလိုက်ရသည့်အခါ တွေတွေကလေးဖြစ်သွားရတော့သည်။

"အရှင်ဘုရား...အခုနေအခါ တပည့်တော်အဖို့ ဆွမ်းအလှူပေးပြီး အမျှဝေပါက ဆွေတော်မျိုးတော်ပြိတ္တာတို့ အမျှ ရကြပါမည်လားအရှင်ဘုရား"

"ရနိုင်ပေသည် မင်းကြီး"

"အရှင်ဘုရား... ဤသို့ရမည်ဆိုပါက အရှင်ဘုရားအမှူးရှိသော သံဃာတော်များအား တပည့်တော်ပင့်ဖိတ်ပါ၏။ ယနေ့ပင်လျှင် တပည့်တော်၏ နန်းတော်သို့ ဆွမ်းအလှူကြွတော်မူပါ အရှင်ဘုရား"

"ကောင်းပေပြီ မင်းကြီး... ကောင်းပေပြီ"

ကျောင်းတော်မှ အပြန်လမ်းတစ်လျှောက် ဗိမ္ဗိသာရမင်းကြီး၏ တုန်လှုပ်နေခဲ့သော စိတ်အာရုံတို့သည် လှိုင်းဂယက်ကလေးမျှပင် မထလောက်အောင် ငြိမ်သက်တည်ငြိမ် သွားခဲ့လေပြီတကား။

* * *

မင်းကြီး၏ နန်းတော်တွင်းမှာတော့ သင်္ကန်းရောင်တို့သည် ဝါဝါရည်ရွှင်လျက် ကြည်ကြည်လင်လင် ရှိနေကြချေ၏။ ဘုရားရှင်အမှူးရှိသော သံဃာတော်အရှင်သူမြတ်အပေါင်းတို့လည်း စုံလင်စွာရောက်ရှိ သီတင်းသုံးနေကြပေပြီ။

ထိုကာလမှာပင် မင်းကြီး၏ ဆွေတော်မျိုးတော်များဖြစ်ကြသည့် ပြိတ္တာအပေါင်းတို့လည်း-

www.burmeseclassic.com

www.burmeseclassic.com



"အဆွေတို့...မင်းကြီးရဲ့ သည်ဆွမ်းကျွေးအလှူမှာဖြင့်
ငါတို့အားလုံး အမျှကိုယ်စီရကြလိမ့်မယ်ထင်ပါရဲ့"

ဟူ၍ မျှော်လင့်ခိုးတို့ ဝေ့ဝေ့ဝဲဝဲဖြင့် နန်းတော်နံရံတံခါး၏ အပြင်ဘက်အရပ်၌ အစုလိုက်အပြုံလိုက် ရောက်ရှိနေကြလေ၏။

ထိုအခိုက်မှာပင် ဘုရားရှင်သည် မင်းကြီးထင်သာမြင်သာ စေရန်အတွက် တန်ခိုးတော် ဖြန့်ကြက်လိုက်ပေရာ မင်းကြီးလည်း ဆွေတော်မျိုးတော်ပြိတ္တာအပေါင်းအား အံ့အားသင့်ခြင်း ကြီးစွာဖြင့် တွေ့မြင်လိုက်လေ၏။ မင်းကြီးအဖို့ ဆွေမျိုးဟောင်း ပြိတ္တာအပေါင်း၏စားရမဲ့၊ ဝတ်ရမဲ့၊ ဘဝဆိုးကို တပ်အပ်သေချာ နီးကပ်စွာ တွေ့မြင်လိုက်ပေရာ လွန်စွာမှ ကရုဏာသက်မိလေတော့၏။

"မင်းကြီး... ရေစက်ချဖို့ အသင့်ဖြစ်ပြီလား"

"တင်ပါ့... ဘုရား"

မင်းကြီးလည်း ဘုရားရှင်၏ ရှေ့တော်မှောက်မှာပင် အသင့်စီစဉ်ထားသော ရေစက်ခွက်ကို ကမ်းလင့်ယူငင်လိုက်ချေ၏။ သည်မြင်ကွင်းကို စူးစိုက်ကြည့်နေကြသူများကား ဆွေတော်မျိုးတော်ဟောင်း ပြိတ္တာအပေါင်းမှလွဲ၍ အဘယ်သူတို့ ဖြစ်နိုင်ပါအံ့နည်း။

ဘုရားရှင်လည်း ရေစက်ချအနုမောဒနာတရားကို ချီးမြှင့်တော်မူနေပေပြီ။ လွင်စာကြည်မြသော တရားသံနှင့်အတူ ရွှေကရားမှရေစင်တို့သည် ရွှေပန်းကန်အတွင်းသို့ တစက်စက် ကျလျက်ရှိပေ၏။ တရားတော်ပြီးဆုံးသည်ရှိသော်-



"ဤကောင်းမှု အဖို့ဘာဂသည် ဆွေတော်မျိုးတော်အပေါင်းတို့အတွက်လည်း အမျှရကြပါစေသတည်း"

မင်းကြီး၏အမျှဝေသံအဆုံးမှာတော့ ဆွေတော်မျိုးတော်ဟောင်း ပြိတ္တာအပေါင်းတို့လည်း လိုက်လိုက်လှဲလှဲပင် သာဓုခေါ်ကြလေတော့၏။ သည်ခဏမှာပင် စားရမဲ့၊ ဝတ်ရမဲ့ ဖြစ်ခဲ့ကြသည့် ပြိတ္တာတို့အဖို့-

ကြာမျိုးငါးပါးနှင့်ပြည့်စုံသည့် လေးထောင့်ရေကန်ကြီးတို့ ဖြစ်လာကြ၏။ ထိုရေကန်ကြီးမှ ကြည်လင်အေးမြသော ရေတို့အား သောက်သုံးကြလေသောအခါ အားအင်ကုန်ခန်း ပင်ပန်းခြင်းတို့ လွင့်ပျောက်လျက် နှလုံးစိတ်ဝမ်းတို့ ချမ်းမြေ့လာကြ၏။ ကြုံလှီသွေ့ခြောက်လျက် ပြာနှမ်းနေမှုများ လွင့်စင်ကာ အားအင်တို့ ပြည့်ဖြိုးပြီး ရွှေအဆင်းကဲ့သို့ ဝင်းဝင်းပပ ဖြစ်လာချေ၏။ မင်းကြီးမှ ခဲဘွယ်ဘောဇဉ်တို့အား လှူတန်း၍ အမျှပေးဝေသောအခါ အလျှံပယ် ရရှိလာကြကုန်၏။ မင်းကြီးမှ သင်္ကန်းလျာတို့အား လှူဒါန်း၍ အမျှပေးဝေသောအခါ သာဓုခေါ်ကြကုန်သော ပြိတ္တာအပေါင်းလည်း နတ်၌ဖြစ်သော အဝတ်ပုဆိုးတို့ အလျှံပယ်ရရှိလာကြကုန်၏။

ထိုကဲ့သို့ မင်းကြီးမှ ရည်ညွှန်း၍ပေးဝေသော အမျှကို ရရှိကြသည့်အတွက် ပြိတ္တာတို့အဖို့ အဆင်းလှပခြင်း၊ ခွန်အားကြီးခြင်း၊ နတ်၌ဖြစ်သော အစားအစာ၊ အဝတ်အစားတို့ ရရှိကြကုန်သည့်အဖြစ်ကို မင်းကြီးမြင်ရလေအောင် ဘုရားရှင်မှတန်ခိုးတော်ဖြင့် ဖန်ဆင်းပြတော်မူလေ၏။ မင်းကြီးလည်း ထိုသို့သော

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်တို့ကို တွေ့မြင်ရသည်ရှိသော် ဝမ်းမြောက်ရွှင်လန်း အား ရခြင်းတို့ ဖြစ်ရလေသတည်း။

**ကျမ်းကိုး**

**– တီရောကုဋ္ဋပေတ ဝတ္ထု။**

## ရက္ခစိုးနှင့် ဆုံခဲ့သည်



www.burmeseclassic.com

www.burmeseclassic.com

၃

## ရက္ခစိုးနှင့် ဆုံခဲ့သည်

ရာဇဂြိုဟ်ပြည်တွင်းမှာတော့ ဥစ္စာအသွယ်သွယ် ကုဋေကြွယ်ကြကုန်သော သူဌေးများစွာရှိကြသည့်အနက် ရှေ့ဆုံးတန်းမှာရှိနေသည်က မဟာဓနသေဋ္ဌ သူဌေးလင်မယားပင် ဖြစ်ကြပါချေ၏။ နာမည်နှင့်လိုက်လျောညီထွေလှစွာ အဖက်ဖက်မှ ပြည့်စုံကြွယ်ဝချမ်းသာကြကုန်၏။

သို့ရာတွင် ဥစ္စာဓနေ ပြည့်စုံကြွယ်ဝချမ်းသာသလောက် သားသမီးရတနာ မရရှိခြင်းကမူ ကြီးမားသော လိုအပ်ချက်ကြီး တစ်ခုပင် ဖြစ်ချေ၏။ သည့်အတွက် သားသမီးရတနာထွန်းကားလာစေရန် အလှူဒါနပြုကြ၏။ ဥပုသ်သီလ စောင့်ထိန်းကြ၏။ ဤသို့ အလှူဒါနပြုပြီးလေတိုင်း–

"ဤကောင်းမှုကုသိုလ်အဖို့ဘာဂကြောင့် သားသမီးရတနာ ထွန်းကားပါစေသတည်း"

ဟူ၍ ဆုတောင်းလေ့ရှိစမြဲ။ အခြားအခြားသော ကိုယ်စီကိုယ်ငှ ရင်သွေးကလေးများကို ယုယပိုက်ထွေးနေလေတိုင်း



တောင့်တစိတ်တွေက ဆည်းမနိုင်၊ တားမရ ဖြစ်နေကြတော့သည်။

တစ်နေ့မှာတော့... သူတို့ဇနီးမောင်နှံအပေါ် ကံကြမ္မာက မျက်နှာသာပေးလာခဲ့လေ၏။ အကြောင်းမူကား သားရတနာ တစ်ယောက် ဖွားမြင်လာခဲ့ခြင်းကြောင့်ပင်။

အသက်ကြီးမှ ကံပေါ်ရလေသည့်အဖြစ်။

သည်တော့လည်း မိဘမေတ္တာ ရေသီတာတို့သည် စီးဖြာသွန်သွန် ရေတံခွန်နှင့်မခြား။ သားကလေးအား ငုံထားမတတ် ချစ်၏။ ဆံတစ်ပင်လေမဟာပ်ရလေအောင် မျက်စိအောက်က အပျောက်မခံ။

သည်လိုနှင့်ပင် နေ့ရက်များစွာ ကာလတာတွေ ကြာညောင်းခဲ့သည်။ ရင်နှစ်သည်းချာ သားကလေးပင် လေးငါးနှစ်သား အရွယ်ပင် ရောက်ရှိလာခဲ့ပေပြီကော။

"ရှင်မရေ...ဒီကိုလာပါဦးကွယ်"

မဟာနန္ဒာသူဌေးကြီးက ရင်သွေးငယ်ကို ပွေ့ပိုက်ချော့မြူရင်းမှ သူဌေးကတော်ကို အပါးသို့ခေါ်လိုက်သည်။

"ဘာပြောမလို့လဲ မောင်ကြီး"

"အင်း...ကိစ္စကတော့ အခြားမဟုတ်ပေဘူး။ တို့များ သားကလေးရဲ့ ကိစ္စကို ပြောမလို့ပါ"

"ဟင်..ဘယ်လို ကျွန်မတို့ သားကလေးရဲ့ကိစ္စ၊ ဟုတ်လား... ဘာများပါလိမ့် မောင်ကြီးရယ်"

www.burmeseclassic.com

www.burmeseclassic.com



"အင်း...အကြောင်းရင်းကတော့ တို့များရဲ့သားကလေးဟာ ပညာသင်ကြားရမယ့်အရွယ်ရောက်လာလို့ ရှင်မနဲ့တိုင်ပင် ရအောင်ပါ"

"ပြောပါ မောင်ကြီး"

"အေး...ရှင်မလည်း ကြားဖူးနားဝရှိမှာပဲ။ လူရယ်လို့ ဖြစ်လာရင် နှုတ်မှု၊ လက်မှု တစ်ခုမဟုတ် တစ်ခုတော့ တတ်ထားရမယ်။ အသက်မွေးဝမ်းကျောင်းမှု ပညာရှိထားရမယ်ဆိုတာလေကွယ်"

"ဟုတ်တယ်လေ...မောင်ကြီးရဲ့၊ အတတ်ပညာဆိုတာ မရှိမဖြစ်ဘဲ ဥစ္စာ။ ကျွန်မတို့သားကလေးလည်း အသက်မွေးဝမ်းကျောင်းအတတ်ကို တတ်မြောက်ထားဖို့ လိုပေသပေါ့"

"မှန်တယ်...ရှင်မ။ ဒါပေမဲ့ကွယ်... အတတ်ပညာဆိုတာ ငွေကြေးဥစ္စာချို့တဲ့သူတွေအတွက် အရေးပါပေမဲ့ တို့များဟာ သာမန်အနုညာတမှ မဟုတ်တာပဲ။ ဟောဒီရာဇဂြိုဟ်မှာ တကယ့်ကို ဒိတ်ဒိတ်ကြဲသူဌေးပဲ မဟုတ်လား။ တို့များပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာငွေကြေးဆိုတာဟာ သားရဲ့ပစ္စည်းတွေပဲ ဖြစ်တယ်။ တို့သားကလေးအနေနဲ့ လက်မွေးမီးမလောင်၊ ခြေမွေး မီးမလောင်၊ တစ်နေ့ တစ်နေ့ကို တစ်ထောင်ကျ တစ်ထောင်ကျစီ အနှစ်တစ်ရာပတ်လုံးထိ သုံးသွားပါစေဦး...ကုန်ခန်းလို့ မသွားနိုင်ပါဘူးရှင်မရယ်"

"ဟုတ်ပါတယ် ...ဒီတော့ မောင်ကြီးက ဘယ်လို စီစဉ်ချင်တာတုံး"



"အင်း...မောင်ကြီးရဲ့သဘောကတော့ သားကလေးရဲ့ တစ်သက်မှာ ဘာမျှ ပူပင်စရာမရှိတာရယ်၊ သားကလေးကို ကျောင်းမှာသွားထားရင် မျက်စိအောက်က တဒင်္ဂခဏတာ ပျောက် သွားမှာစိုးလို့ရယ်၊ နောက် ပညာသင်တယ်ဆိုတာ ဦးနှောက်ကို အလုပ်ပေးရတဲ့ကိစ္စ။ သည်တော့ သားကလေး ပင်ပန်းမှာ စိုးတာရယ်၊ အဲဒါတွေကြောင့် အိမ်မှာပဲ ထားရင် ကောင်းမယ်လို့ အကြံရလို့ပါ။ ရှင်မရဲ့ သဘောကကော ဘယ်လိုလဲ"

သူဌေးကတော်အဖို့ ခပ်တွေတွေကလေးတော့ ဖြစ်သွားရသည်။ အမှန်တော့လည်း သူမကိုယ်တိုင်ကပင်လျှင် သားကလေးကို မျက်စိအောက်က အပျောက်မခံနိုင်ပေ။ သည်တော့... ကျောချင်းမကပ်ဘဲ သဘောချင်းတစ်ထပ်တည်းဆိုသကဲ့သို့ သားကလေးအား 'ချစ်၍တစေ၊ အိမ်မှာနေ၍' ဆိုသည့်အတိုင်း မှန်ကဲ့သို့ ရှုရန် ဆုံးဖြတ်လိုက်တော့၏။

သည်အဖြစ်ကား ချစ်ရာမဟုတ် နှစ်ရာရောက်ကြောင်းကို သူတို့မသိ။

* * *

အချိန်ကာလတွေက တိမ်ပဝါစသဖွယ် မျောလွင့်နေကြချေ၏။

သူဌေးသားလည်း တစ်စ၊ တစ်စနှင့် လူပျိုပေါက်အရွယ်သို့ ရောက်ရှိလာခဲ့၏။ ဤတွင် ဖခင်နှင့်မိခင်တို့က လောကတံထွာ မမှတာအတိုင်း သင့်လျော်သော အမျိုးကောင်းသမီးတစ်ဦးနှင့်

www.burmeseclassic.com

www.burmeseclassic.com



ထိမ်းမြားလက်ထပ်ပေးခဲ့၏။ နေနဲ့လ ရွှေနဲ့မြပမာ လိုက်ဖက်တင့်မောမှု မြင်ကွင်းကိုကြည့်လျက် မိခင် ဖခင်တို့မှာ ပီတိတွေ ဝေမဆုံး။

သူဌေးသားကား အသက်မွေးမှု အတတ်စုအား တစ်ခုလေးမျှပင် မတတ်ကျွမ်းသော်ငြား အပေါင်းအဖော်ကမူ စုံလင်လှချေ၏။ ဤ၌ 'သူတော်ချင်းချင်း သတင်းလွှေ့လွှေ့၊ ပေါင်းဖက်မွေ့' ဆိုသည့် စကားနှင့်အညီ သူ၏အပေါင်းအသင်းများမှာ ဒုစရိုက်နွယ် အမူးသမားများ ဖြစ်ကြလေ၏။ သည့်အတွက် ဒုစရိုက်စနက်မီး ကူးစက်ပြီး သူဌေးသားလည်း အရက်သေစာတို့ကို နှစ်ခြိုက်စွာသောက်သုံး မူးရူးတတ်လာ၏။ မကောင်းမှု ဒုစရိုက်များအပေါ် အာရုံဖြန့်ကြက်လာခဲ့၏။

သည့်အတွက် ဘုရား... ဘုရားမှန်းလည်း မသိတော့။ တရား... တရားမှန်းလည်း မသိတော့။ သက်ကြီးရွယ်အို မိဘများကိုလည်းကောင်း၊ ပူဇော်ထိုက်သူတို့ကိုလည်းကောင်း၊ လေးစားရမှန်း ပူဇော်ရမှန်း မသိ။ တိတ္ထိမှ တကယ့် တိတ္ထိ။

လောကနိယာမအရ သားသမီးမကောင်းတော့လည်း မိဘတို့ခေါင်းသို့ ကျရောက်ရသည်သာ။ သည်တော့လည်း 'သားကိုငယ်က၊ မဆုံးမသော်၊ မိဘတစ်လီ၊ ရန်သူမည်၏' ဆိုသောစကားအရ နိစ္စမှုဝဆိုသလို စိတ်သောက ရောက်ရရှာ၏။ မိဘတို့က မျက်ရည်ခံထိုးလျက် လိမ္မာရေးခြားရှိစေရန် တောင်းပန်တိုးလျှိုးသည့်တိုင် ကြွေပြီးသစ်ရွက် ပြန်မဆက်တော့သည့်အလား သူဌေးသားကား ဆိုးသွမ်းမြဲ၊ ဆိုးသွမ်းဆဲ။



သည်တော့... အိမ်ထောင်ဘက်သည်ပင်လျှင် မောင့်အဆိုးမျိုးကို မခံနိုင်တော့၍ စွန့်ခွာသွားခဲ့ပေပြီကော။

"ရှင်မရေ...ငါတို့သား ဘာကြောင့် ခုလိုမျိုးဖြစ်သွားရတယ်ဆိုတာ အဖြေရပြီ။ အဲဒါ...ငါတို့...သူ့ကို ငယ်စဉ်ကတည်းက ပညာမသင်ပေးခဲ့လို့ကွ။ အင်း... ခုတော့လည်း နောင်တတွေဟာ နှောင်းခဲ့ပါပြီရှင်မရယ်"

"မှန်တယ် မောင်ကြီးရယ်... ကျွန်မတို့ရဲ့ အပြစ်လည်း မကင်းပါဘူး"

မိဘမေတ္တာကား အတိုင်းမသိ။

သည်မေတ္တာကို သားဖြစ်သူက နားမလည်။ ဆိုးမြဲ၊ ပေမြဲ၊ တေမြဲ၊ မိုက်မြဲ။ သည်တော့လည်း မိဘနှစ်ပါးတို့အဖို့ နှလုံးသည်းပွတ် ကြေကွဲဆွတ်မြလျက် ခါးသီးလှစွာသော ဝေဒနာကို ခံစားရင်း ရှေ့ဆင့်နောက်ဆင့်ဆိုသလို ကွယ်လွန်တိမ်းပါးသွားခဲ့ရလေတော့သည်။

သည်လိုမျိုး မိဘနှစ်ပါးစလုံးကင်းမဲ့ပြီဆိုတော့ သူဌေးသားအဖို့ အနှောင်အဖွဲ့မှ ကင်းလွတ်သောငှက်ငယ်အလား လွတ်လပ်စွာ ထင်သလို ပျံသန်းခွင့်ရရှိခဲ့လေပြီ။

ကျယ်ဝန်းလှသော ခြံကြီးအတွင်း၌ ပွဲလမ်းသဘင်တွေ တခြိမ့်ခြိမ့်ခင်းကာ သူရာရည်တမြမြဖြင့် အမြောက်အပင့်ကောင်းလှစွာသော ကပ်ပေါင်းညာစားများ ဝန်းရံလျက် စည်းစိမ်တခြိမ့်ခြိမ့် ခံစားပျော်မောနေခဲ့သည်။ ကခြေသည်မလေးများနှင့်လည်း

www.burmeseclassic.com

www.burmeseclassic.com



ဒွေးရောယှက်တင်ပြုရသည်မှာ သူ့အတွက် တကယ့်ကို လောက အရသာ။

ဒါ့အပြင် ကပ်ပေါင်းညာစားများမှာ အပင့်အမြှောက်တို့ အပေါ် နားဝင်၍ ကြွေ၊ အန်၊ ဖဲ၊ ကကြိုး၊ ကစားပါ ဖက်လာ တော့၏။ လာရောက်လောင်းကစားကြသူများက ရှစ်စပ်က ဂျင် ခြေလည်ရုံမက ဂျင်ပေါ်က ထုံးများပေမို့ ကစားပွဲတိုင်းလိုလို အနိုင်ကနည်းနည်း၊ အရှုံးက များများ။ ရှုံးလေ မဲလေ။ မဲတော့ ပို၍ရှုံးလေ။ သည်တော့ ပိုင်ဆိုင်ထားသမျှ ငွေကြေးစတို့မှာ ပရုတ်လုံးများပမာ ပါးသည်ထက် ပါးလာရတော့သည်။ သည့် အတွက်လည်း နောင်တအလျှဉ်းမရသေး။

မိဘလက်ငုတ် အထုပ်အထည် ရွှေငွေများ ကုန်ခန်းသွား သည့်တိုင်အောင် သူဌေးသားအတွက်တော့ ပိုနေမြဲ ကျားနေမြဲ သာပင်။ အသောက်အစားမလျှော့သလို၊ လောင်းကစားမှုမှာ လည်း ရပ်တန့်မသွား။ သည့်အတွက် ရှိရှိသမျှ ငွေကြေးဥစ္စာတို့ မှ တစ်ပြားတစ်ချပ်မျှပင် မကျန်ရလေအောင် ကုန်ခန်းသွားရ လေတော့၏။

"ရောင်းရင်းတို့ ဘာမှ မပူကြနဲ့... သောက်စရာရှိတာ သောက်ကြ၊ စားစရာရှိတာ စားကြ။ ကြွေအန်ဝိုင်းတွေ ကိုလည်း မဖျက်ကြနဲ့... ငါ့မှာ တိုက်တွေ၊ အိမ်တွေ၊ လယ်တွေ၊ ယာတွေ၊ ခြံတွေ ရှိသေးတယ်"

သည်လိုမျိုး အလုပ်အကိုင်ကလည်းမရှိ။ ရှိသည့်အလုပ်က လည်း သောက်စားမူးယစ်မည်၊ လောင်းကစားမည်။ သည်တော့



လူမိုက်နှင့်ငွေ အတူမနေ၊ လူမိုက်နှင့်ဥစ္စာ အတူမပါ ဆိုသော စကားနှင့်အညီ မိဘတို့ အပတ်တကုပ် ရှာဖွေစုဆောင်းသိုမှီးလာ ခဲ့သော အသပြာငွေကြေးဥစ္စာတို့သာမက တိုက်တာ၊ အိမ်ခြေ၊ လယ်ယာမြေ အလုံးစုံတို့မှာလည်း ပျက်စီး ဆုံးရှုံးရလေတော့၏။

ထိုအခါဝယ် ကပ်ပေါင်းညာစားတို့မှာလည်း သူဌေးသား ထံတွင် မည်သူမျှ မရှိကြတော့။ ရှိနေ၍ကော ဘာများ အကျိုး ထူးမှာတဲ့နည်း။

သည်အခါဝယ် နေစရာလည်း နတ္ထိ၊ စားသောက်စရာလည်း ဗလာအတိမို့ နောက်ဆုံးမှာတော့ ခွက်လက်စွဲကာ တောင်းရမ်း စားသောက်ရသောဘဝသို့ ရောက်သွားခဲ့ရလေသတည်း။

* * *

တစ်ချိန်သောအခါကာလက အပေါင်းအသင်းတွေ တရုံးရုံး ဖြင့် အလျှံပယ်စားသောက်ခဲ့သမျှ ခုတော့လည်း တစ်ဝမ်းတစ်ခါး စာလေး ရရှိဖို့အရေး နေပူစပ်ခါးမရှောင် တစ်အိမ်ဝင် တစ်အိမ် ထွက် အိမ်ပေါက်စေ့သွားကာ တောင်းရမ်းစားသောက်ရသည့် ဘဝ။

အိမ်ဆို၍ ခြေသလုံးကိုသာ အိမ်အဖြစ်သဘောထားနေရ၏။

ထိုကာလဝယ် ရာဇဂြိုဟ်မြို့၌ သူခိုးသူဝှက်၊ ဒုစရိုက်သမား များ သောင်းကျန်းနေကြသည်။ သည့်အတွက် မြို့သူမြို့သား အပေါင်းတို့သည် နိုးနိုးကြားကြား သတိဝီရိယထားကာ နေကြ ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ သူဌေးသားသူတောင်းစားသည် တောင်းရမ်း၍ ရလာသမျှတို့ကို စားသောက်ကာ သာလာယံဇရပ်ပေါ်တွင် အိပ်ပျော်နေခဲ့၏။ ထိုစဉ်မှာပင် သူခိုးသူဝှက် ဒုစရိုက်များသည် ဇရပ်ပေါ်သို့ တက်လာခဲ့ကြသည်။

"ဇရပ်ပေါ်မှာ အိပ်နေတာ ဘယ်ကအကောင်လဲကွ"

"ဘေးမှာလည်း ခွက်စုတ်တစ်လုံး...တို့ကို လိုက်ပြီး ထောက်လှမ်းနေတဲ့ ကောင်များလား မသိဘူး"

"ဘာမှ လုပ်မနေနဲ့၊ ကန်ပြီးတော့သာ နှိုးလိုက်ကွာ"

"ဘုန်း... ဘုန်း"

"အား... အမလေးဗျာ"

ကျောပြင်ပေါ်သို့ ကျရောက်လာသော ကန်ချက်များကြောင့် သူတောင်းစားလည်း အိပ်ပျော်ရာမှ လန့်နိုးလာခဲ့၏။

"ဟေ့ကောင်...မင်း ဘယ်သူလဲ"

"ကျွန်...ကျွန်တော် သူတောင်းစားပါခင်ဗျာ"

"ဩ... သူတောင်းစားတဲ့လား။ နေပါဦး...ဟောဟို ခွက်ကကော"

"အဲဒါ... ကျွန်တော်တောင်းရမ်း စားသောက်တဲ့ ခွက်ပါ"

"တောက်...အရွယ်ကလည်းကောင်းတုန်း၊ ခြေလက် အင်္ဂါတွေလည်း စုံတုန်း၊ ဒါနဲ့များ တောင်းရမ်းစားသောက်ရ တယ်လို့ကွာ၊ ယောကျ်ားသိက္ခာ ကျတယ်ဟေ့"



"ဟုတ်ပေ့ကွာ ဒီလောက်သန်သန်မာမာ ရှိနေတာ တောင် တောင်းရမ်းစားသောက်တယ်ဆိုတော့ အတော်လေး ကို ရှက်စရာကောင်းတယ်။ မင်းကို အလုပ်ပေးမယ်၊ ငါတို့နဲ့ လိုက်ခဲ့"

"ဗျာ..."

"ဟေ့ကောင်...မဗျာနဲ့။ နာချင်ပြီနဲ့တူတယ်။ မင်းကို အလုပ်ပေးမလို့"

"ကျွန်...ကျွန်တော် ဘာလုပ်ရမှာလဲ ခင်ဗျာ"

"ဟ...တို့နဲ့အတူ ခိုးရမယ်၊ ဝှက်ရမယ်၊ လုရမယ်၊ တိုက်ရမယ်၊ ဒါပဲပေါ့ကွ"

"ကျွန်... ကျွန်တော် အဲသည်အလုပ်တွေ မကျွမ်းကျင် ပါဘူး ခင်ဗျာ"

"မကျွမ်းလည်း ကိစ္စမရှိဘူး...တို့နဲ့သာလိုက်ခဲ့။ မင်းကို ပညာတွေ သင်ပေးရင် ခဏကလေးနဲ့ တတ်သွားမှာပါ"

သည်လိုနှင့် သူတောင်းစား အဖြစ်မှသည် သူခိုးသူဝှက် ဒုစရိုက်လောကသားအဖြစ်သို့ ရောက်သွားခဲ့ရသည်။ သူ့ဘဝ က သည်လောကနှင့် ကျွမ်းဝင်နီးစပ်မှု မရှိသေးလေရကား သူခိုး တို့၏ နောက်လိုက် ဖြစ်ခဲ့ရသည်။

အကာလ ညတစ်ည။

ထက်အာကာအဇ္ဈောကောင်းကင်မှာတော့ ငွေလမင်းသည် တိမ်းမည်းညိုတို့ကြောင့် မသာတစ်ချက်၊ သာတစ်ချက်။

သည်လိုကာလကို အခွင့်ကောင်းယာ[illegible] ခိုးသ[illegible]စ်သိုက်

www.burmeseclassic.com

www.burmeseclassic.com



လည်း ရွာကြီးတစ်ရွာရှိ အိမ်တစ်အိမ်သို့ မှောင်ရိပ်ခိုလျက် ချွတ်နင်းကာ သွားရောက်ကြလေ၏။ သည်အဖွဲ့မှာတော့ သူသည် နောက်လိုက်အဖြစ်။

"ဟေ့ကောင်... ဒီမှာ လက်နက်ကိုယူထား။ အဲ့သည် လက်နက်ကိုကိုင်ပြီး သည်အနားမှာ စောင့်နေ။ မည်းခနဲ မြင်လာရင် ဘာမှ ပြောမနေနဲ့။ အသေသာ ရိုက်ပစ်လိုက်။ တို့...အိမ်ပေါ်ကို တက်မယ်။ သတိဝီရိယ ရှိပစေနော်"

ခေါင်းဆောင်ဖြစ်သူက သူ့လက်တွင်းသို့ တင်းပုတ်လက်နက်ကို ပေးခဲ့လိုက်ပြီး အိမ်ကြီးပေါ်သို့တက်ရန် အဖွဲ့သားများနှင့်အတူ အခြေအနေကို စောင့်မျှော်အကဲခတ်နေလေ၏။ သူကမူ ခေါင်းဆောင်နေရာချထားခဲ့သည့်အတိုင်း လူရိပ်လူခြေကို မှောင်ရိပ်ခိုကာ စောင့်မျှော်နေလေ၏။

အိမ်ကြီးပေါ်၌ကား အိမ်ရှင်များမှာ အိပ်မောကျ၍ နေလေ၏။ ဤတွင် ခိုးသူတစ်ယောက်သည် အသံကို လုံအောင်ဝှက်၍ အိမ်ကြီးပေါ်တက်ကာ တံခါးကို အသာအယာ ဆွဲဖွင့်လိုက်လေ၏။

"ကျွိ... အိ... အိ"

တံခါးပတ္တာချပ်က ဆီခန်းခြောက်နေ၍လော မသိ။ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသော အကာလကို လှုပ်ခတ်ပေါ်ထွက်လာခဲ့၏။ ဤတွင် အအိပ်ဆတ်၍ သတိရှိလှသော အိမ်ရှင်သည် သူခိုးကိုမြင်သည်နှင့်...

"သူခိုးဗျို့... သူခိုး... သူခိုး"



ဟူ၍ အသံကိုမြှင့်ကာ အော်ဟစ်လိုက်လေ၏။

"ဟေ့ အခြေအနေမဟန်ဘူး။ ပြေးကြ... ပြေးကြ"

ခေါင်းဆောင်လုပ်သူက ငယ်သားတို့ကို သတိပေးလိုက်၏။ ထိုအခါ သူခိုးအပေါင်းလည်း ဝရုန်းသုန်းကားဖြင့် အိမ်ကြီးပေါ်မှခုန်ချကာ လွတ်ရာလမ်းကြောင်းသို့ တစ်ဟုန်ထိုး ပြေးထွက်ကြလေတော့၏။

"သူခိုး... သူခိုး...သူခိုး"

"လိုက်ကြဟေ့...လိုက်ကြ...တစ်ယောက်မှ မလွတ်စေနဲ့ဟေ့"

ရွာအတွင်းရှိ အိမ်နီးနားချင်းများသည် ရရာလက်နက်ကိုယ်စီစွဲကိုင်လျက် နေအိမ်အသီးသီးမှ ထွက်လာကြကာ သူခိုးတို့နောက်သို့ လိုက်ကြကုန်၏။

ဤတွင် သူသည်လည်း ကြောက်အားလန့်အားဖြင့် လွတ်ရာလွတ်ကြောင်း ခြေဦးတည့်ရာသို့ စွတ်ရွတ်၍ ပြေးပါသေး၏။

သို့ရာတွင် ကံဆိုးမိုးမှောင်ကျသည်ဟု ဆိုရလေမည်လား။ သူ့ပြေးလမ်းရှေ့မှာတော့ လက်နက်ကိုယ်စီစွဲကိုင်ထားကြသော လူအုပ်ကြီးက မနည်းမနော။ နောက်ပြန်လှည့်မည် ပြုတော့လည်း လူတွေက တစ်အုပ်တစ်မ။

"တောက်...ငါတို့ကို အိပ်ကောင်းခြင်း မအိပ်ရ၊ စားကောင်းခြင်း မစားရလေအောင် ဒုက္ခပေးနေတာ ဒီကောင်တွေပဲ။ ခု တစ်ကောင်တော့ မိပြီ။ ကြိုးတုပ်ကွာ၊ မနက်ဖြန်ကျရင် မင်းကြီးရဲ့ ရှေ့တော်မှောက်ကို ပို့ရမယ်"

www.burmeseclassic.com

www.burmeseclassic.com



သူ့အဖို့တော့ ကျားသနားမှ နွားချမ်းသာရမည့်အဖြစ်။

သို့ရာတွင် ကရုဏာမိုးကား သူ့အတွက်တော့ ခေါင်ခိုက်လှပါတကား။

* * *

ဘုရင့်ရှေ့တော်မှောက်မှာတော့ သူသည် ပြားပြားဝပ်လျက်။

"အရှင်မင်းကြီး... ကျွန်ုပ်တို့ရွာသို့ လုယက်ဓားပြတိုက်ရန် လာကြသူများအနက်မှ ဤသူကို ဖမ်းဆီးမိပါ၏။ သည့်အတွက် တရားစီရင် ဆုံးဖြတ်ရန် အရှင်မင်းကြီးထံ လာရောက်ပို့ဆောင်ခြင်း ဖြစ်ပါ၏"

"ငါ၏ တိုင်းပြည်အား မငြိမ်မသက်ဖြစ်အောင် ဆူပူသောင်းကျန်းဝံ့သည့် ဤရာဇဝတ်သားအား ခေါင်းဖြတ်၍ သတ်စေ"

"မှန်လှပါ...အရှင်မင်းကြီး"

မြို့ဝန်လည်း အမိန့်တော်အတိုင်း နှောင်ကြိုးအတည်းခံထားရသောသူ့အား ဆွဲငင်ခေါ်ယူသွားကာ ရာဇဝတ်သားတို့အား အပြစ်ပေးရသည့်ထုံးစံနှင့်အညီ ဦးခေါင်းတစ်ခုလုံးကို ပြောင်စင်အောင် ရိတ်စေ၏။ ပြီးနောက် အုတ်မှုန့်များဖြင့် နီရဲနေအောင် လိမ်းကျံစေ၏။ ကိစ္စပြီးလေသော် နှောင်ကြိုးစကိုဆွဲလျက် မြို့တော်ရှိလမ်းများသို့ လှည့်၍ မောင်းကြေးနင်းခတ်စေ၏။

"တိုင်းသူပြည်သား လူအများတို့ လာရောက်၍ ကြည့်ရှုလိုက ကြည့်ရှုကြကုန်လော့။ ဤသူကား သူခိုးဓားပြ ဖြစ်၏။ ၎င်းအား မင်းကြီး အမိန့်တော်ဖြင့် သုသာန်ထုတ်ကာ ခေါင်းဖြတ်သုတ်သင်မည်ဖြစ်ပါကြောင်း"

သောင်းညံဗမ္ဗူမှာတော့ မောင်းသံက တဒူဒူ။

သည်မောင်းသံကြောင့် မြို့သူမြို့သား အပေါင်းတို့သည် ရာဇဝတ်သားဖြစ်သောသူ့အား စက်ဆုပ်ရွံရှာစွာ ကြည့်ကြကုန်၏။ အချင်းချင်းလည်း ကောက်ချက်ချ စကားဆိုကြကုန်၏။

"ဒါဟာ လူမိုက်တို့ရဲ့ နောက်ဆုံးလမ်းပဲလေ"

"ဒီလို လူမျိုးဆိုတာ ဒါနဲ့ပဲ ထိုက်တန်တယ်"

"သေစမ်းဟ...သေ... သေ... သေပစေ"

မြို့ရွာလူထုပရိသတ်၏ ကဲ့ရဲ့ရှုတ်ချသံများ အောက်မှာတော့ သူသည် ခေါင်းမဖော်ဝံ့တော့။

* * *

သံသရာကြားမှာတော့ ကံကြမ္မာတရားက ဆန်းကြယ်လှပါဘိ။

အုန်းအုန်းကျွက်ကျွက် ဆူညံသံများကြောင့် ပြည်တန်ဆာမ 'သုလသာ'လည်း လေသာပြတင်းပေါက်မှနေ၍ အသံလာရာသို့ ငေးကြည့်နေမိလေ၏။

ဤတွင် နှောင်ကြိုးတွေအထပ်ထပ်ကြား၊ ဦးခေါင်းတစ်ပြင်လုံး နီတာရဲလျက်ရှိသော ရာဇဝတ်သားကို မြင်လေသော် အတိတ်ဘဝဟောင်းတစ်ခုဆီက လင်မယားတော်စပ်ခဲ့ဖူးသည့်အဖြစ်ကြောင့် သနားကရုဏာစိတ်တို့ အုံဖွဲ့လာခဲ့သည်။ သည့်အတွက် အိမ်ဖော်တစ်ဦးအား...



www.burmeseclassic.com

www.burmeseclassic.com



"ဟောဒီ ကတွတ်မုန့်လေးခုရယ်၊ သောက်ရေတစ်ခွက်ရယ် ယူသွားပြီး အာဏာပါးကွက်သားတွေကို တောင်းပန်ပြောဆိုလို့ ရာဇဝတ်သားကို ကျွေးလိုက်ပါကွယ်"

ဟူ၍ စေစားမှာကြားလိုက်သည်။

သုလသာ စေလွှတ်သော အိမ်စေလည်း ထိုနေရာသို့ သွားရောက်ကာ အကျိုးအကြောင်းကို တောင်းပန်ပြောကြားပြီး ရာဇဝတ်သားအတွက် အစာနှင့်ရေတို့ကို ပေးထားရစ်ခဲ့လေသည်။

ရာဇဝတ်သားဘဝရောက်နေပြီဖြစ်သော သူ့အဖို့ ကံကြွင်းကံစကလေးများ ရှိနေသေးသည်ဟု ဆိုရပေလိမ့်မည်။

အကြောင်းမူကား အသတ်ခံရဆဲဆဲကာလ၌ အတိတ်ဘဝဟောင်းက ဇနီးသည်ထံမှ စားသောက်စရာများ ရရှိလာခဲ့သည့်အပြင်၊ တန်ခိုးတော်အရာ၌ ဧတဒဂ်ရရှိတော်မူသည့် အရှင်မောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးမှာ ဒိဗ္ဗစက္ခု အဘိညာဏ်ဖြင့် ၎င်းအားကြည့်ရှုနေသည်နှင့် ကြုံကြိုက် တိုက်ဆိုင်သောကြောင့် ဖြစ်လေ၏။

"ဤသူကား သနားစဖွယ်ကောင်းပေစွတကား...

သူ့ဘဝ ကောင်းစားစဉ်ကာလတစ်လျှောက် ကောင်းမှုကုသိုလ်ဟူ၍ တစ်စုံတစ်ခုမျှ ပြုခဲ့သည်မရှိ။ အကုသိုလ်သာလျှင် ရှိချေ၏။

ဤသူ သေဆုံးသည်ရှိသော် မုချပင် ငရဲသို့ ကျရောက်လတ္တံ့။ သူ့ထံသို့ ငါရောက်ခဲ့သည်ရှိသော် သူသည် ငါ့အား ကတွတ်မုန့်ကိုလည်းကောင်း၊ ရေကိုလည်းကောင်း လှူ



လတ္တံ့။ ထိုကုသိုလ်ကြောင့် သူသည် ဤဘဝမှလွတ်လျှင် ရက္ခစိုးနတ် ဖြစ်လတ္တံ့။

သို့ဖြစ်၍ ငါသည် ထိုယောကျ်ားအတွက် အားထားမှီခိုရာဖြစ်လေသော် ကောင်းပေစွတကား"

"အချင်း...ရာဇဝတ်သား၊ ဤစားသောက်ဖွယ်နှင့် သောက်ရေကား ပြည့်တန်ဆာမ သုလသာက သနားကရုဏာဖြင့် ပေးပို့လိုက်ခြင်း ဖြစ်၏။ ထိုအစာရေစာတို့ကို စားပါ၊ သောက်ပါလော့။ သင်စားသောက်ပြီးသည့်အထိ ငါတို့ စောင့်ပါမည်"

သည်စကားကို ကြားရတော့ သူဝမ်းသာအားရ ဖြစ်သွားခဲ့သည်။ သည့်အတွက် စားသောက်တော့မည့်အပြု၊ ဘွားခနဲ ဆိုသလို အရှင်မောဂ္ဂလာန် မထေရ်မြတ်ကြီး သူ့ရှေ့သို့ ကြွလာသည်ကို မမျှော်လင့်ဘဲ ဖူးတွေ့လိုက်ရသည်။ ခန္ဓာကိုယ်တစ်ခုလုံး ကြိုးတွေက နှောင်တည်းထားသည်မို့ လက်အုပ်ကြာမုံကို ငုံ့ငုံ့ကလေး ဖူးလိုက်ချင်သော်ငြား... သူ့အဖြစ်က မလှူးသာ မလွန့်သာ။ သည်လိုမျိုး ရှိမခိုးနိုင်သဖြင့် ကြည်ညိုသဒ္ဓါစိတ်ပွားကာ ရှိသေစွာ ဦးညွှတ်လိုက်ပါချေ၏။

"ငါသည်ကား... များမကြာမီအချိန်အတွင်း သေရတော့မည်ဖြစ်၏။ မကြာခင်ကာလအတွင်း သေရတော့မည့်သူ့အဖို့ ဤမုန့်နှင့်ရေကို စားသောက်ခြင်းဖြင့် အဘယ်မှာလျှင် အကျိုးရှိပါအံ့နည်း။ အလှူခံပုဂ္ဂိုလ်အား လှူလိုက်ခြင်းဖြင့် ငါ၏ တမလွန်ဘဝအတွက် အထောက်အပံ့ရိက္ခာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်ပေလိမ့်မည်”

သူ၏စိတ်ထဲမှာတော့ ကြည်ညိုသဒ္ဓါမှုတွေ အစီအရီ။

“အသင်ဝန်မင်း...အကျွန်ုပ်အတွက် မုန့်နှင့်သောက်ရေအား အရှင်မြတ်ကို လှူဒါန်းပေးတော်မူပါလော့။ အကျွန်ုပ်မသေမီကာလ ဒါနပြုသွားလိုပါ၏”

ထိုသို့ဖြင့် ဓားကြပ်ဝန်အား တောင်းပန်လျှောက်ထားလေ၏။ ဓားကြပ်ဝန်ကလည်း သူ၏ဆန္ဒအတိုင်းပင် အရှင်မောဂ္ဂလာန်မထေရ်မြတ်ကြီးအား လှူဒါန်းလိုက်လေ၏။

အရှင်မောဂ္ဂလာန် မထေရ်မြတ်ကြီးသည် မုန့်နှင့်ရေကို အလှူခံပြီးသည်ရှိသော် ပြန်ကြွသွားတော်မမူဘဲ သူ့မျက်မှောက်မှာပင် ဘုဉ်းပေးသုံးဆောင်တော်မူလေ၏။ သူသည် ထိုမြင်ကွင်းကို ကြည့်ရှုလျက် မိမိ၏ဒါနအတွက် ဝမ်းမြောက်ပီတိ ဖြစ်မိလေ၏။ စိတ်အာရုံထဲမှာလည်း သုလသာကို သတိရသွားတော့၏။

“ငါ... ယခုကဲ့သို့ လှူဒါန်းခွင့်ရရှိခြင်းမှာ သုလသာကြောင့် ဖြစ်ပေ၏။ သုလသာသည် ငါ့အား အကျိုးများစွာပေးပေသည်တကား”

အရှင်မောဂ္ဂလာန်မထေရ်မြတ်လည်း ဆွမ်းကိစ္စပြီးသည်ရှိသော်၊ ထိုနေရာမှ ဖဲခွာကြွသွားတော်မူလေ၏။ သူသည် အရှင်မြတ်ကြီး ကြွသွားတော်မူသည်ကို မျက်စိတစ်ဆုံးကြည့်လျက်ကျန်ရစ်ခဲ့လေသတည်း။

အနောက်ဘက်ဂေါယာကျွန်းမှာတော့ တောင်စွယ်ကို နေကွယ်ပေရော့မည်။



ထိုအခါ အာဃာတပါးကွက်သားတို့လည်း မိမိတို့၏တာဝန်ကို ထမ်းဆောင်ရန်အတွက် သူ့အား သုသာန်ရှိရာသို့ ခေါ်ဆောင်သွားကြကုန်၏။

သူ့အဖို့ စိတ်ကို ဒုံးဒုံးချလိုက်ပြီဆိုတော့ တုန်လှုပ်ခြင်းအလျဉ်းမရှိတော့။ လက်ပြန်ကြိုးတန်းလန်းနှင့် ဒူးတုပ်လျက်သားမှပင် စဉ်းတီတုံးပေါ်၌ လည်စင်းပေးလိုက်၏။

အာဃာတပါးကွက်သားကလည်း လက်သွက်လှပါဘိ။

တောင်အစွယ် နေအကွယ်မှာပင် ဓားကို ပင့်မြှောက်ကာပိုင်းချလိုက်၏။

သွေးသံတို့က တရဲရဲ... ။

* * *

သူ့ကိုသူ ပြန်ငဲ့ကြည့်လိုက်တော့ မယုံကြည်လောက်အောင်အံ့အားတသင့် ဖြစ်ခဲ့ရလေသည်။

“ဒါဟာ ငါသေအံ့ဆဲဆဲမှာ ရှင်မောဂ္ဂလာန်မထေရ်မြတ်ကြီးကို မုန့်ဆွမ်းကပ်လှူခဲ့လို့ပဲ”

သူကား ပညောင်ပင်ကြီးတစ်ပင်ကို အစိုးရသော ရုက္ခစိုးနတ်ဖြစ်ခဲ့ရ၏။ စင်စစ် အဂ္ဂသာဝကကြီးအား လှူဒါန်းရသောအကျိုးသည် နတ်ရွာခြောက်ရွာသို့ ဆိုက်ရောက်နိုင်ပါလျက်ဘဝဟောင်းက မယားဖြစ်သူ သုလသာအပေါ် တဏှာပေမစွဲလမ်းစိတ်က ရိပ်ဖြာကျခဲ့လေသည်မို့ ရုက္ခစိုးနတ်အဖြစ်သာဆိုက်ရောက်ခဲ့ရလေ၏။

ဒါန၏ စေတနာအကျိုးကား ဆန်းကြယ်လှပေစွ။

www.burmeseclassic.com

www.burmeseclassic.com



မလွဲမသွေ အပါယ်ငရဲသို့ သက်ဆင်းကျရောက်ရမည့်သူကိုပင် ကယ်တင်နိုင်စွမ်းရှိပေ၏။ ခုအဖြစ်ကိုပဲကြည့် ...။

သူသည် အရှင်မောဂ္ဂလာန်တည်းဟူသော အလှူခံပုဂ္ဂိုလ်စိုက်ခင်းမြေ၌ မုန့်ဆွမ်း၊ ရေဆွမ်းတည်းဟူသော မျိုးစေ့ဗီဇကို စိုက်ပျိုးခဲ့၏။ ဒါနအကျိုးကြောင့် အပါယ်ငရဲမှ ကင်းလွတ်ခဲ့ရလေပြီ။ ဤ၌ သုလသာအပေါ် စွဲလမ်းစိတ်ကို မဖြတ်တောက်နိုင်သည့်အတွက် ရက္ခစိုးနတ်ဖြစ်ခဲ့ရခြင်းပင်။

"သုလသာ...သုလသာ၊ တွေ့ချင်လိုက်တာသုလသာ"

သည်သို့ တမ်းတမွတ်သိပ်စွာ တစာစာရေရွတ်လျက် သုလသာကို တွေ့ရနိုးနှင့် တစ်တောဝင် တစ်တောင်တက်၊ တစ်ကုန်းတက်၍ တစ်တောင်ကိုကျော်ရင်း ရှာဖွေမောခဲ့ရလေပြီ။

ဤ၌ ဖူးစာရေစက်ဟု ဆိုရမည်လား။ ဘဝက်ပေးလာသည့် ထူးခြားသော အဖြစ်ဟူ၍ ကောက်ချက်ချရမည်လား မဆိုသာ။

ရက္ခစိုးနတ်ဖြစ်သောသူသည် ယောင်လည်လည် စမ်းတဝါးဝါးဖြင့် ချစ်သူပျောက်ရှာပုံတော်ဖွင့်ရင်း ဥယျာဉ်ကြီးတစ်ခုတွင်းသို့ ရောက်သွားခဲ့၏။ ဤတွင် အမှတ်မထင် သူမျှော်လင့်တောင့်တနေသော သုလသာအား တွေ့မြင်လိုက်ရသည်။

"အို... သုလသာ၊ သုလသာ... မောင်ကြီးအချစ်
သုလသာ"

သည်သို့ တစာစာမြည်တမ်းရေရွတ်ပြီးသည့်နောက် မိမိ၏ တန်းခိုးဣဒ္ဓိပတ်ဖြင့် ဖြန်းခနဲ အမှောင်တိုက်ကြီး ကျစေခဲ့၏။ ထိုအခါ သုလသာအား မိမိ၏ ဗိမာန်ရှိရာသို့ ပွေ့ခေါ်ယူဆောင်



သွားလျက် ချစ်ပင်ချစ်မိုးတွေ ဧွဖြိုးခဲ့လေသတည်း။

ဘဝဟောင်းက ကြင်ဖော်ကြင်ဖက်များဆိုတော့လည်း အချစ်ငွေ့တွေက တဝေ့ဝေ့ တဝဲဝဲ။

* * *

သည်လိုမျိုး ရက္ခစိုးဗိမာန်၌ သုလသာအဖို့ အချစ်တို့ဖြင့် ယစ်မူးရီဝေနေချိန်ဝယ် မိခင်ဖြစ်သူသည် သမီးသုလသာ ပျောက်သွားသဖြင့် သောကကိုရင်မှာပိုက်လျက် သမီးပျောက်ရှာပုံတော်ဖွင့်ခဲ့ရလေသည်။

သည့်အတွက် နေရာအနှံ့ရောက်ခဲ့ရသည်။ တွေ့သည့်သူတွေကို မေးမြန်းရသည်။ ဘယ်လိုပင်ရှာရှာ မတွေ့မမြင်ရသလို ဘယ်လိုပင်မေးမေး သုလသာ၏လမ်းစက ပျောက်ချင်းမလှ ပျောက်နေခဲ့သည်။

သည်လိုမျိုး နေရာအနှံ့လှည့်လည်ရှာဖွေရင်းမှပင် ကံအားလျော်စွာ အရှင်မောဂ္ဂလာန်မထေရ်မြတ်ကြီးကို ဖူးတွေ့လိုက်ရသည်။

"အရှင်ဘုရား... တပည့်တော်မရဲ့သမီးဖြစ်သူ သုလသာမှာ ပျောက်ဆုံးနေပါ၏။ သုလသာကို အရှင်ဘုရား တွေ့မြင်မိပါသလားဘုရား"

သူမအဖို့ သမီး၏ သောကတို့ ပိတ်လှောင်ကာဆီးနေသည်မို့ အဂ္ဂသာဝကအရှင်မြတ်ကြီးအား မေးသင့် မမေးသင့်၊ လျော်၏၊ မလျော်၏ကိုလည်း မစဉ်းစားနိုင်ခဲ့။ သည်အနေအထား၊

www.burmeseclassic.com

www.burmeseclassic.com



တစ်နည်းအားဖြင့် မိခင်တို့၏သောကကို အရှင်မြတ်ကြီးအဖို့ နားလည်သဘောပေါက်ပါသည်။

"ဒါယိကာမကြီး... ဤနေ့မှစ၍ ရေတွက်သော် ခုနစ်ရက် မြောက်သောနေ့၌ အရှင်တော်မြတ်ဘုရားသည် ဝေဠုဝန်ကျောင်းတော်၌ တရားဟောကြားပေလိမ့်မည်။ ဒါယိကာမကြီးအနေဖြင့် ထိုတရားပွဲကျင်းပရာသို့ လာခဲ့ပါလော့။ တရားပွဲ၏ အစွန်အဖျား၌ သင့်သမီး သုလသာကို တွေ့ရပါလိမ့်မည်"

အရှင်မြတ်ကြီးထံမှ အဆိုပါမိန့်ဆိုစကားကို ကြားရလေတော့မှ သူမ၏သောကမီးတို့မှာ အညွန့်ကျိုးလျက် စိတ်သက်သာရသွားခဲ့ရတော့သည်။

ထိုကာလဝယ် ဗိမာန်တွင်း၌ ရက္ခစိုးနှင့် သုလသာတို့သည် ရွှေလက်တွဲလျက် မိုးမမြင်လေမမြင် ချစ်ပွဲဆင်နေခဲ့လေသည်။ ထိုသို့ အပျော်မြစ်တွင်း၌ စီးဆင်းမျောပါနေစဉ် သုလသာလည်း မိခင်ကို သတိရသွားခဲ့လေ၏။

"အရှင်...ရက္ခစိုး၊ကျွန်မသည် အရှင်ရက္ခစိုးနှင့် မခွဲမခွာ မကွဲမကွာ အတူနေချင်ပါသော်လည်း နေ၍ မဖြစ်ပါ။ ကျွန်မ၏ မိခင်မှာ ကျွန်မအတွက် အပူမီးတောက်လျက် စိတ်သောက ရောက်နေရှာပါလိမ့်မည်။ နောက်နောင်အချိန်ကာလများ၌ အရှင်ရက္ခစိုးနှင့် ကျွန်မတို့သည် ပျော်ရွှင်စွာ ရွှေလက်တွဲခွင့် ကြုံစရာ ရှိပါသေးသည်။ ယခုမူ ကျွန်မအား



လူ့ရပ်ရွာနေသို့ ပြန်ခွင့် ပြုပါလော့။ ဤဗိမာန်သို့ ရောက်နေသည့်ရက်မှာ မနည်းလှပါ။ ကျွန်မအား သနားငဲ့ညှာ၍ ပြန်ခွင့်ပြုပါအရှင်"

သည်သို့ ချစ်ရက္ခစိုးနတ်အား အဖန်ဖန်တလဲလဲ ချွဲနွဲ့ပူဆာတစာစာဖြင့် သံသာခွန်းဆင့် ပြန်ခွင့်ကို တောင်းဆိုနေသည့်အတွက် ရက္ခစိုးလည်း ချစ်သူအကြိုက်ကို လိုက်လျောကာ သုလသာအား ပြန်ပို့ရန် စီစဉ်ရလေ၏။ သို့ဖြင့် ခုနစ်ရက်ပြည့်မြောက်သောနေ့၌ ရက္ခစိုးလည်း သုလသာအား ဝေဠုဝန်ကျောင်းတော်၌ မြတ်စွာဘုရားရှင်ဟောကြားနေသော တရားပွဲ၏ အစွန်းအဖျားတွင်ထားခဲ့ပြီး ဘုံဗိမာန်သို့ ပြန်လေ၏။

* * *

သုလသာအဖို့ အိပ်မက်ဆန်ဆန်အဖြစ်အပျက်များကြောင့် အံ့အားတသင့် ဖြစ်နေခဲ့လေသည်။ သူမနှင့် ယှဉ်တွဲနေသော ရက္ခစိုးလည်း မြင်ကွင်းမှ ရုတ်ချည်းကွယ်ပျောက်ကာ ဗုဒ္ဓဘုရားရှင်၏ အံ့သြလောက်စဖွယ် တရားပွဲကြီးကို မမျှော်လင့်ဘဲ ဖြုန်းခနဲ တွေ့မြင်လိုက်ရသည့်အတွက် ဟိုကြည့်သည်ငေးဖြင့် ကြောင်စီစီ ဖြစ်နေလေ၏။

အနီးအနားရှိ တရားနာပရိသတ်ကို ငဲ့ကြည့်တော့ သူမနှင့် ရင်းနှီးသူများကို တွေ့မြင်လိုက်ရသည်။ ထိုသူများမှာလည်း ရက်အတန်ကြာပျောက်နေသည့် သုလသာကို မမျှော်လင့်ဘဲ တွေ့မြင်လိုက်ရတော့ တအံ့တသြ။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့...သုလသာ ဘယ်တွေရောက်လို့ ပျောက်နေတာလဲ။ ညည်းအမေခများ ညည်းကိုရှာနေတာ ဒေါင်းတောက်နေတာပဲ"

"ဟုတ်ပါရဲ့... သုလသာရယ်၊ သည်ရက်တွေမှာ ဘယ်တွေ သွားနေတာတဲ့လဲ"

သည်တော့လည်း သုလသာက အဖြစ်မှန်ကို ပြောပြခဲ့ပါသည်။

"ဘာ...မဟာဓနသူဌေးသား တစ်ဖြစ်လဲ သူတောင်းစား၊ ပြီးတော့ ခိုးသားဓားပြ၊ သူသေပြီး ရက္ခစိုးနတ်ဖြစ်သွားတယ်...ဟုတ်စ။ ပြီးတော့ ညည်းက သူ့ဗိမာန်မှာ သူနဲ့အတူ နေတယ်...ဟုတ်စ။ မယုံနိုင်စရာကြီးအေ့"

"ဟုတ်ပါရဲ့...သုလသာရယ်၊ ညည်းစကားက ယုံဂမ်းစကားကြီးပါလား...အဲဒီသူဌေးသားဆိုတာ မိဘဆရာသမား သက်ကြီးပုဂ္ဂိုလ်တွေကို ရိုသေလေးစားရမှန်းမသိ၊ ပူဇော်ရမှန်းမသိ၊ လူ့ဒိဋ္ဌိ၊ လူ့ဒုစရိုက် အမူးသမားကများ ရက္ခစိုး နတ်ဖြစ် နေတယ်ဆိုတာ ဟုတ်ပါ့မလား"

သည်လိုမျိုး မယုံသင်္ကာစကားတွေ ပေါ်ထွက်လာတော့ သုလသာက အလျှော့မပေး။

"ရှင်မတို့... ကျွန်မ ပြောဆိုတဲ့စကားတွေဆိုတာက အမှန်တွေချည်းပါပဲ။ အဲသည် သူဌေးသားဟာ ရာဇဝတ်သားအဖြစ်နဲ့ သေအံ့ဆဲဆဲအချိန်မှာ သူ နောက်ဆုံးစား



သောက်ဖို့ရာအတွက် ကတွတ်မုန့်နဲ့ ရေတစ်ခွက်ကို ပေးခဲ့ပါသေးတယ်။ ကျွန်မပေးတဲ့ မုန့်နဲ့ရေကို သူဟာ မစားသောက်ဘဲနဲ့ နောက်ဆုံးဒါနအဖြစ် အရှင်မောဂ္ဂလာန် မထေရ်မြတ်ကြီးကို လောင်းလှူခဲ့ပါတယ်။ အဲသည်ဒါန ကုသိုလ်အကျိုးဆက်ကြောင့် သေလွန်တဲ့အခါ ရက္ခစိုး နတ်ဖြစ်ခဲ့ရတာပဲပေါ့"

"ဟယ်...ဟုတ်လား၊ အံ့ဩဖို့ ကောင်းလိုက်တာနော်"

"ဟုတ်ပါရဲ့...ဒါနအကျိုးများ တယ်လည်း ကြီးမားလှပါကလား"

သည်တော့လည်း သင်္ကာမကင်းသောစကားသံတို့ ဆိတ်သုဉ်း ပျောက်ကွယ်လျက် အံ့ဩချီးမွမ်းသံတွေသာလျှင် ဝေစည်လာခဲ့ရပြန်သည်။

ထိုစကားသည် တဒင်္ဂအတွင်းမှာပင် တရားနာလူပရိသတ်ထံများမှတစ်ဆင့် ရဟန်းတော်များထံ ရောက်ရှိခဲ့လေ၏။ ထိုအခါ ရဟန်းတော်များလည်း ထိုအကြောင်းကို ဘုရားရှင်အား လျှောက်ထားတော်မူကြလေ၏။

ဤတွင် မြတ်စွာဘုရားရှင်လည်း ငယ်စဉ်အခါက ပညာသင်ရကောင်းမှန်းမသိ၊ ဒုစရိုက်သားကောင်ဘဝရောက်ရှိ၍ သေအံ့ဆဲဆဲကာလ၊ အသတ်ခံရဆဲဆဲကာလ၌ အရှင်မောဂ္ဂလာန် မထေရ်မြတ်အား ကြည်ညိုသဒ္ဓါပွားများကာ မိမိစားမည့်မုန့်နှင့် ရေအား လှူဒါန်းခဲ့သည့်အတွက် ကိုယ်ကောင်းမှုအကျိုးကြောင့်

www.burmeseclassic.com

www.burmeseclassic.com



တမလွန်၌ ရက္ခစိုးနတ်ဖြစ်ရသည်မှာ မှန်ကန်ကြောင်း မိန့်ဆိုပြီးနောက်–

"ချစ်သားတို့... ရဟန္တာပုဂ္ဂိုလ် အလှူခံဟူသည် လယ်ယာစိုက်ခင်းနှင့် အလားသဏ္ဍာန်တူပေ၏။ ပေးလှူသောသူသည်ကား လယ်သမားနှင့် အလားသဏ္ဍာန်တူပေ၏။ လှူဖွယ်ပစ္စည်းသည်ကား မျိုးစေ့နှင့်အလားသဏ္ဍာန်တူပေ၏။ လယ်ယာမြေ၊ ထွန်ယက်သူ၊ မျိုးစေ့ ဤသုံးခုပေါင်းစည်းမိမှသာလျှင် သီးနှံကောင်းတို့ ဖြစ်ထွန်းကြကုန်၏။ ထိုအတူပင် ဘလှူခံပုဂ္ဂိုလ်၊ လှူဒါန်းသူ၊ လှူဖွယ်ပစ္စည်း ဤသုံးမျိုးတို့ ပေါင်းစပ်သော အခါမှသာလျှင် လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သောအကျိုးတို့ ဖြစ်ထွန်းကြကုန်၏။

ချစ်သားတို့...ဤအလှူခံပုဂ္ဂိုလ်၊ လှူဒါန်းသူ၊ လှူဖွယ်ပစ္စည်းစသဖြင့် သုံးရပ်ပေါင်း၍ ဖြစ်လာသော ကောင်းမှုသည် ဘဝတစ်ပါးသို့ ပြောင်းသွားသူတို့အား ရည်စူးပေးဝေလိုက်သော ကုသိုလ်အဖို့ကို ရရှိစေသဖြင့် အကျိုးများကုန်၏။ လှူဒါန်းသူတို့အားလည်း လူ၊ နတ်၊ နိဗ္ဗာန်၊ သုံးတန်သောချမ်းသာကို ရရှိခြင်းငှာ ကျေးဇူးပြုပေ၏။

ချစ်သားတို့...ကွယ်လွန်သူတို့သည် မိမိတို့အားရည်မှန်း၍ လှူဒါန်းသော ကုသိုလ်၏အကျိုးကို ခံစားကြကုန်၏။ လှူဒါန်းသူတို့မှာလည်း မိမိပြုသော ကုသိုလ်၏ အကျိုးအားဖြင့် ကြီးပွားကြသည်သာတည်း"



ဟူ၍ ဟောကြားတော်မူလေ၏။ တရားတော်ဆုံးလေသည် ရှိသော် တရားနာပရိသတ်တို့လည်း အကျွတ်တရားကိုယ်စီရကြကုန်၏။

တရားပွဲပြီးလေသော် သုလသာနှင့် သူမ၏မိခင်တို့ ပြန်လည်ဆုံတွေ့ကြလေသတည်း။

**ကျမ်းကိုး**

**– ပေတဝတ္ထု၊ အဋ္ဌကထာ**

**ဥရဂဝဂ်၊ ခေတ္တူပမပေတဝတ္ထု**

www.burmeseclassic.com

www.burmeseclassic.com

# ကျိန်ဆိုခြင်း၏ ရလဒ်များ



## ကျိန်ဆိုခြင်း၏ ရလဒ်များ

ကြည်လင်လှစွာသော ဂင်္ဂါမြစ်ရေသည် တငြိမ့်ငြိမ့်တသွင်သွင် စီးဆင်းလျက် ရှိပေ၏။

အဆိုပါ ဂင်္ဂါမြစ်ကမ်းအတိုင်း ဒယိမ်းဒယိုင်ဖြင့် လျှောက်လှမ်းလာသူတစ်ဦးရှိချေ၏။ ထိုသူကား လူမဟုတ်။ ပြိတ္တာမသာလျှင် ဖြစ်၏။ ထိုပြိတ္တာမ၏ မျက်နှာမှာ ညှိုးလျှနေ၏။ ပကတိရုပ်သွင်က ဆိုးဝါးလှသည်နှင့်အမျှ ကြောက်မက်ဖွယ်ရာလည်း ကောင်းမှကောင်း။ သူ့ကို မြင်တွေ့သူမှန်သမျှ လန့်ဖျားဖျားလောက်အောင်ပင် ဆင်းသွယ်လက္ခဏာက အကောင်းဟူ၍ တစ်ကွက်ကလေးမျှ မရှိ။

သို့ရာတွင် ထိုပြိတ္တာမ၌ ထူးခြားမှုတစ်ခုတော့ရှိနေပါ၏။ ထိုထူးခြားမှုက ဆံပင်ဖြစ်ချေ၏။ သူ၏ဆံပင်တို့သည် ညိုမှောင်မည်းချိပ်နေ၏။ ဆံသားတို့ကို ကိုင်တွယ် ထိတွေ့ကြည့်လျှင် နူးညံ့မှုအတိ။ ဆံကေသာတို့ကို ဦးခေါင်းထက်မှ ဖြန့်ချလိုက်ပါက ဆံပင်၏ အဖျားတို့သည် မြေသို့စိုက်လေ၏။ ထိုသို့သော

www.burmeseclassic.com

www.burmeseclassic.com



အနေအထားမျိုးဆိုလျှင် ဆံပင်တို့သည် မြေမှ ပေါက်ဖွားရှင်သန်ကော့တက်ကာ အညွန့်တလူလူ အနေအထားမျိုးဟု ပြောစမှတ်ပြုရမည်သာ ဖြစ်ရလေ၏။ ဆံကေသာအလုံးကို ဖြန့်ချလိုက်ပါက တစ်ကိုယ်လုံးကိုပင် လွှမ်းဖုံးသွားရှာလေတော့၏။

ထိုပြိတ္တာမသည် ဂင်္ဂါမြစ်ကမ်းအတိုင်း လှုပ်လီလှုပ်လဲ့ လျှောက်လှမ်းရင်းမှ ဂင်္ဂါမြစ်ရေပြင်ကို အာသာငမ်းငမ်းဖြင့် ငေးကြည့်ရင်း…

"အမယ်လေး…လေး၊ ရေဆာလိုက်တာ၊ အခုနေအခါများ ဂင်္ဂါမြစ်ထဲကရေတွေကို သောက်လိုက်ရရင် ဘယ်လောက်များ ကောင်းလိုက်လေမလဲ"

ဟူ၍ ညည်းတွားရေရွတ်နေမိတော့၏။ အာခေါင်တစ်ခုလုံးသည် ရေငတ်ခြင်းဝေဒနာကြောင့် ခြောက်သယောင်းလျက်ရှိ၏။

ရေကိုလည်း မြင်နေရပြီး သောက်ချင်သော အာသီသလည်း ရှိနေပြီ။

သို့ရာတွင် သူသည် ရေကို မသောက်ဝံ့၊ မသောက်ရဲအောင် ဖြစ်နေရသည်။ ရေကိုကြည့်နေရင်းမှပင် ကြောက်စိတ်တို့ ခက်ညွန့်ရှင်သန်နေကြသည်။ သူ့အဖို့ ဤလမ်း၊ ဤခရီးကို လာရခြင်းမှာ ရေသောက်လိုသည့်အတွက် ရေရှာထွက်လာခဲ့ခြင်းပင် ဖြစ်၏။ ခုတော့ သူရှာဖွေနေရသောရေကို တွေ့ပါပြီ။ သို့ရာတွင် ထိုရေသည်ပင် သူ့အား သောက်ခွင့်မသာရလေအောင် ခြောက်လှန့်နေပါရော့ကလား။

အားပါးတရ သောက်လိုသော ရေရှိရာသို့သွားလိုက်တိုင်း



ရေ၏ ခြောက်လှန့်ခြင်းကြောင့် နောက်သို့ အကြိမ်ကြိမ် လန့်ကျခဲ့ရသည်မှာလည်း မနည်းတော့။

"ငါ့အဖြစ်က… မြင်သာမြင်ရ မကြင်ရတဲ့ အဖြစ်ပါပဲလား။ ဖောင်စီးရင်း ရေငတ်နေရတဲ့အဖြစ်"

ကိုယ့်အဖြစ်ကို ကိုယ်ပြန်တွေးရင်း စိတ်မသက်သာစွာနှင့် ဝန်းကျင်ဝဲယာတစ်လျှောက်ကို တိမ်းငဲ့ကြည့်လိုက်သည်။

"အို…ရဟန်းတော်တစ်ပါးပါကလား"

မှန်ပေစွ။

ဂင်္ဂါမြစ်ကမ်းနံဘေး၌ အခက်အလက်အရွက်တို့ ရိပ်ဖြာသိပ်သည်းလျက် ညောင်ပင်ကြီးတစ်ပင်ရှိချေ၏။ ထိုညောင်ပင်ကြီးအောက်မှာ ရဟန်းတော်တစ်ပါးသည် သီတင်းသုံးလျက်။

ထိုရဟန်းတော်ကား အရှင်ကခ်ါရေဝတ ဖြစ်လေသတည်း။

* * *

အရှင်ကခ်ါရေဝတ၏ မြင်ကွင်းထဲ ပေါ်လာသည်က မည်းမည်း မည်းမည်းနှင့် လိမ့်လာနေသော အရာဝတ္ထုတစ်ခုပင် ဖြစ်သည်။ မည်သည့်အရာဖြစ်သည်ကို ကွဲကွဲပြားပြား မသိသေး၊ ထိုအရာဝတ္ထုသည် တစ်စတစ်စဖြင့် နီးကပ်၍ လာနေ၏။

မကြာခင်မှာတော့ ထိုအရာဝတ္ထုကို အရှင်သည် ကွဲပြားစွာ မြင်တွေ့လိုက်ရ၏။ မြင်ကွင်းက အလှအပတို့ ဆိတ်သုဉ်း၍ ကြောက်မက်ဖွယ်ရာအတိဖြစ်၏။ သို့သော်ငြား အရှင်ကခ်ါရေဝတအဖို့ ကြောက်ခြင်း၊ ရွံ့ခြင်း၊ ထိတ်လန့်ခြင်းတို့ အလျဉ်း

www.burmeseclassic.com

www.burmeseclassic.com



မရှိ။ ကရုဏာစက္ခုပသာဒတို့ လွှမ်းခြုံရင်း မေတ္တာဓာတ်ကို ဖြန့်ကြက်နေမိ၏။

“အရှင်ဘုရား...တပည့်တော်မဟာ လူ့ဘဝကနေ သေလွန်ပြီးတဲ့နောက် ပြိတ္တာဘဝကို ရောက်နေရပါတယ်ဘုရား။ ပြိတ္တာဘုံကို စရောက်ကတည်းက အခု (၅၅) နှစ်တိုင် ကာလပတ်လုံး အစာလည်း မစားရပါဘူးဘုရား၊ ရေလည်း မသောက် ရပါဘူးဘုရား။

အရှင်ဘုရား...တပည့်တော်မဟာ ရေအလွန်ဆာနေပါဘုရား။ ရေဆာလွန်းတဲ့အတွက် ရေအရှာထွက်ခဲ့ရပါတယ်ဘုရား။

အရှင်ဘုရား...တပည့်တော်မကို သနားကရုဏာထားလို့ သောက်ရေကို ပေးသနားတော်မူပါဘုရား”

ပြိတ္တာမ၏အသံက တကယ့်ကို ကရုဏာသက်စရာ ကောင်းလွန်းလှသည်။ သည့်အတွက် အရှင်ကင်္ခါရေဝတသည် တွေတွေငေးငေးကလေး ဖြစ်သွားရသည်။ ပြီးတော့ ကြည်လင်အေးမြလျက် တသွင်သွင်စီးဆင်းနေသော ဂင်္ဂါမြစ်ကြီး အနီးအပါးတွင် ရှိနေပါလျက် မိမိထံ ရေလာတောင်းသည့်အဖြစ်ကိုလည်း နားမလည်နိုင်အောင် ဖြစ်နေရသည်။

“ဟယ်...မာတုဂါမ၊ သင်နဲ့ မလှမ်းမကမ်းမှာ ဂင်္ဂါမြစ်ကြီး ရှိနေလေရဲ့။ ဂင်္ဂါမြစ်ရေဟာ ကြည်လင်အေးမြပြီး ဟိမဝန္တာက တိုက်ရိုက်စီးဆင်းလာတာဖြစ်တယ်။ သည်တော့ ဂင်္ဂါမြစ်ရှိရာသွားပြီး မြစ်ရေချိုချိုကို တစ်ဝကြီး သွား



သောက်ပါတော့လား...ဘာကြောင့် ငါ့ဆီလာပြီး တောင်းနေရသလဲ”

အရှင်ကင်္ခါရေဝတထံမှ ထိုစကားကြားရတော့ ပြိတ္တာမအဖို့ လွန်စွာစိတ်ထိခိုက်သွားရလေတော့သည်။ တစ်ကိုယ်လုံးလည်း ကြက်သီးတွေက တဖြန်းဖြန်း။

“အရှင်ဘုရား... တပည့်တော်မဟာ အရှင်မစေခိုင်းမီကတည်းက ဂင်္ဂါမြစ်ရှိရာကို သွားပြီး ရေသောက်ဖို့ရာ ကြိုးစားခဲ့ပါတယ်ဘုရား။ အဲသည်မှာ တပည့်တော်မ ရေကိုခပ်မယ် အလုပ်မှာ ကြည်လင်အေးမြတဲ့မြစ်ရေတွေဟာ ချင်းချင်းနီတဲ့ သွေးတွေအဖြစ် ပြောင်းလဲသွားကြပါတယ်ဘုရား။ အဲသလို ဖြစ်ဖြစ်သွားတဲ့အတွက် တပည့်တော်မအဖို့ ရေသောက်ဖို့ရာ မဝံ့ရဲတော့ပါဘူးဘုရား။ သည့်အတွက် အရှင်ဘုရားထံ ရေလာတောင်းရခြင်းဖြစ်ပါတယ်။ တပည့်တော်မအား သနားငဲ့ညှာတဲ့ အနေနဲ့ သောက်ရေကို တိုက်ကျွေးတော်မူပါဘုရား”

အရှင်ကင်္ခါရေဝတအဖို့ ပြိတ္တာမထံမှ ကြားလိုက်ရသည့် စကားကြောင့် စိတ်မသက်မသာ ဖြစ်သွားခဲ့ရသည်။

“ဟယ်...မာတုဂါမ၊ သင့်ရဲ့ ဒုက္ခကလည်း တယ်ပြီး မသေးလှပါကလား။ ရှေးတုန်းက သင်ဟာ ကိုယ်နဲ့ဖြစ်ဖြစ် နှုတ်နဲ့ဖြစ်ဖြစ်၊ စိတ်နဲ့ဖြစ်ဖြစ် ဘယ်လိုမျိုး မကောင်းမှုကို ပြုခဲ့လို့ပါလဲ။ ဘယ်လိုမျိုး မကောင်းမှုရဲ့ အကျိုးဆက်ကြောင့် ဤရွေ့ ဤမျှ ဆိုးဝါးလှတဲ့ဘဝကို ရောက်နေရတာ

www.burmeseclassic.com

www.burmeseclassic.com



ပါလိမ့်။ သောက်မယ်လို့ပြုလေတိုင်း ရေတွေက ဘာကြောင့် သွေးချင်းချင်း နီရတာပါလိမ့်”

အရှင်ကာဠိရေဝတ၏ ရိုးရိုးသားသား အမေးစကားတွေက ပြိတ္တာမအတွက်တော့ အသည်းတစ်ပြင်လုံးကို ထိုးဆွနေသည့် မြားတစ်စင်းအလား။ တတ်နိုင်လျှင် အတိတ်ကို အတိတ်မှာပဲ ထားလိုက်ချင်တော့သည်။ တကယ်တော့ သူ့အကြောင်းက သိကောင်းစရာ လှပသော အကြောင်းဇာတ်လမ်းမဟုတ်။ သမင်လည်ပြန်လည်း ငဲ့မစောင်းချင်။

သို့ရာတွင် သူသည် အရှင်ကာဠိရေဝတကို ကြည်ညိုနေမိပြီ။ လေးစားနေမိပြီ။ သည့်အတွက်အတိတ်ပြည်ဖုံးကား ချမထားသာတော့။

“အရှင်ဘုရား...တပည့်တော်မရဲ့ အတိတ်ဘဝဖြစ်တွေကို လျှောက်ထားပါတော့မယ်ဘုရား...

တပည့်တော်မရဲ့ အတိတ်ဘဝဟာ ရှည်လျားလှပါတယ် ဘုရား။ ဘုရားရှင် ပရိနိဗ္ဗာန်စံလွန်တော်မူ ပြီးတဲ့နောက် အရှင် မဟာကဿပအမှူးပြုလို့ ပထမသင်္ဂါယနာတင်စဉ်အခါက ဖြစ် ပါတယ်ဘုရား။ အရှင်မဟာကစ္စာယနအမှူးရှိတဲ့ ရဟန်းတော် တစ်ဆယ့်နှစ်ပါးဟာ ကောသမ္ဗီပြည်အနီးက တောအုပ်ကြီးတစ်ခုမှာ တောရဆောက်တည နေခဲ့ကြပါတယ်ဘုရား”

အရှင်ဘုရား... တပည့်တော်မရဲ့ ခင်ပွန်းလင်ဟာ ဥတေနမင်းရဲ့အမတ်ကြီး ဖြစ်ပါတယ်ဘုရား။ သူဟာ မြို့ပြ



ဆိုင်ရာကို စီမံအုပ်ချုပ်ရတဲ့ မြို့တော်ဝန် ဖြစ်ပါတယ်။ သူကွယ်လွန်တိမ်းပါး သွားတဲ့အခါမှာတော့ ဥတေနမင်းဟာ တပည့်တော်မရဲ့ သားဖြစ်တဲ့ ဥတ္တရာကို ဖခင်ရဲ့ အရိုက်အရာ ဆက်ခံစေပြီး သူကောင်းပြုတော်မူခဲ့ပါတယ်ဘုရား...

အရှင်ဘုရား...တပည့်တော်မရဲ့သား ဥတ္တရဟာ ရတနာသုံးပါးကို ဆည်းကပ် ကိုးကွယ်သူဖြစ်တဲ့အတိုင်း အရှင် မဟာကစ္စာယနအမှူးပြုတဲ့ သံဃာတော်တွေကို အိမ်ကို ပင့်လို့ နေ့စဉ် ဆွမ်းလုပ်ကျွေးပါတယ်ဘုရား။ ပြီးတော့ ပစ္စည်းလေးပါးဒါယကာ အဖြစ်ခံယူလို့ လိုအပ်ရာရာတွေကို မလစ်ဟင်းရအောင် အမြဲပင် လှူဒါန်းတော်မူပါတယ်ဘုရား။

အရှင်ဘုရား... တပည့်တော်မကျတော့ သားဖြစ်သူနဲ့ သား အမိချင်းတော်စပ်တဲ့တိုင်အောင် အယူဝါဒချင်းတော့ မတူပါဘူးဘုရား။ သားဖြစ်သူ နေ့စဉ် ဆွမ်းလှူဒါန်းလေ တိုင်း ရဟန်းတော်တွေကို နည်းနည်းကလေးမှ မရှုဆိတ်မနာလို ဖြစ်နေမိတာက တပည့်တော်မပဲ ဖြစ်ပါတယ် ဘုရား။ ရဟန်းတော်တွေကို ကြည်ညိုဖို့ဝေးလို့ တွေ့ရင် မြင်ရင်တောင် မျက်စိနောက်မိပါတယ်ဘုရား။ လှူရတန်း ရမှာကိုလည်း စိတ်ထဲမှာ နည်းနည်းကလေးမှတောင် မလိုလားပါဘူး အရှင်ဘုရား”

ပြိတ္တာမ၏ဖြောင့်ချက်များကား ကြားရသူအဖို့ သက်တောင့် သက်သာရှိလိမ့်မည်မဟုတ်။ ယခုလည်း အရှင်ကာဠိရေဝတအဖို့ စိတ်မသက်မသာ ဖြစ်နေရသည်က အမှန်။

www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဘုရား...တစ်နေ့မှာတော့ တပည့်တော်မရဲ့သား ဥတ္တရဟာ သံဃာတော်တွေကို ဆွမ်းလှူဒါန်းပါတယ်။ ဥတ္တရဟာ ဆွမ်းလှူဒါန်းရုံနဲ့ မရပ်သေးဘဲ၊ ထီး၊ ဖိနပ်၊ သင်္ကန်း စတဲ့ ရဟန်းအသုံးအဆောင်တွေနဲ့တကွ ဆေးဝါး ပစ္စည်းတွေကိုပါ လှူဒါန်းတဲ့အခါ တပည့်တော်မရဲ့ စိတ်ထဲ မပေးလို၊ မလှူလို၊ တွန့်တိုတဲ့ မစ္ဆေရစိတ်တွေ တဖွားဖွား ဖြစ်ပေါ်လာပါတယ် ဘုရား။ ကနဦးတော့ ကြိတ်မှိတ်ပြီး နေကြည့်ပါသေးတယ်။ နောက်သည်းမခံနိုင်တဲ့အဆုံးမှာ တပည့်တော်မရဲ့သား သာသနာ့ ဒါယကာ မောင်ဥတ္တရကို–

"ငါ့သား...မင်းဟာ ငါအလိုမရှိပါဘဲနဲ့ သံဃာတွေကို ထမင်း၊ အဖျော်တွေလှူဒါန်းခဲ့တယ်။ အဲဒီ ထမင်းအဖျော် တွေဟာ တမလွန်လောကမှာ မင်းအတွက် သွေးပကတိ ဖြစ်ပါစေ"

လို့ ကျိန်ဆဲမိခဲ့ပါတယ်။

အရှင်ဘုရား...တပည့်တော်မဟာ သားကို အဲသလိုမျိုး ကျိန်ဆဲမိခဲ့တဲ့ အကုသိုလ်အကျိုးဆက်ကြောင့် ခုလိုမျိုးပြိတ္တာ ဘဝကို ရောက်ခဲ့ရပြီး ရေသောက်မယ်လို့ ပြုလေတိုင်း အဲသည် ရေတွေဟာ တပည့်တော်မဆီရောက်တော့ ချင်း ချင်းနီတဲ့ သွေးတွေ ဖြစ်ကုန်ကြပါတယ်ဘုရား"

"အင်း...ဒုက္ခ...ဒုက္ခ...ဒုက္ခ။ အကုသိုလ်များ တယ် လည်း ကြောက်ရွံ့ထိတ်လန့်စရာ ကောင်းလှပါကလား"



အရှင်ကင်္ခါရေဝတအဖို့ သံဝေဂတရားတွေက ပုံတင် ရိုက်ခတ် နေတော့သည်။ ပြိတ္တာမအပေါ် ကရုဏာသက်မိပါ၏။ ဆာလောင်မွတ်သိပ်နေသည့် ရေကိုလည်း တိုက်ကျွေးလိုပါ၏။ သို့ရာတွင် လက်တွေ့အားဖြင့် တိုက်ကျွေးမရသည်ကို သိမြင် သည့်အတွက်–

"အသင် မာတုဂါမ၊ ခေတ္တခဏမျှ သည်းခံ စောင့် ဆိုင်း ပါလော့"

ဟူ၍ မြွက်ကြားကာ သီတင်းသုံးနေရာမှ ထသွားခဲ့ သည်။ ပြိတ္တာမမှာတော့ ဘာကို နားလည်ရမည်မှန်း မသိသည့် အသွင်ဖြင့် တွေတွေငေးငေးကလေး ဖြစ်ကျန်ရစ်ခဲ့လေ၏။

* * *

အရှင်ကင်္ခါရေဝတအဖို့ တစ်ခါဖူးမျှ မလုပ်မကိုင်ဘူးသည့် အလုပ်တွေကို လုပ်နေပါချေပြီ။

ယခုကလည်း ပြိတ္တာမအပေါ်တွင် ကရုဏာသက်၍ဖြစ်သည်။

"အသင်...မာတုဂါမ၊ ငါပြုပြုသမျှ အလှူတွေအတွက် သင့်ကိုရည်မှန်းပြီး အဖို့ဘာဂကို အမျှပေးဝေမယ်။ သင် နှစ်လို ဝမ်းမြောက်စွာ သာဓုခေါ်ပေတော့"

"တင်ပါ...ဘုရား"

သို့ဖြင့် အရှင်ကင်္ခါရေဝတသည် သံဃာတော်များအတွက် သောက်ရေ၊ ချိုးရေ၊ သုံးရေများကို ကိုယ်တိုင်ကမ်း၍လှူတော် မူ၏။ ဆွမ်းခံ၍ ရလာသော ဆွမ်းတို့ကိုလည်း သံဃာတော်တို့

www.burmeseclassic.com

www.burmeseclassic.com



အား လောင်းလှူ၏။ ပွဲသကူ သင်္ကန်းစုတ်တွေရလာလျှင် ခြေသုတ်ဖုံလုပ်၍ သံဃာတော်တို့ကို လှူ၏။ ထိုသို့ လှူပြီးလေ လှူပြီးလေတိုင်း–

"ဤကဲ့သို့ လှူဒါန်းသမျှတို့သည် ပြိတ္တာမ အတွက် ဖြစ်စေသတည်း။ လှူဒါန်းမှု ကုသိုလ်ကောင်းမှု အစုစုတို့၏ အဖို့ ဘာဂကို ပြိတ္တာမရရှိပါစေသတည်း"

ဟူ၍ အမျှပေးဝေလေ၏။ ထိုအမျှဝေသံကြားလေတိုင်း ပြိတ္တာမလည်း...

"သာဓု သာဓု သာဓု"

ဟူ၍ ရွှင်လန်းဝမ်းမြောက်စွာ ခေါ်ဆိုလေသတည်း။

* * *

အရှင်ကင်္ခါရေဝတအဖို့ မိမိ၏မျက်မှောက်၌ ကိုယ်ရောင် ကိုယ်ဝါတောက်ပစွာဖြင့် ကိုယ်ထင်ပြကာ ရှိခိုးဦးခိုက်နေသည့် နတ်သမီးအား ငေးကြည့်နေမိလေ၏။

အဘယ်က... နတ်သမီးပေနည်း။

အဘယ်ကြောင်းကြောင့် လာရောက်ရလေသနည်း။

"အရှင်ဘုရား...တပည့်တော်မဟာ အခြားသူမဟုတ်ရပါ။ အရှင်ဘုရားထံ ရေလာတောင်းတဲ့ ပြိတ္တာမ ဖြစ်ပါတယ်ဘုရား။ အရှင်ဘုရားအနေနဲ့ တပည့်တော်မကို ရည်မှန်းလို့ လှူဒါန်းမှုအစုစုပြုပြီး အဖို့ဘာဂကိုအမျှပေးဝေတဲ့ အတွက် တပည့်တော်မဟာ ပြိတ္တာဘဝက လွတ်မြောက်ခဲ့ရပါတယ်။ နတ်သမီးအဖြစ် ခံစား၊ စံစားနေရပါတယ်ဘုရား"



အရှင်ကင်္ခါရေဝတအဖို့ ပြိတ္တာမအဖြစ်မှ နတ်သမီးအဖြစ်သို့ ကူးပြောင်းရောက်ရှိသွားခဲ့လေသော အဖြစ်သနစ်တို့အား တရားနာပရိသတ်တို့အတွက် သာဓကပြ ဆုံးမစရာ ဖြစ်လာရသည်။

တရားနာပရိသတ်အဖို့ရာလည်း စဉ်းလဲဝန်တိုတတ်သော မစ္ဆေရ၏အပြစ်ကို သိရှိသွားကြလေရကား သတိသံဝေဂကြီးစွာ ရလျက် တရားနှတ်၌ မွေ့လျော်ကြကုန်သတည်း။

**ကျမ်းကိုး**

**–ပေတဝတ္ထု**

**–ဥဗ္ဗရိဝဂ်၊ ဥတ္တရမာတုပေတဝတ္ထု။**

www.burmeseclassic.com

www.burmeseclassic.com




# ပြိတ္တာမလေး မိနန္ဒာ

နန္ဒိသေနသည် ရတနာသုံးပါးကို လေးမြတ်ဈာကြည်ညိုသော ဥပါသကာတစ်ဦး ဖြစ်ချေ၏။ သူနေထိုင်သည်က သာဝတ္ထိမြို့အနီး ဆင်ခြေဖုံးအရပ်ရှိ ရွာငယ်ကလေးတစ်ရွာ ဖြစ်ပေသည်။

တစ်နေ့သ၌ နန္ဒိသေနသည် ဘုရားရှင်အား ပန်း၊ ရေ၊ ဆီမီးတို့ ကပ်လှူပူဇော်ပြီးနောက် ကိစ္စတစ်ခုဖြင့် ရွာမှထွက်လာခဲ့လေသည်။

သူသွားရမည့် ခရီးလမ်းတစ်နေရာမှာတော့ သချိုင်းကုန်းတစ်ခု ရှိ၏။ သည်သချိုင်းကုန်းကား ခြောက်လှန့်ရာ၌ နာမည်ကြီးပေရာ လူအသွားအလာ အတော်ပင်ကျဲပါးလှချေ၏။ နန္ဒိသေနအဖို့ မသွားမဖြစ်သွားရသည်ဖြစ်ရာ စိတ်ထဲမှာတော့ မသိုးမသန့် ဖြစ်ရသည်က အမှန်ပင်။

သချိုင်းကုန်းအနီးရောက်တော့ ပြေပျှမ်းတွေက ... အလိုလို

www.burmeseclassic.com

www.burmeseclassic.com



တုံ့ဆိုင်း လေးကန်လာကြသည်။ သည့်အတွက် အံ့သြခြင်း၊ ထိတ်လန့်ခြင်းတို့ ဖြစ်လာရသည့်နည်းတူ ကြက်သီးမွေးညင်းတို့ကလည်း ဖြန်းခနဲ ထလာကြချေ၏။ ဤတွင်သူသည် ခြေအစုံကို ခိုင်ခိုင်မတ်မတ် ရပ်လိုက်၍၏။ ပြီးတော့ သူ့ရှေ့တည့်တည့်ရှိ မြင်ကွင်းအား မမှိတ်မသုံ စူးစူးစိုက်စိုက် ကြည့်လိုက်မိ၏။

သူမြင်တွေ့နေရသည်ကား... ကြောက်မက်ဖွယ်ရာ ကောင်းသော မြင်ကွင်းပင်။

အသားအရောင်က မည်းချိပ်နေ၏။ သွားတို့မှာလည်း အစိပ်အကျဲ မညီ၊ ခန္ဓာကိုယ်ကလည်း အသားဆိုင်တို့ မရှိသည့် သယောင် ပိန်ကပ်နေသည်နှင့်အမျှ မျက်လုံးအစုံမှာလည်း ပြူးကြောင်ကြောင် ဖြစ်နေသည့် ပြိတ္တာမကြီးတစ်ကောင်။

ထိုပြိတ္တာမကြီးကား လှုပ်ရှားခြင်းမရှိဘဲ နန္ဒိသေနကို ပြူးကြောင်ကြောင်မျက်လုံးအစုံဖြင့် စိုက်ငေး ကြည့်ရှုနေလေသည်။ နန္ဒိသေနအဖို့ ရှေ့ကိုလည်း မတိုးသာ၊ နောက်ကိုလည်း မဆုတ်သာသော အဖြစ်ချိုး။

သည်လို အခြေအနေမျိုးမှာပင် နန္ဒိသေနလည်း ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးတို့ကို အာရုံပြုရင်းမှ မရဲသော်လည်း ပြေးခဲစေဆိုသည့်ထုံးကို နှလုံးမူကာ ရဲတင်းစွာဖြင့် စကားဆိုလေတော့၏။

"အို...အသင်၊ သင့်ရဲ့ အဆင်းသဏ္ဌာန်ဟာ ကြောက်စရာကြီးပါပဲလား။ သင်...ဘယ်သူလဲ။ ငါတော့ သင့်ကို



လူလို့ မထင်ဘူး"

သည်လိုမျိုး အမေးစကားဆိုလိုက်တော့ ပြိတ္တာမထံမှ ဆို့နင့်ကြေကွဲဖွယ်ကောင်းလှစွာသော အဖြေစကားတို့ ထွက်ပေါ်လာခဲ့သည်။

"မောင်ကြီးရယ်... ကျွန်မကို မမှတ်မိတော့ဘူးလား။ အင်းလေ... မှတ်မိစရာလည်း အနေအထားမှ မဟုတ်တော့ဘဲကိုး။ ကျွန်မဟာ ဘဝဟောင်းတုန်းက မောင်ကြီး အင်မတန်မှ ချစ်လှပါတယ်ဆိုတဲ့ မိနန္ဒာလေ"

"ဘာ..!မိနန္ဒာ၊ ဟုတ်လား။ အို...မဟုတ်ဘူး... မဟုတ်ဘူး။ သင်ဟာ... မိနန္ဒာ လုံးဝမဟုတ်ဘူး"

"ပြောတော့ မောင်ကြီးရယ်...မောင်ကြီးအနေနဲ့ မိနန္ဒာကို မမှတ်မိတာဟာ မောင်ကြီးရဲ့ အပြစ်မဟုတ်ပါဘူး။ မိနန္ဒာဟာ မောင်ကြီးနဲ့ အတူနေခဲ့ရစဉ်က မကောင်းတဲ့ အကုသိုလ် ဒုစရိုက်တွေကြောင့် သေလွန်တဲ့အခါ ခုလို ပြိတ္တာမကြီးဘဝ ရောက်ခဲ့ရတယ်။ သည်တော့ မောင်ကြီး မမှတ်မိတာ အဆိုးမဆိုပါဘူးရှင်"

ပြိတ္တာမ၏ ဆို့နင့် ဝမ်းနည်းဖွယ်စကားတို့ကို ကြားရလေတော့ နန္ဒိသေနအဖို့ တစ်ကိုယ်လုံး လှုပ်ခါသွားရလေတော့၏။ ပြိတ္တာမ၏ စကားတို့ကား... ယုံရအခက်၊ မယုံရအခက် ဖြစ်နေသည် မဟုတ်ပါလား။

သည်တော့ အကြောင်းရင်းမှန်၊ အဖြစ်သနစ်မှန်ကို သိရဖို့အတွက် သေသေချာချာ စူးစမ်းဖို့ရာ နန္ဒိသေန ဆုံးဖြတ်ချက်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အို...အသင်၊ မဟုတ်မမှန်တဲ့စကားကို မပြောဆိုပါနဲ့လား။ သင်ဟာ ဘဝဟောင်းတုန်းက ငါ့ရဲ့မယား မိနန္ဒာလို့ ဆိုခဲ့တယ်။ ထားပါတော့...သင်ဟာ ငါနဲ့နေခဲ့စဉ်ကာလက ဘယ်လိုမျိုး မကောင်းမှုဒုစရိုက်တွေ ပြုလုပ်ခဲ့လို့လဲ။ ကာယကံ၊ ဝစီကံ၊ မနောကံ ဆိုတဲ့ ကံသုံးပါးအနက် ဘယ်ကံကို ကျူးလွန် ခဲ့လို့လဲ။ ဘယ်လိုမျိုး မကောင်းမှု အကုသိုလ်ကံကို ကျူးလွန်ခဲ့လို့ ခုလိုမျိုး ပြိတ္တာဘဝကို ရောက်ခဲ့ရတယ်ဆိုတာ ငါ့ကို မှန်မှန် ပြောစမ်းပါ"

"ဟုတ်ကဲ့ပါ မောင်ကြီး... မိနန္ဒာမှန်ကဲ့အတိုင်းပဲ ပြောပြပါမယ်။ ကျွန်မဟာ မောင်ကြီးနဲ့ အကြင်လင်မယား ဘဝကို စရောက်ကတည်းကကိုပဲ ကိုယ်အမူအရာ၊ နှုတ်အမူအရာတွေမှာ ရိုင်းပျကြမ်းတမ်းတဲ့ အာရဲ၊ လျှာရဲ ဆတ်ဆတ်ကြဲ ဖြစ်ခဲ့ပါတယ်။ မယားဝတ္တရားငါးပါးကို မကျေပွန်ဘဲ၊ လင်ကိုလေးစား ရကောင်းမှန်းမသိကြမ်းတမ်း ရင့်သီးတဲ့ စကားတွေနဲ့ နှုတ်သီးကောင်း လျှာပါး လုပ်ခဲ့ပါတယ်။

မောင်ကြီးရယ်... မိနန္ဒာဟာ မောင်ကြီးအပေါ်တင် မဟုတ်သေးပါဘူး။ မောင်ကြီးရဲ့မိခင် ယောက္ခမဖြစ်သူကိုလည်း ဂါရဝေါစ နိဝါတောစ ကင်းမဲ့စွာနဲ့ 'ဟဲ့ ဓားပြမကြီး၊ သူခိုးမကြီး'စသဖြင့် ရိုင်းရိုင်းပျပျ နင်ပဲငဆ နှုတ်အာတွေ ကြမ်းခဲ့ပါသေးတယ်။



မောင်ကြီးရယ်...မိနန္ဒာလေ အမျှားကြီး မှားခဲ့ပါတယ်။ ဒါပေမယ့် အမှားတွေလွန်ခဲ့ပါပြီ။ အဲသလိုမျိုး အကုသိုလ်ကံတွေကြောင့် အခုဘဝမှာ ပြိတ္တာမကြီး ဖြစ်ခဲ့တာပေါ့၊ ကျွန်မရဲ့ အဖြစ်ကိုကြည့်လှည့်၊ မြင်လှည့်ပါဦးလား မောင်ကြီးရယ်"

သည်လိုမျိုးကြားရလေတော့ နန္ဒိသေနအဖို့ ရင်ထဲမချိအောင် ခံစားနေရပါပြီကော။ မိနန္ဒာနှင့် အတူတကွ နေရစဉ်ကာလက ချစ်ခြင်းမေတ္တာစေတ်ဖြင့် အရာရာကို သည်းခံ၍ ပေါင်းသင်းခဲ့သည်။ မိနန္ဒာကွယ်လွန်ပြီးနောက် တစ်ပင်လဲမှ တစ်ပင်ထူနိုင်သည့်အခြေအနေတွေရှိသော်ငြား... သူ့အချစ်က မိနန္ဒာထံ ပါသွားခဲ့ပြီဖြစ်၍ အချစ်သစ်တစ်ဖန် မမွေးဖွားလေတော့။

နန္ဒိသေနသည် မိနန္ဒာတစ်ဖြစ်လဲ ပြိတ္တာမကိုကြည့်၍ သနားကရုဏာစိတ်တွေ တသွင်သွင် ယိုဖိတ်လာခဲ့သည်။

သည်တော့ သူ ဘာလုပ်ရမှာတဲ့နည်း။

* * *

ကရုဏာရေလှိုင်းတွေက ဥပေက္ခာသောင်ခုံအား တိုက်စားဖြိုဖျက်လိုက်လေပြီ။

မိနန္ဒာတစ်ဖြစ်လဲ ပြိတ္တာမအား... မယားက မယားပါပဲ ဟူသော အသိဖြင့် အကျည်းတန်အရုပ်ဆိုးလှစွာသော မြင်ကွင်းကို ချွာချပစ်လိုက်၏။ သည်တော့ ပခုံးပေါ်တွင်တင်ထားသော အဝတ်စကို ဆွဲယူကာ မိနန္ဒာထံကမ်းလိုက်သည်။

"အို...မိနန္ဒာရယ်၊ မင်းရဲ့အဖြစ်ကိုကြားရတာ ရင်နင့်စရာကြီးပါပဲကွာကွယ်။ မင်းရဲ့အဖြစ်ကို မောင်ကြီး ကြည့်

www.burmeseclassic.com

www.burmeseclassic.com



ရက်ပါဘူး။ ကဲ...မောင်ကြီးပေးတဲ့အဝတ်ကို ဝတ်ထားလိုက်။ ပြီးရင် မောင်ကြီးနဲ့အတူလိုက်ခဲ့"

"မောင်ကြီးနဲ့အတူ လိုက်ခဲ့ရမယ် ဟုတ်လား"

"ဟုတ်တယ်လေ...မိနန္ဒာရယ်။ မောင်ကြီးနေတဲ့အိမ်ဟာ မိနန္ဒာအိမ်ပဲမဟုတ်လား။ အိမ်ပြန်ရောက်တဲ့အခါ မိနန္ဒာသဘော ကျနှစ်သက်တဲ့ အဝတ်အထည်ကောင်းတွေ ဝတ်ရမယ်။ မိုးလုံ၊ လေလုံအဆောက်အအုံမှာ နေရမယ်။ မိနန္ဒာကြိုက်တဲ့ စားကောင်း သောက်ဖွယ်တွေ စားသောက်ရမယ်။ ပြီးတော့ တို့များရဲ့သားနဲ့ ချွေးမတို့ကနေ မွေးဖွားလာတဲ့ မြေဦးကလေးကိုလည်း ချီရမယ်။ တကယ်ပျော်စရာကြီး မိနန္ဒာရဲ့။ ဖြစ်သမျှအကြောင်း အကောင်းချည်းလို့သာ မှတ်လိုက်ပေတော့ ကိုင်း...အဝတ်ကလေးဝတ်ပြီး မောင်ကြီးနဲ့ ပြန်လိုက်ခဲ့နော်"

ပြိတ္တာမကား ကမ်းလင့်လာသောအဝတ်စကို လှမ်းမယူခဲ့။

"အို...မောင်ကြီးရယ်၊ မောင်ကြီးက မိနန္ဒာကို ချစ်တဲ့စိတ်နဲ့ အဝတ်ကိုပေးပေမဲ့ ကျွန်မအနေနဲ့ ယူခွင့်မရှိပါဘူးရှင်။ ယူလို့လည်း မဖြစ်ပါဘူး။ မောင်ကြီးခေါ်ရာနောက်ကို လိုက်ချင်ပေမဲ့ မိနန္ဒာရဲ့လက်ရှိဘဝဟာ အိမ်ဂေဟာနဲ့ ထိုက်တန်တဲ့ဘဝမျိုး မဟုတ်တော့ဘူး မောင်ကြီးရဲ့"

ပြိတ္တာမ၏စကားသံတို့က နန္ဒိသေနအတွက် ဆို့နစ်ကြေကွဲစရာ။

"အို...မောင်ကြီးရယ်၊ မိနန္ဒာအပေါ် သနားကရုဏာရှိတယ်ဆိုရင် တစ်ခုလောက် အကြံပေးပါရစေ"



"ပေးပါ... မိနန္ဒာ၊ ပေးပါ...မောင်ကြီး ဖြည့်ဆည်းပေးပါ့မယ်"

"ကျေးဇူးသိပ်တင်ပါတယ် မောင်ကြီးရယ်...မောင်ကြီးအနေနဲ့ သီလသိက္ခာနဲ့ပြည့်စုံတဲ့ သံဃာတော် အရှင်သူမြတ်တွေကို ပင့်ပြီး ဆွမ်းအလှူဒါန ပြုတော်မူပါ။ အဲဒီအခါမှာ မိနန္ဒာ အမည်ကိုခေါ်ပြီး အမျှပေးဝေပါနော်။ အဲသည်လို အမျှပေးဝေလို့ သာဓုခေါ်ခွင့်ရပြီဆိုရင် မိနန္ဒာလေ ကုသိုလ်အဖို့ဘာဂကြောင့် သည်လိုပြိတ္တာဘဝက ကင်းလွတ်မှာပါ"

"ဪ...သည်လိုလား။ စိတ်ချ မိနန္ဒာ စိတ်ချ။ မောင်ကြီးလေ အိမ်ပြန်ရောက်ပြီ ဆိုတာနဲ့ မိနန္ဒာ မှာကြားတဲ့ အတိုင်း...တစ်သဝေမတိမ်း လုပ်ပေးမယ်... သိလား"

"ကျေးဇူးကြီးမားလှပါတယ် မောင်ကြီးရယ်"

နန္ဒိသေနလည်း မခွဲနိုင်မခွာရက်ဖြင့် ရင်ထဲမချိအောင် ခံစားရကာ သောကကို ရင်ဝယ်ပိုက်လျက် ပြန်ခဲ့ရလေသတည်း။

* * *

အိမ်သို့ပြန်ရောက်တော့ နန္ဒိသေန၏ အာရုံထဲ၌ မိနန္ဒာ၏ သနားစရာ အသွင်အပြင်က တရစ်ဝဲဝဲ။

နန္ဒိသေနလည်း မိသားစုနှင့်တိုင်ပင်၍ ရဟန်းသံဃာတော်များကို ပင့်ဖိတ်ကာ ဆွမ်းခဲဖွယ် ဘောဇဉ်တို့ကိုလည်းကောင်း၊ အဝတ်သင်္ကန်း ကျောင်းသင်္ခမ်းတို့ကိုလည်းကောင်း၊ ထီး ဖိနပ် အမွှေးနံ့သာ ပန်းမာလာတို့ကိုလည်းကောင်း၊ ပြန့်ပြောများပြားစွာ

www.burmeseclassic.com

www.burmeseclassic.com

အလှူအတန်းပြုပြီးနောက် ကုသိုလ်အဖို့ဘာဂကို မိနန္ဒာအတွက် အမျှပေးဝေလေ၏။

နောက်ရက်တွေမှာတော့ မိနန္ဒာကို တွေ့လိမ့်နိုးနှင့် သချိုင်းကုန်းရှိရာသို့ သွားရောက် ရှာဖွေကြည့်ပါ၏။ မတွေ့၊ မမြင်။ သူ့အာရုံထဲမှာတော့ ပြိတ္တာမ၏အသွင်က ဖျောက်မရသည့် ရုပ်ပုံတစ်လွှာ ဖြစ်နေခဲ့ရသည်။

"သြော်...မိနန္ဒာရယ်...မင်းဘယ်ဆီများ ရောက်နေသလဲကွယ်။ မင်းအတွက် မောင်ကြီးရည်စူးလှူဒါန်းခဲ့တဲ့ ကုသိုလ် အဖို့ဘာဂတွေကို ရမှရပါလေစ"

စိတ်ထဲမှာတော့ တအုံ့နွေးနွေး။

မိနန္ဒာအပေါ် သနားကရုဏာမိုးတွေက ဖြိုးဖြိုးဖွေနေဆဲ။ သည်အခိုက်မှာပင် မမျှော်လင့်သော မြင်ကွင်းတစ်ခုက သူ့ရှေ့မှာ ဖျတ်ခနဲ ပေါ်လာခဲ့သည်။

သည်မြင်ကွင်းသည် အရင်တစ်ခါလာတုန်းက တွေ့မြင်ရသော မြင်ကွင်းနှင့် တခြားစီဟု ဆိုရမည်သာပင်။

ယခု မြင်တွေ့လိုက်ရသည့်က ကိုယ်ရောင်ကိုယ်ဝါတောက်ပစွာနှင့် ချစ်ခင်မြတ်နိုးစရာကောင်းလှစွာသော နတ်သမီးလေးတစ်ပါးပင် ဖြစ်ချေ၏။

"အို...အသင်နတ်သမီး၊ သင်ရဲ့ အဆင်းရူပကာဟာ ရွှေစင်ကိုသွန်းဆစ်ထားသလို လှပတင့်တယ်လှချည်လား။ တင့်မောဖွယ် သိရိကျက်သရေရှိလှချည်လား။ ဘယ်လိုကုသိုလ်၊ ဘယ်လိုအကျိုးကြောင့် အခုလို တပြိုးပြိုး တပြက်



ပြက် ရောင်စဉ်တွေ ယှက်ဖြာနေရပါသလဲ။ ငါ့ကို ပြောနိုင်ရင် ပြောပြစမ်းပါလား"

နန္ဒိသေန၏စကားအဆုံးမှာတော့ နတ်သမီးက နှစ်လိုစွာ ပြုံးပြရင်း...

"အို...မောင်ကြီးရယ်၊ ခုတစ်ခါလည်း မောင်ကြီးဟာ မိနန္ဒာကို မိနန္ဒာမှန်း မသိပြန်တော့ဘူးပေါ့"

"ဘာ...အသင်နတ်သမီးဟာ မိနန္ဒာ...ဟုတ်လား"

နန္ဒိသေနအဖို့ မိနန္ဒာအား ပြိတ္တာမအသွင် ခေါက်ရိုးကျိုးနေလေပြီမို့ ယခုလိုမျိုး အပြောင်းအလဲ၌ ပါးစပ်အဟောင်းသားဖြင့် တအံ့တသြ ဖြစ်ရပြန်လေ၏။

"တကယ်ပါ...မောင်ကြီးရဲ့။ ကျွန်မဟာ အတိတ်ဘဝက မောင်ကြီးရဲ့ ချစ်ဇနီးမယား မိနန္ဒာမှ မိနန္ဒာအစစ်ပါရှင်။ မောင်ကြီးနဲ့ အတူနေထိုင်ခဲ့တုန်းက လင့်အပေါ်လည်း မရိုသေ၊ ယောက္ခမ အပေါ်ကိုလည်း မခန့်လေးစားလုပ်ခဲ့လို့ အကုသိုလ် ဒုစရိုက် တွေဖိစီးပြီး ပြိတ္တာမဘဝကို ရောက်ခဲ့ရပါတယ်။

အဲသည်မှာ မောင်ကြီးက မိနန္ဒာကိုရည်စူးပြီး ကုသိုလ်အဖို့ဘာဂတွေပြုခဲ့တဲ့အခါ မိနန္ဒာဟာ သာဓုခေါ်ခွင့်ရခဲ့ပါတယ်။ အဲသည်လို သာဓုခေါ်ခွင့်ရခဲ့လို့ ပြိတ္တာဘဝက အသွင်ပြောင်းပြီး အခုလို နတ်သမီးဘဝကို ရောက်ခဲ့ရပါတယ်။ အဲသည်အတွက် မောင်ကြီးကို ကျေးဇူးသိတင်တဲ့အကြောင်း လာရောက် ပြောဆိုနှုတ်ဆက်တာပါရှင်"

www.burmeseclassic.com

www.burmeseclassic.com



သည်နောက်မှာတော့ မိနန္ဒာနတ်သမီးလည်း မှုန်ဝါးပျောက်ကွယ်ခဲ့ရပါချေ၏။ သည့်အတွက် နန္ဒိသေနအဖို့ ဝမ်းမြောက်ကြည်နူး၍ မဆုံးတော့။

* * *


နောက်ရက်မှာတော့ နန္ဒိသေနသည် ဆွမ်းခံသံဃာတော်များအား ကုသိုလ်ဒါနအဖို့ဘာဂ၏ အကျိုးကျေးဇူးကြီးမားပုံ၊ မကျွတ်မလွတ်သော ပြိတ္တာများအနေဖြင့် သာဓုခေါ်ခွင့်ကြုံပါက ပြိတ္တာဘဝမှ ကျွတ်လွတ်ပြီး ကောင်းမွန်မြင့်မြတ်သော ဘုံဗိမာန်သို့ ရောက်ရှိနိုင်ပုံတို့အား မိမိအဖြစ်ကို စံနမူနာထားလျက် လျှောက်ထားခဲ့လေ၏။

ဤသို့ ရဟန်းတော်များကလည်း နန္ဒိသေန ပြောဆိုသည်များကို မြတ်စွာဘုရားရှင်ထံရောက်သည့်အခါ လျှောက်ထားကြပြန်၏။ ထိုအခါ မြတ်စွာဘုရားရှင်လည်း ထိုအကြောင်းအရာအဖြစ်သနစ်တို့ကို အရင်းခံလျက် တရားနာပရိတ်သတ်တို့အား ဟောကြားတော်မူ၏။ ကံသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ပြီး သီလဥ္စ မွေ့လျော်ရန် ဆုံးမလေ၏။ ထိုဒေသနာတော်ကား တရားနာပရိသတ်အပါအဝင် လူအပေါင်းတို့အတွက် ကာယကံ၊ ဝစီကံ၊ မနောကံတည်းဟူသော ကံသုံးပါးအပေါ် စောင့်ထိန်းနိုင် သတိသံဝေ ရကြပါလေသတည်း။

**ကျမ်းကိုး**

**–ပေတာဝတ္ထု ဥဇ္ဇရိဝဂ်မှ နန္ဒာပေတိဝတ္ထု။**

ဏ္ဍသာ မိတ္တ ပြိတ္တာ



www.burmeseclassic.com

www.burmeseclassic.com

## ဣသော မိန္တာ ပြိတ္တာ

လူနတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ အထွတ်ဦးကင်း ဖြစ်တော်မူသော ဗုဒ္ဓဘုရားရှင်သည် ဒေသစာရီ လှည့်လည်၍ တရားဒေသနာတော်တို့ကို ဟောကြားတော်မူပြီးသည့်နောက် သာဝတ္ထိပြည်သို့ ပြန်လည်ကြွမြန်းလာခဲ့ပြီး ဇေတဝန်ကျောင်း တော်၌ သီတင်းသုံး စံမွှာယ်တော်မူလေ၏။

ထိုကာလဝယ် သာဝတ္ထိပြည်သားကုန်သည်တို့သည် လှည်း ငါးရာဖြင့် ကုန်ပစ္စည်းများကို တင်ဆောင်ကာ သာဝတ္ထိမှ ထွက် လာခဲ့ကြလေ၏။ တစ်မြို့ဝင် တစ်မြို့ထွက်၊ တစ်နယ်ဝင်တစ်နယ် ထွက်ဖြင့် ပါလာသောကုန်ပစ္စည်းတို့ကို ရောင်းချကြလေ၏။ ရောင်းချစရာ ကုန်ပစ္စည်းများ ကုန်သည်ရှိသော် ထိုအရပ် ဒေသမှ ထွက်ရှိသော ကုန်ပစ္စည်းများကို ပြန်လည်ရောင်းချရန် ဝယ်ယူ တင်ဆောင်လာကြပြန်၏။

အချိန်မှာ နေဝင်ဆည်းဆာချိန် ဖြစ်လေသည်။

ကုန်သည်တို့လည်း လှည်းငါးရာကို ထိန်းကျောင်းမောင်းနှင်



ကာ တောလမ်းခရီးအတိုင်း တအိအိ မောင်းနှင်လာခဲ့ကြစဉ်မှာ နေလုံးကြီးလည်း အနောက်ဂေါယာကျွန်းသို့ ဝင်ရောက်ပျောက် ကွယ်သွားလေတော့သည်။

သို့ရာတွင် သူတို့သည် စခန်းချရပ်နားခြင်းမပြုဘဲ ကြယ်ပြာ ကလေးများ၏ မှုံမှုံစိပ်စိပ် အလင်းရိပ်ဖြင့် ညဉ့်လွှာရုံအောက် ဝယ် မောင်းနှင်မြဲ မောင်းနှင်နေကြလေ၏။ သို့ဖြင့် တစ်နေရာ သို့ ရောက်လေသောအခါမှ ခရီးပန်းလာပြီဖြစ်သည့်အတွက် မြေကွက်လပ်တစ်နေရာကို ရွေးချယ်ကာ စခန်းချ ရပ်နားကြလေ ၏။ ဤတွင် နွားများ မပျောက်ရှရန်၊ သူခိုးသူဝှက်ရန်မှ ကင်းဝေး ရန် လှည်းများကို စက်ဝိုင်းပုံသဏ္ဌာန်ဝိုင်းဖွဲ့ပြီး လှည်းဝိုင်း၏ အလယ်၌ နွားများကို ထားကြလေ၏။

နွားများကို အစာကျွေးသူ ကျွေးကြ၏။ ရေတိုက်သူ တိုက် ကြ၏။ မီးပိုးသူ ပိုးကြ၏။ ရေနွေးကျိုသူ ကျိုကြ၏။ ချက်ပြုတ် သူ ချက်ပြုတ်ကြ၏။

* * *

ထိုအခါကာလသမယဝယ် ပြိတ္တာတစ်ကောင်သည် လူသံ သူသံများကြားရ၍ အစားအစာကလေးများ ရလိုရငြား လှည်း ဝိုင်းရှိရာသို့ ဒယိမ်းဒယိုင်ဖြင့် ထွက်လာခဲ့လေ၏။

ထိုပြိတ္တာကောင်ကား ကိုယ်ခန္ဓာကြီးမားထွားကျိုင်း၏။ ခြေ လက်တို့မှာ ထန်းပင်လုံး ပမာဏရှိ၏။ သူ၏ ဝမ်းကြေးကြီးမှာ ကား ကြီးမားလှပါဘိ။ အစာကိုလည်း မစားရ၊ ရေကိုလည်း မသောက်ရ၊ အစာငတ်၊ ရေငတ်နှင့် အငတ်သုံးရာလည်းနေရ

www.burmeseclassic.com

www.burmeseclassic.com



ရှာသော အဝတ်ပြိတ္တာကြီးပင် ဖြစ်လေ၏။ မစားရ၊ မသောက်ရ အမြဲလိုလို ဆာလောင်မွတ်သိပ်နေရလေကား လူသံ သူသံများ ကြားရာအရပ်၌ စားရနိုးနိုး၊ သောက်ရနိုးနိုး မျှော်လင့်ချက်ရင်မှာပိုက်ကာ လှည်းအုပ်ရှိရာ မှန်းဆ၍ လာနေခြင်းပင် ဖြစ်လေသည်။

ထိုအခိုက် လှည်းသမားတစ်ယောက်သည် လှည်းဝိုင်းအပြင်ဘက်ထွက်ကာ မီးမွှေးရန်အတွက် ထင်းခြောက်များကို ရှာနေစဉ် ပြိတ္တာကြီးအား ရုတ်တရက်တွေ့မြင်လိုက်ရလေရာ–

"အောင်မယ်လေး… သရဲ… သရဲ"

ဟူ၍ အထိတ်တလန့် သံကုန်ဟစ်အော်ရင်း လှည်းဝိုင်းရှိရာသို့ ပြန်ပြေးလာခဲ့ရလေ၏။

"ဟေ့…ဟေ့…ဘယ်လိုဖြစ်တာလဲ…ဘာဖြစ်တာလဲ"

လှည်းဝိုင်းရှိ လူများကား လက်နက်ကိုယ်စီ ကိုင်စွဲလျက် အသံထွက်ပေါ်ရာသို့ စုဝေးထွက်လာခဲ့ကြရာ ပြေးလာသော လှည်းသမားနှင့် ဆုံမိကြလေ၏။

"ဟေ့ကောင်… ဘာဖြစ်တာလဲ ပြောစမ်း"

"သ…သရဲကြီး…ဧရာမ သရဲကြီးဗျ"

"ဟာ…ဒီကောင် ကယောင်ကတမ်းနဲ့ ဘာတွေ လျှောက် ပြောနေတာလဲ…ဘယ်မှာလဲ သရဲဆိုတဲ့ဟာ"

"ဟို…ဟို…ဟိုမှာ…ဟိုမှာ"

လှည်းသမား ညွှန်ပြရာကိုကြည့်လိုက်တော့ ဧရာမကြီးမားလှစွာသော ပြိတ္တာကောင်ကြီးကို တွေ့ရလေ၏။ သည့်အတွက်



လှည်းသမားအချို့သည် လှည်းဝိုင်းရှိရာသို့ ပြန်လှည့်ပြေးကာ လှည်းကြိုလှည်းကြားသို့ ဝင်ရောက်ပုန်းအောင်းကြလေ၏။ အချို့ ကျန်ရစ်သည့် သတ္တိရှိသူများကမူ လှည့်ပြန်မပြေးဘဲ လက်နက်ကိုယ်စီကိုင်စွဲကာ အသင့်အနေအထားဖြင့် ရပ်စောင့်နေကြလေ၏။

ပြိတ္တာကောင်ကြီးလည်း မှုံမှိုင်းစိပ်စိပ်၊ ရိပ်ရိပ်ရေးရေး ကြယ်ပြာကလေးများ၏ အလင်းရောင်အောက်၌ အားယူ၍ ဟိုယိမ်းသည်ယိုင်ဖြင့် လှည်းဝိုင်းရှိရာသို့ မှန်းဆကာ လာမြဲလာနေ၏။

"ဟေ့…အနားရောက်လာပြီး ရန်ပြုလို့ကတော့ လက်မနှေးနဲ့နော် ဦးအောင် ခုတ်တန်ခုတ်၊ ထိုးတန်ထိုး၊ ရိုက်တန်ရိုက် ပစ်လိုက်ကြဟေ့"

"စိတ်ချပါဗျာ…ကျားနဲ့ဆင် လယ်ပြင်မှာ တွေ့ကြသလို တစ်ပွဲတစ်လမ်း အကဲစမ်းကြတာပေါ့။ သာဝတ္ထိသားတွေပဲဟာ ချွေးမနည်းပါဘူး။ သွေးကြောင်လို့ကတော့ ဘားရှောင်လို့ နေလိုက်ပြီ"

သို့ရာတွင် အခြေအနေကား ထင်မှတ်သလို ဖြစ်မလာခဲ့။ မျှော်လင့်ထားသော ပွဲကြီးပွဲကောင်းမှာ ပျက်ပြယ်သွားခဲ့ပါပြီကော။

အကြောင်းရင်းကတော့ ပြိတ္တာကြီးသည် သူတို့ထံမှောက်သို့ ရောက်မလာခင်မှာပင် အားအင်ပြတ်လပ်ကာ ဘုံးခနဲလဲကျသွားသောကြောင့်ပင်တည်း၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

"ဟင်"

"ဟယ်"

လှည်းသမားတွေမှာတော့ ပါးစပ်အဟောင်းသားဖြင့် အံ့အားသင့်၍ မဆုံး။

* * *

"ဟော... ဟော... လှုပ်နေပြီ... လှုပ်နေပြီ"

"ဟုတ်တယ်ဟ... မသေသေးဘူး"

"အားပြတ်ပြီး လဲကျ သွားတာဖြစ်မယ်"

ပြိတ္တာကြီးကား လဲနေရာမှ ထရန် လူးလွန့်နေ၏။ သို့ရာတွင် လုံးဝဥဿုံ မထနိုင်သေးသည့် အနေအထားမှာပင် တုတ်ဓား ကိုယ်စီဖြင့် လှည်းသမားတို့ ဝိုင်းအုံလာကြချေ၏။ သူတို့သည် ပြိတ္တာကြီးကိုကြည့်ကာ ဝေဖန်ပြောဆိုနေကြလေ၏။

"တောက်...ကြောက်စရာကြီးကွာ...ငါတစ်ယောက်တည်းသာဆိုရင် သွေးပျက်သွားမလားတောင် မသိဘူး"

"ဟုတ်ပါရဲ့...ကြောက်စရာကောင်းတဲ့အပြင် ခန္ဓာကိုယ်ကလည်း နည်းနည်းနောနော မဟုတ်ဘူး"

သည်လိုမျိုး ဆူဆူညံညံ တစ်ယောက်တစ်ပေါက် ပြောနေကြစဉ်မှာပင် အသက်အကြီးဆုံး လှည်းသမားက ပြိတ္တာကြီးအား မေးလိုက်သည်။

"အို...အသင်၊ သင့်ကို မြင်တွေ့ရတာ စိတ်မချမ်းသာစရာကောင်းလိုက်တာ။ ခါးမှာလည်း အဝတ်အစားက



မကပ်။ ကိုယ်တုံးလုံးကြီးနဲ့ ခန္ဓာကိုယ်ကြီးက နည်းနည်းနောနောမဟုတ်ပေမဲ့ ပိန်လှီပြီးတော့ နေတာပဲ။ အကြောတွေကလည်း ပြိုင်းပြိုင်းထပြီး နံရိုးတွေကလည်း ရေတွက်လို့တောင်ရတယ်။ နေစမ်းပါဦး သင်က ဘယ်သူလဲ၊ ဘာကြောင့်များ ဒီလိုမျိုး ဘဝဆိုးကို ရောက်နေရတာတုံး"

ပြိတ္တာကြီးကား လှည်းသမားမေးသမျှကို တစ်လုံးတစ်ပါဒ မကျန် အကုန်လုံးကြားနေရ၏။ ကြားသမျှ မေးသမျှကိုလည်း ဖြေဆိုချင်လှပါ၏။ သို့ရာတွင် အားအင်တို့ ပြတ်လပ်နေသည့်အတွက် ရုတ်ချည်းအားဖြင့် အဖြေမပေးနိုင်။ အသက်ကိုပင် တမျှင်းမျှင်း ရှူနေရသည့် အနေအထား။

သူ့အဖြစ်ကိုကြည့်၍ လှည်းသမားများအဖို့ သနားကရုဏာစိတ်ပင် သက်ဝင်လာခဲ့ရသည်။ ပြိတ္တာကြီးအဖို့ အားမလျော့သေး။ ဤကဲ့သို့ လူလူသူသူတို့နှင့် တွေ့ကြုံဆုံစည်းရသည့်အခိုက် ခဲယဉ်းစွာရရှိလာသော အခွင့်အရေးတစ်ခုကို လက်လွှတ်ဆုံးရှုံးမခံချင်။ သူ့အဖြစ်သနစ်၊ သူ့ဘဝကို လူအပေါင်းတို့ကို သိစေချင်သည်။ လူတွေသိသွား၍ အကူအညီပေးလာလျှင် သူ့ဘဝတစ်မျိုးတစ်ဖုံ ပြောင်းလဲလိမ့်မည်ကို သဘောပေါက်ထားသည်။ သည့်အတွက် ကြိုးစားအားယူ၍ ဖြေကြားလိုက်လေ၏။

"အို...အချင်း လှည်းသမားတို့၊ ကျွန်ုပ်ဟာ ပြိတ္တာတစ်ကောင်သာ ဖြစ်ပါတယ်"

"ဘာ...ပြိတ္တာ၊ ဟုတ်လား။ အို...ဘယ်လိုအကြောင်းကိစ္စတွေအရင်းခံလို့ ပြိတ္တာဘဝရောက်ရတာဟဲ့"

www.burmeseclassic.com

www.burmeseclassic.com



"အဆွေ…လှည်းသမားတို့၊ ဂေါတမဘုရားရှင် ပွင့်တော်မမူသေးခင်အခါက ပုဏ္ဏားမင်းတို့ စိုးစံတဲ့'ရေကစ္ဆ' ဆိုတဲ့ မြို့တစ်မြို့ ရှိခဲ့ဖူးပါတယ်။ အဲသည်မြို့မှာ ကျွန်ုပ်ဟာ ခနပါလ သူဌေး ဖြစ်ခဲ့ပါတယ်။ ကျွန်ုပ်ပိုင်ဆိုင်တဲ့ စည်းစိမ် ဥစ္စာအနေ အထားကိုပြောရရင် ငွေသားချည်းသက်သက် လှည်းအစီး ရှစ်ဆယ်တိုက်ရှိပါတယ်။ ဒါ့အပြင် အခြား ရွှေ၊ ပုလဲ၊ ကြောင် မျက်ရွဲရတနာတို့လည်း မြောက်မြားစွာ ရှိပါသေးတယ်"

ပြိတ္တာကြီးကား ပြောရင်း၊ ပြောရင်း အမောဖောက်လာသည်။ သည့်အတွက် ခေတ္တမျှ စကားပြတ်ခဲ့ရသည်။ ပြိတ္တာ ပြောဆိုသောစကားတို့မှာ စိတ်ဝင်စားဖွယ် ကောင်းလှသည့် အတွက် အာရုံစိုက်ကာ နားထောင်နေကြသည်။

"သည်ရွှေ့သည်မျှလောက် သုံးမကုန်၊ ဖြုန်းမကုန်နိုင် လောက်အောင် ငွေကြေးဥစ္စာရတနာတွေ အလျှံပယ်ကြွယ်ဝ ပါရဲ့သားနဲ့ ဘာ့ကြောင့် ဒီလိုမျိုး ပြိတ္တာဘဝဆိုးကို ရောက်ရ ပါလိမ့်"

သည်လိုမျိုးအတွေးတွေက လှည်းသမားတွေ၏ စိတ်အာရုံ ထဲမှာ အစီအရီ။

"အဆွေ လှည်းသမားတို့၊ ကျွန်ုပ်ဟာ ဤရွှေ့ဤမျှ အထိ ကျိကျိတက် ချမ်းသာကြွယ်ဝပေမဲ့လည်း အလှူဒါနနဲ့ ပတ်သက်လာရင် တစ်ပြားတစ်ချပ်မှ မလှူဒါန်းခဲ့ပါဘူး။ ကုသိုလ်ရေးဘက်မှာ အင်မတန်အားနည်းရုံမျှမက ကိုယ့်အိမ် ကို အလှူခံတွေ သူတောင်းစားတွေ မလာပါစေနဲ့၊



မလာပါစေနဲ့ ဆိုပြီး အိမ်တံခါးပေါက်တွေကို ဂျက်ထိုးလို့ လုံအောင်ပိတ်ထားခဲ့ပါတယ်။ ထမင်း စားမယ်ဆိုရင်တောင် တောင်းရမ်းစားသောက်သူတွေ မြင်မှာစိုးလို့ တံခါးကို လုံအောင်ပိတ်ပြီးမှ စားပါတယ်။

အဆွေတို့… ကျွန်ုပ်ဟာ ဘယ့်ကလောက်တောင် အကျင့်ယုတ်သလဲဆိုရင် ရတနာသုံးပါးအပေါ်မှာ သက်ဝင် ယုံကြည်မှု လုံးဝမရှိခဲ့ပါဘူး။ သူတစ်ပါးအပေါ်ကိုလည်း ဝန်တိုလိုက်တာ မပြောပါနဲ့တော့။ မပေးရက်၊ မလှူရက်နဲ့ ကပ်စေးကလည်း နည်းမှနည်း။ သည်ကြားထဲ သူတစ်ပါး မကောင်းသတင်းဆိုရင် အရသာခံပြီး ပြောလိုက်ဆိုလိုက် ရတာ မောတယ်လို့တောင် မထင်ခဲ့ပါဘူး။ သည့်ထက်ဆိုး တာက ကိုယ်ကိုယ်တိုင် မပေးလှုံ့တဲ့အပြင် ပေးလှူတဲ့ သူတွေကိုတောင် ကျွန်ုပ်ဟာ 'ဟေ့…မလှူကြ မတန်းကြနဲ့၊ လှူတယ်ဆိုတာ ကိုယ့်ပစ္စည်းဥစ္စာကုန်ခန်းသွား ရတဲ့ဟာ။ ဘာမှ အကျိုးမရှိဘူး။ ဒါ့အပြင် ဥပုသ်သီလလည်း စောင့် မနေကြနဲ့ စောင့်လို့လည်း ဘာမှ ထူးမလာဘူး' ရယ်လို့ အစရှိသဖြင့် ပိတ်ပင်ခဲ့ပါတယ်"

"သြော်… ဖြစ်မှ ဖြစ်ရလေ…ဒီလောက်တောင်မှ အသိ ခေါက်ခက် မိုက်တွင်းနက်ရသတဲ့လား ပြိတ္တာကြီးရယ်"

"မိတ်ဆွေတို့ရယ်…ကျုပ် မိုက်တွင်းနက်ခဲ့ပုံတွေဟာ စာတောင်မှ ဖွဲ့လောက်ပါရဲ့။ သည့်ထက် ဆိုးရွားတာတွေ ပြောရရင် တကယ့်ကို တစ်ပုံတစ်ပင်ကြီးပါ။ ကျုပ်ဟာ

www.burmeseclassic.com

www.burmeseclassic.com



သူတစ်ပါး ဘည်ဆောက်ထားတဲ့ တံတားတွေကိုလည်း ဖျက်ဆီးခဲ့တယ်။ တစ်ပါးသူတွေ တူးဖော်ထားတဲ့ ရေတွင်း ရေကန်တွေ၊ သတ္တဝါတွေသောက်သုံးဖို့ ဆည်ဖို့ထားတဲ့ ဆည်မြောင်းရေကန်တွေကိုလည်း ဖျက်ဆီးခဲ့တယ်။ ဒါတင် ပဲလားဆိုတော့ မဟုတ်သေးဘူး။ သူတစ်ပါး စိုက်ပျိုးထားတဲ့ ဥယျာဉ်ခြံမြေတွေ သီးနှံတွေကိုလည်း ဖျက်ဆီးခဲ့ပါသေးတယ်။ ကျွန်ုပ်ဟာ ကြွယ်ဝချမ်းသာတဲ့ သူဌေးကြီးဖြစ်ပါလျက် ဘဝကို တန်ဖိုးရှိရှိ အသုံးမချခဲ့ပါဘူး။ လူမဆန်တဲ့ လုပ်ရပ်တွေနဲ့ အဖိုးတန်တဲ့အချိန်တွေ၊ ဘဝတွေကို နင်းချေဖျက်ဆီးပစ်ခဲ့တဲ့သူပါ။ ကိုင်း...အဆွေတို့၊ လောကမှာ ကျွန်ုပ်လောက် မိုက်မဲဆိုးဝါးလှတဲ့သူ ရှိနိုင်ပါဦးတော့မလား”

ပြိတ္တာကြီးကား အတိတ်ကားချပ်များကို ပြန်ပြောင်းလှစ်ဟရင်း အမောဖောက်လာခဲ့ပြန်၏။ ထို့ကြောင့်ပင် စကားတို့မဆက်နိုင်လောက်အောင် တန့်ရပ်သွားရပါလေ၏။ ပါးစပ်ဟလိုက်တိုင်း ရင်အစုံသည် နိမ့်ချည်၊ မြင့်ချည်ဖြစ်ကာ ဟောဟဲလိုက်၍ နေတော့သည်။

“ကျွတ်...ကျွတ်...ကျွတ် မောနေသေးရင် နားပါဦးလား ပြိတ္တာကြီးရယ်။ မြင်ရတွေ့ရတာ စိတ်မသက်သာစရာကောင်းလွန်းလို့ပါ”

“ရပါတယ်...အဆွေတို့ရယ်။ ကျွန်ုပ်ရင်ထဲမှာ မြိုသိပ်အောင့်အည်းနေခဲ့ရတာ ငါးဆယ့်ငါးနှစ်တာ ကာလရှိသွားခဲ့



ရပါပြီ။ ခုလိုမျိုး ဖွင့်ဟပြောဆိုလိုက်ရမှ စိတ်ထဲ သက်သာသလို ရှိသွားပါတော့တယ်။

အဆွေတို့...ကျွန်ုပ်ဟာ သူဌေးကြီးဖြစ်ခဲ့ပေမဲ့ ကုသိုလ်ဒါနဆိုလို့ နှမ်းစေ့တစ်စေ့လောက်မပြောနဲ့ သဲတစ်ပွင့်လောက်တောင်မှမရှိဘဲ ဆိုးသွမ်းယုတ်မာမှုအတိ အကုသိုလ်ဒုစရိုက်တွေနဲ့သာ ပြည့်လျှမ်းနေခဲ့ရပါတယ်။ ဒီလိုနဲ့ ဘဝဇာတ်သိမ်းခဲ့ရလေတော့... အခု အဆွေတို့ မြင်ရတွေ့ရတဲ့အတိုင်း အစာမစားရ၊ ရေမသောက်ရနဲ့ ပြိတ္တာဘဝကို ရောက်ခဲ့ရပါတယ်”

ပြိတ္တာကြီးကား ပြောရင်း၊ ပြောရင်းမှ မောလာပြန်သည်ထင့်။ ခေတ္တခဏမျှ စကားရပ်သွားခဲ့ပြန်သည်။ ထိုစဉ်မှာပင် လှည်းဝိုင်းအတွင်း ပုန်းလျှိုးနေခဲ့ကြလေသော လှည်းသားများတို့လည်း လူစုစုရှိရာ ထိုနေရာသို့ ရွံ့တွန့်၊ ရွံ့တွန့်ဖြင့် စူးစမ်းရန် ရောက်ရှိလာကြလေသည်။

“မိတ်ဆွေတို့... ကျွန်ုပ်ရဲ့အဖြစ်ကိုကြည့်ပြီး ကျွန်ုပ်လို မမိုက်မဲဖို့ မယုတ်မာဖို့ သတိပေးပါရစေ။ ကျွန်ုပ်ဟာ ကောက်ကျစ်စဉ်းလဲပြီး ကပ်စေးနည်းခဲ့တယ်။ လှူနိုင်၊ တန်းနိုင်၊ ပေးကမ်း စွန့်ကြဲနိုင်ပါလျက် နှမြောတွန့်တိုပြီး အကျိုးရှိရာ ရှိကြောင်း ကိစ္စတွေ မလုပ်နိုင်ခဲ့လို့ ဘဝတွေ လွန်မှပဲ နောင်တ တဖန်ပူပန်မှုတွေ ဖြစ်ပေါ်ခံစားရပါတယ်။

မိတ်ဆွေတို့... ကျွန်ုပ်ဟာ နောက်လေးလကြောက် ရောက်တဲ့အခါ ပြိတ္တာဘဝကနေ ဘဝတစ်ခုကို ပြောင်းရပါ

www.burmeseclassic.com

www.burmeseclassic.com



လိမ့်ဦးမယ်။ ပြောင်းရမယ့်ဘဝက ချမ်းသာရာဘဝတော့ မဟုတ်ပါဘူး။ ပြော မပြတတ်လောက်အောင် ဝဋ်ဆင်းရဲဒုက္ခတွေ ပတ်လည်ဝိုင်းနေတဲ့ အဝီစိငရဲ ခံရမယ့်ဘဝပါ"

"အို...ဖြစ်မှ ဖြစ်ရလေ ပြိတ္တာကြီးရယ် သင့်ဘဝက လည်း ဆိုးရွားလိုက်တာ"

"ဆိုးတာမှ စာမဖွဲ့နိုင်လောက်အောင်ပါပဲ မိတ်ဆွေတို့ရယ်၊ ကျွန်ုပ်ခံစားရမယ့် အဝီစိငရဲဆိုတာ ပမာဏအားဖြင့် လေးထောင့်စပ်စပ်ရှိပါတယ်။ တံခါးကြီးကလည်း လေးပေါက်တောင်မှ။ တံခါးပေါက်အတွင်းမှာတော့ အကန့်လိုက်၊ အကန့်လိုက်ကဏ္ဍတွေ ခွဲခြားထားပါသေးတယ်။ လေးဘက်လေးတန် တံတိုင်းကြီးတွေခတ်လို့ အပေါ်က သံအမိုးတွေ၊ သံအုပ်ဆောင်းတွေတောင် ဖုံးအုပ်ထားပါသေးရဲ့။

အဲသည် အဝီစိငရဲကြီးရဲ့ အောက်ခံမှာတော့ သံထည်တွေကအတိ။ တံတိုင်းဆိုတဲ့ အပူမီးတွေက တလျှံလျှံဟပ်ပြီး အပူခိုးတွေဆိုတာ တလူလူ တက်နေလေရဲ့။ အဲသည် အကျယ်အဝန်းဟာ ယူဇနာတစ်ရာအထိ ရှိပါတယ်။

မိတ်ဆွေတို့...ကျွန်ုပ်ဟာ ပြိတ္တာဘဝက အသွင်ကူးသွားတဲ့နောက် အပူမီးတွေ တရှိန်ရှိန်လောင်မြိုက်နေတဲ့ အဝီစိငရဲ မှာ အကုသိုလ်အကျိုးဆက်တွေ မကုန်မချင်း ကာလကြာမြင့်စွာ ကျခံရပါလိမ့်မယ်။ အဲသည် အဖြစ်ကို တွေးမိလေ၊ တွေးမိလေတိုင်း ရင်ထဲမချိအောင် ပူဆွေးနေရပါတယ် မိတ်ဆွေတို့ရယ်။



သည်တော့ မိတ်ဆွေတို့ကို ပြောချင်ဘာက မျက်မှောက်မှာပဲဖြစ်ဖြစ်၊ မျက်ကွယ်မှာပဲဖြစ်ဖြစ် အကုသိုလ်ဒုစရိုက်တွေကို ကျူးလွန်ဖို့မဆိုထားနဲ့ စိတ်နဲ့တောင် မကူးကြပါနဲ့။ အကုသိုလ် ဒုစရိုက်ကျူးလွန်တဲ့သူတွေအဖို့ မြေလျှိုးလို့ မိုးပျံပြီး ပုန်းအောင်းပါစေဦး... လွတ်ကင်းမှာ မဟုတ်ပါဘူး။ ပုန်းခိုစရာဆိုလို့လည်း မရှိပါဘူး။

မိတ်ဆွေတို့...သင်တို့ရဲ့မိဘတွေကို စေတနာရှေ့ထားပြီး အမွန်အမြတ်လုပ်ကျွေးပြုစုကြပါ။ သက်ကြီးရွယ်အိုပုဂ္ဂိုလ်တွေကို ရိုသေညွတ်တွားကော်ရော် ပူဇော်ကြပါ။ အလှူဒါနတွေ ပြုကြပါ။ သီလကို စောင့်ထိန်းကြပါ။ သည်လိုမျိုး မိဘတွေကို လုပ်ကျွေးပြုစုသူ၊ သက်ကြီးရွယ်အိုတွေကို ရိုသေညွတ်တွားသူ၊ အလှူဒါနပြုသူ၊ သီလကို စောင့်ထိန်းသူတွေအဖို့ ကောင်းရာ သုဂတိကိုလားရောက်ရပါလေမယ်"

ပြိတ္တာကြီးလည်း ထိုသို့ရင်းတွင်းရှိသမျှ ဖွင့်ဟပြောဆိုပြီးသည့်နောက် အားပြတ်ကာ လဲကျသွားပြန်လေတော့၏။

"ဟာ...သနားစရာကွာ။ သူ့ အမောပြေအောင် ရေတိုက်လိုက်ကြပါ"

"ဟုတ်တယ်ဟေ့... သောက်ရေသွားခပ်ခဲ့ကြကွာ"

လှည်းသမားတို့လည်း ရေအိုးရေခွက်တို့ သွားယူလာကြကာ ပြိတ္တာကြီး၏ ပြဲဟနေရသော အာခံတွင်းထဲသို့ ရေများလောင်းထည့်လိုက်ကြ၏။ သို့ရာတွင် ရေတို့သည် ပြိတ္တာကြီး၏ ဝမ်း

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းတွင်းသို့ ရောက်မသွား။ လည်ချောင်းအောက်သို့ပင် မရောက်။ အာခံတွင်းထဲမှပင် အပြင်သို့ တပွက်ပွက်နှင့် ပြန်လည် ထွက်ကျလာခဲ့သည်။ သည်တော့ ထပ်မံ၍ ရေတိုက်ကြပြန်သည်။ ဒါလည်းပဲ အရာမထင်။

"ပြိတ္တာကြီး...ဘယ်လိုလဲ...ရေငတ်ပြေပါရဲ့လား"

"အဆွေတို့...ကျွန်ုပ်ကို စေတနာနဲ့ ရေတိုက်ကြတာ ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ အဆွေတို့ရဲ့ မျက်မြင်ပါပဲ။ ရေတစ်ပေါက်မှ ကျွန်ုပ်ရဲ့ဝမ်းထဲသို့ မရောက်ပါဘူး"

"အို...သင့်ရဲ့ ဝဋ်ဒုက္ခကလည်း ကြီးမားလိုက်တာ"

"အကုသိုလ်အကျိုးဆက်ပေါ့ မိတ်ဆွေတို့ရယ်"

"အင်း...ကျုပ်တို့တော့ သင့်ဝမ်းထဲ ရေရောက်အောင် ဘယ်လို တိုက်ရမလဲဆိုတာ မစဉ်းစားတတ်တော့ဘူး။ အဲဒါ ဘာကြောင့်ပါလိမ့်။ သင့်ဝမ်းထဲရောက်အောင် ဘယ်လိုများ တိုက်ရမှာပါလိမ့်"

"မိတ်ဆွေတို့...ကျွန်ုပ်ရဲ့ဝမ်းထဲကို ရေတစ်စက်မှ မရောက်ရတဲ့အဖြစ်က ကျွန်ုပ်ကျူးလွန်ထားတဲ့ အကုသိုလ်အပြစ်တွေက ဟန့်တားထားလို့ပါပဲ။ ကျွန်ုပ်အဖို့အကုသိုလ်ကံအကြွေးတွေ ကျေတော့မှသာ ရေကို ဝဝလင်လင် သောက်သုံးနိုင်မှာပါ။

တကယ်လို့များ မိတ်ဆွေတို့အနေနဲ့ ကျွန်ုပ်ကိုကူညီချင်တယ်ဆိုရင်ဘုရားရှင်အမှူးရှိတဲ့ သံဃာတော်တွေ ထံမှာ ကျွန်ုပ်ကိုရည်စူးလို့ အလှူဒါနပြုပြီး အဖို့ဘာဂ အမျှဝေ



ပေးပါ။ ကျွန်ုပ်အနေနဲ့ သာဓုခေါ်ခွင့်ရမယ်ဆိုရင် ပြိတ္တာဘဝကနေ လွတ်မြောက်စရာ အကြောင်းရှိပါလိမ့်မယ်"

"ဟာ...သည်အတွက်တော့ မပူနဲ့...စိတ်သာချ ပြိတ္တာကြီး။ သင့်အတွက် ငါတို့တွေ အလှူဒါနပြုပေးကြမယ်။ သာဓု ခေါ်ဖို့သာ ပြင်ပေတော့"

"ကျေးဇူးကြီးမားလှပေတယ်...အဆွေတို့ရယ်"

ပြိတ္တာကြီးကား မိမိခံစားနေရသည့် ဝဋ်ကြွေးဒုက္ခတို့ ကင်းဝေးတော့မည့်အဖြစ်အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေလေတော့တကား။

* * *

လှည်းသားတို့လည်း နေရပ်ဌာနေ ပြန်ရောက်လေ့တော့ မြတ်စွာဘုရားရှင်အမှူးရှိသော သံဃာတော်အရှင်သူမြတ်များကို ပင့်ဖိတ်ကာ၊ မိမိတို့အား တရားသံဝေဂဖြစ်စေခဲ့သည့်ခနပါလသူဌေးတစ်ဖြစ်လဲ ပြိတ္တာကြီးအား ရည်စူး၍ အလှူဒါနပြုခဲ့၏။ အဖို့ဘာဂကို အမျှဝေခဲ့၏။ ပြိတ္တာကြီးလည်း သာဓုခေါ်ခွင့်ရသည့်အတွက် ဘဝဆိုးမှကျွတ်လွတ်ကာ မြင့်မြတ်ကောင်းမွန်သောဘုံကို ရောက်ရှိသွားလေတော့၏။

ဘုရားရှင်လည်း ခနပါလသူဌေးပြိတ္တာကို အကြောင်းပြု၍ တရားသဘင်၌ တရားနာပရိသတ်အပေါင်းအား တရားဒေသနာတော်ကို ဟောကြားတော်မူလေ၏။

ထိုတရားဒေသနာတော်ကြောင့်ပင် ဒါနမှု၌ ဆုတ်နစ်သူတို့သည်လည်းကောင်း၊ မနာလိုသဝန်တိုသူတို့သည်လည်းကောင်း၊

www.burmeseclassic.com

www.burmeseclassic.com



သူတစ်ပါးအလှူဒါနကို ပိတ်ပင်သူတို့သည်လည်းကောင်း၊ မိမိမလှူသည့်အပြင် သူတစ်ပါးလှူထားသည့် ကုသိုလ်ကောင်းမှုတို့အား ဖျက်ဆီးသူတို့သည်လည်းကောင်း၊ တရားသံဝေဂများ ပွားများရရှိကာ ကောင်းကျိုးလိုရာတို့ ဖြစ်စေခဲ့ပါသတည်း။

ကျမ်းကိုး

-ပေတဝတ္ထု

-ဥဗ္ဗရိဝဂ်၊ ခနပါလ သေဋ္ဌိပေတဝတ္ထု

## မိတ္တဝိဒ၏ လောဘ



www.burmeseclassic.com

www.burmeseclassic.com

## မိစ္ဆာဝါဒ၏ လားရာ

သတ္တဝါဝေနေယျတို့အပေါ် သနားကရုဏာတော်ကြီးမား လှစွာသော သဗ္ဗညုတဗုဒ္ဓဘုရားရှင်သည် ရာဇဂြိုဟ်ပြည်ရှိ ဝေဠုဝန်ကျောင်းတော်၌ စမ္မာယ်သီတင်းသုံးစဉ်က ဖြစ်ပေ၏။

ထိုကာလ၌ မဂဓတိုင်းဝယ် 'ဣဋ္ဌကဝတီ' အမည်ရွာနှင့် 'ဒီဃရာဇိ' အမည်ရှိ ရွာငယ်နှစ်ရွာတို့ ရှိကြရာ ထိုရွာတို့၌ မှီတင်းနေထိုင်ကြသော ရွာသူရွာသားအပေါင်းတို့သည် 'သံသာရ မောစက' အယူဝါဒ ရှိကြလေ၏။ သံသရ မောစက အယူဝါဒ ဟူသည်ကား-

'သတ္တဝါတို့ကို သတ်ဖြတ်လျှင် အပြစ်မရှိ'၊ 'သတ္တဝါတို့မည်သည် လူချွတ်မှ ကျွတ်သည်'၊ သတ္တဝါတို့ကို ချွတ်ခြင်းသည် သတ္တဝါတို့ ခံစားနေရသော ဝဋ်ဒုက္ခမှ လွတ်မြောက်အောင် ကယ်တင်ခြင်းဖြစ်သည့်အတွက် သတ်ခြင်း မမည်"



ဆိုသော အယူဝါဒပင် ဖြစ်လေ၏။

ထိုအယူဝါဒနှင့်ကိုက်ညီစွာ ရွာလုံးကျွတ်ဆိုသလိုပင် ရွာသူရွာသားတို့သည် ကျင့်ဆောင်ကြကုန်၏။ ပိုးကောင်၊ ခြပုန်း၊ နံ့ကောင်အစရှိသော အကောင်ပလောင်သတ္တဝါများကို မြင်တွေ့ရသည်နှင့် သတ်ဖြတ်ကာ သတ္တဝါတို့၏ဝဋ်ဒုက္ခကို ချွတ်ကြလေကုန်၏။

ဣဋ္ဌကဝတီရွာ၏ သက်တမ်းကား နည်းနည်းနောနော မဟုတ်။

ဂေါတမဘုရားရှင် ပွင့်တော်မမူမီ နှစ်ပေါင်းငါးရာအထက်ကတည်းက တည်ရှိခဲ့သော အထင်ကရရွာဖြစ်၏။ ထို့အတူ သံသာရမောစက အယူဝါဒသည်လည်း ထိုနည်းနှင်နှင်ပင် သက်တမ်းရှည်ခဲ့ပါချေ၏။

ထိုရွာရှိ အမျိုးသမီးတစ်ဦးသည် မိရိုးဖလာအတိုင်း သံသာရ မောစကအယူဝါဒကို လက်ကိုင်ထားသူဖြစ်၏။ ထိုဝါဒနှင့်အညီ သန်း၊ ကြမ်းပိုး၊ မှဲ့၊ ခြင်၊ ယင်၊ ပိုးနံ့ကောင် အစရှိသော သတ္တဝါအကောင်တို့ကို အလွတ်မပေးဘဲ သတ်ဖြတ်ပစ်စမြဲ ဖြစ်၏။ ထိုအမျိုးသမီး၏ စိတ်ထဲ၌ ထိုလုပ်ရပ်ကို အကုသိုလ်လုပ်ရပ်ဟု မထင်။ သတ္တဝါတို့အား ချွတ်ကယ်တင်ခြင်းဟူ၍ပင် မှတ်ယူထားလေ၏။

ထိုသို့သော အယူဝါဒအမှားကို လက်ကိုင်ကျင့်သုံးလျက်ရှိသော အမျိုးသမီးလည်း သေလွန်သည်ရှိသော် ပြိတ္တာဘဝသို့ ရောက်ရလေ၏။ အစားဆင်းရဲခြင်း၊ အသောက်ဆင်းရဲခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



အဝတ်ဆင်းရဲခြင်း၊ အနေဆင်းရဲခြင်းစသည့် ဆင်းရဲခြင်း အပေါင်းတို့၏ ဒဏ်ကို ခါးစည်းခံစားရသည်မှာ နှစ်ပေါင်းငါးရာ တိုင်ခဲ့လေပြီတကား။

* * *

အကုသိုလ်အကျိုးဆက်ကုန်ဆုံးချိန်မှာတော့ ငါးအားလျော် စွာပင် အဆိုပါပြိတ္တာမသည် ပြိတ္တာဘဝမှကင်းလွတ်ခဲ့ပြီး ဣဋ္ဌက ဝတီရွာကလေးမှာပင် လူလာဖြစ်ခဲ့ရ၏။ သူမ၏မိဘများမှာ မိရိုးဖလာအတိုင်း သံသာရမောစကအယူဝါဒကို လက်ကိုင်ထား သူများ ဖြစ်ကြလေ၏။ သည့်အတွက်ကြောင့်လည်း သူမသည် သံသာရမောစက အယူဝါဒအောက်၌ ကြီးပြင်းရှင်သန်လာခဲ့ သည်မှာ (၇) နှစ်သမီးအရွယ်သို့ ရောက်ရှိလာခဲ့တော့သည်။

ထိုကာလဝယ် ဂေါတမဘုရားရှင်၏ လက်ယာတော်ရံ အဂ္ဂသာဝကကြီး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာမထေရ် မြတ်ကြီးသည် ဣဋ္ဌကဝတီရွာကို အမှီပြု၍ 'အရဏဝတီ' အမည်ရှိ ကျောင်းသင်္ခမ်း၌ သီတင်းသုံးတော်မူလေ၏။ နေ့စဉ် နေ့တိုင်း တစ်ကျိပ်နှစ်ပါးသော သံဃာတော်များဝန်းရံလျက် ဣဋ္ဌကဝတီရွာသို့ ဆွမ်းခံထွက်ကြွတော်မူလေသည်။

ဤ၌ ဗုဒ္ဓဘုရားရှင်၏ တရားဒေသနာတော်များမှာ နေရာ ဒေသအတော်တော်များများသို့ ဖြန့်ကြက်နေပြီဖြစ်ရာ ဣဋ္ဌကဝတီ ရွာရှိ လူများတွင်လည်း ဘုရားရှင်၏ ဗုဒ္ဓဝါဒကို ကိုးကွယ်သူ တွေရှိနေကြပြီဖြစ်၏။ ထို့အတူ သံသာရမောစက အယူဝါဒ စွဲကိုင်သူတွေလည်း ရှိနေကြဆဲ။ ဗုဒ္ဓဝါဒီတွေရှိနေလေသော ရွာ



ဖြစ်သည်မို့ နေ့စဉ်နံနက်တိုင်း ဆွမ်းခံသံဃာတော်တို့၏ သင်္ကန်း ရောင်တို့သည် ဝင်းဝင်းဝါဝါနှင့် ကျက်သရေဖြာကျနေတော့ သည်။

တစ်နေ့သောနံနက်ခင်းမှာတော့ ရွာလယ်လမ်းမပေါ်တွင် မိန်းကလေးငယ်တစ်စုသည် ကလေးငယ်တို့ဘာသာဘာဝ ထုပ် ဆီးတိုးတမ်း ကစားနေကြသည်။ တိုးသူကတိုး၍ ဖမ်းသူကဖမ်း အော်ဟစ်အားပေးသူက အားပေးဖြင့် လမ်းမပေါ်တွင် စည်ကား လျက် ရှိလေ၏။

ထိုသို့ တိုးကြ၊ ဝှေ့ကြ၊ ဖမ်းကြ၊ ဆီးကြဖြင့် တပျော်တပါး ကစားနေကြရာမှ' မိန်းကလေးငယ်တစ်သိုက်သည် ရုတ်ချည်း ရပ်တန့်ကာ တစ်နေရာကို လက်အုပ်ကိုယ်စီ ချီလိုက်ကြလေ၏။ အကြောင်းရင်းသည်ကား ရွာတံခါးမှ ရှင်သာရိပုတ္တရာမထေရ် မြတ်ကြီး အမှူးပြုသော သံဃာတော်တစ်ကျိပ်နှစ်ပါးတို့ သပိတ် ကိုယ်စီပိုက်လျက် သိမ်မွေ့စွာ ဆွမ်းခံကြွလာသောကြောင့် ဖြစ် လေသည်။ မိန်းကလေးငယ်များသည် မထေရ်မြတ်ကြီးနှင့်တကွ သံဃာတော်တို့ နီးလာသောအချိန်ဝယ် တိုင်ပင်မထားရပါဘဲနှင့် ကိုယ်စီကိုယ်ငှဆိုသလို ရပ်နေရာမှ ကျုံ့ကျုံ့ကလေးထိုင်လိုက် ကြကာ လက်အုပ်ကြာမုံတို့ကို ငုံငုံကလေး ဖူးလိုက်ကြလေသည်။

ထိုအထဲမှာတော့ သံသာရမောစက မိစ္ဆာအယူရှိသော မိန်းကလေးငယ်မှာမူ မပါဝင်ခဲ့။

သူမသည် လမ်းဘေးတွင် လက်အုပ်ချီခြင်းမရှိဘဲ ကြော စီစီဖြင့် ရပ်မြဲရပ်နေလေ၏။ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



လည်း ထိုမိန်းကလေးငယ်၏ အ–ဂါရဝ၊ ရိုသေမှုကင်းမဲ့သော အမူအရာတို့ကြောင့် လှမ်းကြွနေရာမှ ရုတ်ချည်းရပ်လိုက်ပြီး မိန်းကလေးငယ်အ… သနားကရုဏာအကြည့်ဖြင့် ကြည့်ရှုတော်မူလိုက်လေသည်။

"ဤမိန်းကလေးငယ်ကား ရှေးကလည်း သံသာရ မောစက မိစ္ဆာအကျင့်ကိုကျင့်ခဲ့၏။ ယခုလည်း ထိုမိစ္ဆာ အကျင့်ကိုပင် ကျင့်ပြန်ချေပြီ။ သည့်အတွက်သေလွန်သည် ရှိသော် ငရဲသို့မုချ လားရပေလိမ့်မည်။ အကယ်၍ ငါ့ကို ရှိခိုးခဲ့ပါလျှင် ငရဲသို့ မလားရောက်ရဘဲ ပြိတ္တာဘဝသို့သာ ရောက်ရပေလတ္တံ့၊ ငါ့ကိုပင် အကြောင်းပြု၍ သူသည်ပြိတ္တာ အဖြစ်မှ လွတ်မြောက်ရပေလတ္တံ့."

ထို့နောက် မထေရ်မြတ်ကြီးသည် သပိတ်ပိုက်၍ ရပ်တော်မူရင်းမှပင် လက်အုပ်ချီမိုး ရှိခိုးနေသော မိန်းကလေးငယ်တို့ကိုလည်းကောင်း၊ ရိုသေ ကိုင်းညွတ်ခြင်းမရှိဘဲ ကြောင်စီစီဖြင့် တောင့်တောင့်ရပ်နေသော မိန်းကလေးငယ်တို့ကိုလည်းကောင်း ကြည့်ရှုပြီးလျှင်–

"ရဟန်းတော်များအား ရိုသေစွာ ရှိခိုးခြင်းအမှုသည်ကား ကောင်းပေစွ။ ထိုသူငယ်မမှာမူ ရဟန်းတော်တို့ကို ရိုသေစွာ ရှိခိုးခြင်းမရှိဘဲ ကျက်သရေကင်းမဲ့စွာ ရပ်နေလေသည်တကား"

ဟူ၍ မိန့်တော်မူလေ၏။



ထိုအခါ ဗုဒ္ဓဝါဒီမိန်းကလေးငယ်တို့သည် မိစ္ဆာဝါဒီသူငယ်မအား ရဟန်းတော်တို့ကို ရှိခိုးရန် တိုက်တွန်းကြလေသည်။

"အို…ရဟန်းလည်း လူပဲ။ ငါလည်း…လူပဲ။ လူလူချင်း ဘာဖြစ်လို့ ရှိခိုးရမှာလဲ၊ မရှိခိုးနိုင်ပါဘူး"

သည်သို့အကြောက်အကန်ငြင်းဆန်သည်ရှိသော် မိန်းကလေးငယ်တို့သည် ထိုသူငယ်မအား ဝိုင်းဝန်းဖမ်းချုပ်၍ မြေပြင်ပေါ်တွင်ထိုင်စေပြီး လက်ကိုချုပ်ကိုင်ကာ ရှိခိုးစေ၏။ ဤသို့ဖြင့် သူငယ်မလည်း မိမိ၏ဆန္ဒသဘောထားမပါဘဲ အားမတန်၍ မာန်လျှော့လေရဟန်ဖြင့် အရှင်သာရိပုတ္တရာ၏ခြေတော်ရင်း၌ ဝပ်စင်းကာ ရှိခိုးဦးချရလေသတည်း။

* * *

အချိန်ကာလတွေက တိမ်ပဝါစတွေနှယ် တလွင့်လွင့် တ[illegible]မျောမျော။

မိစ္ဆာဝါဒီသူငယ်မလည်း အရွယ်ရောက်သည်ရှိသော် သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်ဆိုသည့် သဘာဝတရားနှင့်အညီ သံသာရမောစကအယူဝါဒချင်းတူသည့် ဒီဃရာဇိရွာသားလုလင်တစ်ဦးနှင့် အိမ်ထောင်ရက်သားကျသွားလေတော့၏။

လင်ယူသားမွေးခြင်းသည် သဘာဝနိယာမပင်ဖြစ်ပေရာ အိမ်ထောင်ကျပြီး များမကြာမီမှာပင် ထိုအမျိုးသမီးလည်း ကိုယ်ဝန်ဆောင်ရလေ၏။ ကိုယ်ဝန်သည် တဖြည်းဖြည်း ရင့်ရင့်လာပြီး ကိုးလလွန်မြောက် ဆယ်လရောက်သည့်အခါ [illegible] အတိုင်း မီးဖွားလေတော့၏။ မီးဖွားရာတွင် သန္ဓေသ[illegible] အဆ

www.burmeseclassic.com

www.burmeseclassic.com



မတန်ကြီးထွားလာလေရာ မီးမဖွားနိုင်ဘဲ ပီးတွင်းမှာပင် အလူး အလဲ ဝေဒနာခံစားရကာ ကွယ်လွန်တိမ်းပါးသွားလေ၏။

* * *

ကောင်းကင်ပြင်မှာတော့ လရောင်ရိပ်က မှုန်မှုန်စိပ်စိပ်။

သည့်အတွက် အရဏဝတီကျောင်းသခ်မ်းသည် ညဥ့်လွှာရုံ အောက်ဝယ် မှိန်မှိန်ပျပျကလေး ဖြစ်နေရလေ၏။

ထိုညဥ့်လွှာရုံအောက်မှာတော့ တစ်ပါးတည်း စင်္ကြံလျှောက် နေသည်က အရှင်သာရိပုတ္တရာ့မထေရ်မြတ်ကြီး ဖြစ်လေသည်။

သည်ကာလဝယ် ပြိတ္တာမတစ်ကောင်သည် အရှင်သာရိပုတ္တ ရာအား တစ်စေ့တစ်စောင်းချောင်းမြောင်းလျက် အရှင်ပြတ်ထံ မှောက် ဝင်ရောက်ရန် အားထုတ်နေလေသည်။ သို့ရာတွင် ရှေ့ သို့ မတိုးဝံ့သည့်အတွက် တွန့်ဆုတ်၊ တွန့်ဆုတ်ဖြစ်နေလေ တော့၏။

နောက်ဆုံးမှာတော့ ပြိတ္တာမလည်း ဖြစ်ချင်ရာဖြစ်စေတော့ ဟူ၍ သဘောပိုက်ကာ အရဲကိုးလျက် အရှင်သာရိပုတ္တရာ မြင် သာအောင် ကိုယ်ထင်ပြလေတော့သည်။ မထေရ်မြတ်ကြီးလည်း ထိုအခြင်းအရာကြောင့် စင်္ကြံလျှောက်နေရာမှ ရပ်တန့်လိုက်လေ ၏။ ထိုအခြေအနေဝယ် ပြိတ္တာမသည် မထေရ်မြတ်ကြီး၏ ရှေ့တော်သို့ တရွေ့ရွေ့တိုးကပ်လာခဲ့၏။

အဝတ်ကလည်း မပါ။

ရုပ်ရည်ကလည်း ဆိုးဆိုးရွားရွား။

နံရိုးကလည်း အပြိုင်းပြိုင်းနှင့်။



သည်လိုမျိုးအသွင်သဏ္ဌာန်နှင့် ပြိတ္တာမကို မြင်လေသည် ရှိသော် မထေရ်မြတ်ကြီး၏ရင်ထဲ၌ ကရုဏာလှိုင်းတို့သည် အတောမသတ် ရိုက်ခတ်လာကြကုန်၏။ ထိုအခါတွင်–

"အသင်သည် မည်သူဖြစ်ပါသနည်း...အဘယ်ကြောင့် ဤကဲ့သို့သော အဖြစ်မျိုး ဖြစ်နေရသနည်း။ အဘယ်ကြောင့် ငါ့ထံသို့ လာရလေသနည်း"

ဟူ၍ မေးခွန်းတို့ကို ဆက်တိုက်ပင် မေးတော်မူလေ၏။

ထိုအခါ ပြိတ္တာမလည်း–

"အရှင်ဘုရား...တပည့်တော်မဟာ ပြိတ္တာဖြစ်ပါတယ် ဘုရား။ တပည့်တော်မဟာ သတ္တဝါတွေကို လူ့ချွတ်မှကျွတ် တယ်ဆိုတဲ့ 'သံသာရမောစကဝါဒ' ကို လိုက်နာကျင့်သုံးပြီး သတ္တဝါတွေကို သတ်ဖြတ်မိခဲ့တဲ့အတွက် သည်လိုအဖြစ်မျိုး ဖြစ်နေရတာပါ။ အမှန်တကယ်ဆိုရင် ငရဲကို ကျရမှာပါ။ ဒါပေမဲ့ လူ့ဘဝတုန်းဆီက အရှင်ဘုရားကို လက်အုပ်ချီမိုး ရှိခိုးဦးချခဲ့တဲ့အတွက် ပြိတ္တာဘဝကိုပဲ ရောက်ရတာပါ ဘုရား...

အရှင်ဘုရား...တကယ်တော့ တပည့်တော်မရဲ့ဘဝဟာ 'သူ့အသက်တစ်ချောင်း မသတ်ကောင်း' ဆိုပြီး ဟန့်တား ဆုံးမမယ့် မိဘလည်းမရှိ၊ ဆွေမျိုးဉာတိလည်း မရှိတဲ့အတွက် မိစ္ဆာအယူဝါဒအမှားကြီးကို ယူခဲ့မိပါတယ်။ အဲဒါကြောင့် ဒုက္ခဆင်းရဲ ဝဲဩဃထဲ ကျရောက်ခဲ့ရတာမို့ တပည့်တော် မကို ကယ်တင်ပေးတော်မူဖို့ လာရောက်လျှောက်ထား

www.burmeseclassic.com

www.burmeseclassic.com



အသနား ခံတာပါဘုရား”

ဟူ၍ တောင်းပန်လျှောက်ထားလေ၏။

“အင်း… သင့်အဖြစ်ဟာ အတော်ပဲဆိုးဝါးလှပါကလား”

မထေရ်မြတ်ကြီးလည်း ကရုဏာရှင်ပီပီ ပြိတ္တာမ၏ တောင်းပန်လျှောက်ထားချက်ကို လက်ခံတော်မူကာ ရဟန်းတော်တစ်ပါးအား တစ်လုတ်စာမျှရှိသော ဆွမ်းကိုလည်းကောင်း၊ လက်တစ်ဝါးစာမျှ ပမာဏမရှိသော အဝတ်ကိုလည်းကောင်း၊ တစ်ခွက်စာမျှသာရှိသော သောက်ရေကိုလည်းကောင်း လှူဒါန်းပြီးနောက် ပြိတ္တာမကို ရည်ညွှန်း၍ အမျှအတမ်း ဝေဝေတော်မူလေ၏။

ပြိတ္တာမလည်း မထေရ်မြတ်ကြီး ဝေမျှသောအဖို့ဘာဂကို သာဓုခေါ်ပြီးလျှင် ခေါ်ပြီးချင်းမှာပင် ပြိတ္တာဘဝမှ ကျွတ်လွတ်ကာ နတ်၌ဖြစ်သော အစားအစာတို့ကိုလည်းကောင်း၊ နတ်၌ဖြစ်သော အဝတ်တန်ဆာတို့ကိုလည်းကောင်း၊ နတ်၌ဖြစ်သော ရေကန်အသုံးအဆောင်တို့ကိုလည်းကောင်း၊ လက်ငင်းဒိဋ္ဌရရှိခဲ့လေတော့၏။

အရှင်သာရိပုတ္တမထေရ်မြတ်ကြီးအဖို့ သူပြုဖွယ်ရှိသောကိစ္စတို့ကို ပြုခဲ့ပြီးသည့်နောက် မေ့မေ့ပျောက်ပျောက်ပင် နေခဲ့လေ၏။

သို့ဖြင့် မှုန်မှုန်စိပ်စိပ် လရောင်ခြည်မှသည် တင့်တင့်ရွှန်းရွှန်း ယှက်ဖြာလွန်းသောလပြည့်ညသို့ ပြောင်းရွှေ့ရောက်ရှိခဲ့ချေ၏။

မထေရ်မြတ်ကြီးသည် အရဏဝတီကျောင်းသခ်မ်းရှေ့တွင် ဣရိယာပုတ် မျှတစေရန် လူးလာခေါက်တုံ့ စင်္ကြံလျှောက်နေခဲ့လေ၏။



ထိုစဉ်မှာပင် အရှင်မြတ်ကြီး၏ရှေ့၌ ပြိုးပြက်လင်းလက်သော အရာဝတ္ထုတစ်ခုက သက်ဝင်ရောက်ရှိလာခဲ့ချေ၏။

ထိုအရာကား နတ်သမီးတစ်ပါးပင် ဖြစ်လေ၏။ ထိုနတ်သမီး မထေရ်မြတ်ကြီးအား ရိုသေကိုင်းညွတ်စွာရှိခိုးပူဇော်လေ၏။

“အို…အသင်၊ သင်သည် မည်သူဖြစ်ပါသနည်း။ အဘယ်ကြောင့် ငါ့ထံသို့ ရောက်ရှိလာသနည်း”

မထေရ်မြတ်ကြီး၏အမေးကို နတ်သမီးကရိုသေစွာ လျှောက်ထားပါချေသည်။

“အရှင်ဘုရား…တပည့်တော်ဟာ နတ်သမီးဖြစ်ပါတယ်။ အရှင်ဘုရားထံလာရောက်ရခြင်း အကြောင်းရင်းခံကတော့ တပည့်တော်မကို ပြိတ္တာဘဝက ကျွတ်လွတ်အောင် ကယ်တင်စောင့်ရှောက်ခဲ့တဲ့အတွက် ကျေးဇူးစကားလာရောက်လျှောက်ထားခြင်း ဖြစ်ပါတယ်ဘုရား”

“သာဓု…သာဓု…သာဓုပါနတ်သမီး”

နတ်သမီးလည်း မထေရ်မြတ်ကြီးအား ရှိခိုးပူဇော်ပြီးသည့်နောက် နတ်ဘုံနတ်နန်းသို့ ပြန်သွားလေတော့၏။

* * *

ထိုအဖြစ်သနစ်က သံသာရမောစကဝါဒကို အမြစ်တွယ်နေသေးသည့် ကုဋ္ဌကဝတီ ရွာသူရွာသားများနှင့် ဒီဃာရာဇိ ရွာသူရွာသားများထံ ပျံ့လွင့်၍ သွားလေ၏။

အဆိုပါ ရွာသူရွာသားအပေါင်းတို့ မထေရ်မြတ်ကြီးထံ ရောက်လာကြလေသော် မထေရ်မြတ်ကြီးလည်း–

www.burmeseclassic.com

www.burmeseclassic.com



"ဒါယကာအပေါင်းတို့...သံသာရမောစကဝါဒကို လိုက်နာကျင့်သုံးခဲ့သော ဣဋ္ဌကဝတီရွာသူတစ်ဦးသည် ဤမိစ္ဆာဝါဒကြောင့် ပြိတ္တာဘဝသို့ရောက်ခဲ့ရ၏။ သည့်အတွက် သူ့ကို ရည်ညွှန်းကာ ကောင်းမှုကုသိုလ်ပြု အမျှပေးဝေခဲ့ သည့်အတွက် ပြိတ္တာဘဝမှ ကျွတ်လွတ်ပြီး နတ်ဘုံနတ်နန်းသို့ ရောက်ရှိလျက် နတ်စည်းစိမ်ကို စံစားနေရပေပြီ"

ဟူ၍ သာကေပြုကာ တရားဒေသနာတော်တို့ကို ဟောကြားတော်မူလေ၏။ ကြားနာရသော ရွာသူရွာသားအပေါင်းမှာလည်း မိစ္ဆာဝါဒကိုစွန့်ပယ်ကာ ဥပါသကာအဖြစ်သို့ ရောက်ရှိကြလေ၏။

ထိုအကြောင်းကို ရဟန်းတို့မှ တစ်ဆင့် မြတ်စွာဘုရားရှင်ကြားသိတော်မူသည်ရှိသော် ဘုရားရှင်လည်း ထိုပြိတ္တာမအကြောင်းကို အတ္တုပ္ပတ်ပြု၍ တရားတော်များကို ဟောကြားတော်မူလေ၏။ ထိုတရားဒေသနာတော်ကို နာကြားကြရသူအပေါင်းမှာလည်း သတိသံဝေယူကြလျက် တရားတော်၌ နှလုံးသွင်းသည်ရှိသော် အကျိုးတရားတို့ ပွားများရရှိကြလေကုန်သတည်း။

ကျမ်းကိုး

-ပေတဝတ္ထု

သံသာရမောစကပေတဝတ္ထု။

# ကြေကွဲမျက်ရည်



www.burmeseclassic.com

www.burmeseclassic.com



## ကြေကွဲမျက်ရည်

သတ္တဝါဝေနေယျအပေါင်းအား သောကကင်းဝေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူလျက် ဆင်းရဲဒုက္ခအပေါင်းမှ ကင်းငြိမ်းရာအမှန် မြတ်နိဗ္ဗာန်သို့ လမ်းညွှန်တော်မူလေ့ရှိသည့် ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည်မွန်ဇေတဝန်ကျောင်းတော်၌ စမ္မာယ်သီတင်းသုံးစဉ်အခါက ဖြစ်လေ၏။

ထိုကာလဝယ် သာဝတ္ထိပြည်ရှိ အမျိုးသမီးတစ်ဦးသည် ခင်ပွန်းလင်ဖြစ်သူ ကွယ်လွန်သွားသည့်အတွက် သည်းအူပြတ်မျှ ပူဆွေး ကြေကွဲနေလေ၏။ သောကပရိဒေဝမီးတို့ အလျှံတညီးညီး တောက်လောင်ကျွမ်းလျက်ရှိလေရာ ခင်ပွန်းလင်အား မြှုပ်နှံထားသော သင်္ချိုင်းဂူသို့သွား၍ ငိုကြွေးလေ့ရှိလေ၏။

ထိုအဖြစ်ကို ဘုရားရှင် မိုးသောက်ယံကာလ အာရုံဖြန့်ကြက်သည့်အခါဝယ် မြင်မိလေ၏။ ခင်ပွန်းလင်အတွက် ရတက်မအေး ပူဆွေးငိုကြွေးကာ ဒုက္ခခံစားနေရသည့် ထိုအမျိုးသမီးအား တရားရေစင်တို့နှင့် ပက်ဖျန်းလိုက်ပါက ကျွတ်တမ်းဝင်နိုင်မည့် အလားအလာကိုလည်း တန်ခိုးတော်ဖြင့် သိရှိတော်မူလေ၏။

တစ်နေ့သ၌ ထိုအမျိုးသမီးလည်း ထုံးစံအတိုင်းပင် သင်္ချိုင်းသို့ သွားရောက် ငိုကြွေးခဲ့ပြီး မျက်ရည်စက်လက်နှင့် အိမ်သို့ ပြန်လာခဲ့လေ၏။ အိမ်သို့ ပြန်ရောက်သည့်တိုင် ငိုကြွေးခြင်းကို မရပ်တန့်နိုင်ခဲ့။ သွားလေသူ၏အမည်ကို တမ်းကာ၊ တကာဖြင့် ငိုကြွေးနေပြန်၏။

ထိုအချိန်ဝယ် မမျှော်လင့်ပါဘဲနှင့် မိမိ၏ အိမ်ရှေ့သို့ ဘုရားရှင်ကြွလာသည်ကို မြင်တွေ့ရလေသော် မျက်ရည်တို့ကို ကပျာကယာ သုတ်၏။ ဘုရားရှင်အား အိမ်ပေါ်သို့ကြွရန် ပင့်ဆောင်၏။ ကောင်းမွန်သောနေရာထိုင်ခင်းကိုပေး၏။ ဘုရားရှင်လည်း ခင်းထားအပ်သောနေရာ၌ ထိုင်တော်မူလျက်–

"ချစ်သမီး...သင်သည် အဘယ်ကြောင့် ပူဆွေးနေရသနည်း"

ဟု မေးတော်မူလေ၏။ အမျိုးသမီးလည်း–

"အရှင်ဘုရား...တပည့်တော်မ၏ ခင်ပွန်းလင် ကွယ်လွန်သွားသည့်အတွက် ဆောက်တည်ရာမရဘဲ ငိုကြွေးပူဆွေးနေရပါ သည်ဘုရား"

ဟု ဖြေကြားလေ၏။

ထိုအခါ ဘုရားရှင်လည်း အပူသည်သောကရှင်အမျိုးသမီးအား ပရိဒေဝမီးတို့ ငြိမ်းအေးစေနိုင်ရန်အတွက် အတိတ်ဇာတ်ကြောင်းတစ်ခုကို မိန့်ကြားတော်မူလေသတည်း။

* * *

www.burmeseclassic.com

www.burmeseclassic.com



ရှေး... လွန်လေပြီးသောကာလ။

ပဉ္စာလတိုင်း၊ ဥတ္တရပဉ္စာလမြို့၌ စူဠနီဗြဟ္မဒတ်မင်း မင်းပြုလေ၏။ ထိုမင်းသည် အဂတိတရား လိုက်စားခြင်းမရှိ။ တရားနှင့်အညီမင်းပြုကာ ပြည်သူပြည်သားအပေါင်းတို့ ချမ်းသာကြောင်းကို အစဉ်ရှေ့ရှုတော်မူ၏။

ထိုဗြဟ္မဒတ်မင်းသည် ပြည်သူတို့ထံမှ မည်သို့သော စကားသံ အမှန်တို့ကို ကြားရလေမည်နည်း။ ပြည်သူ့ဆန္ဒ မည်သို့ရှိမည်နည်း၊ စသည်တို့ကိုသိရှိရန်အတွက် ကိုယ်တော်တိုင် ရုပ်ပြောင်းရုပ်လွှဲပြုလျက် အပ်ချုပ်သမားအသွင်ဆောင်ကာ စနည်းနာထွက်ခဲ့လေ၏။ ဇနပုဒ်တစ်ခုမှ တစ်ခု၊ တစ်ရွာမှ တစ်ရွာသို့ လှည့်လာသွားရောက်ကာ စနည်းနာလေ၏။

ထိုသို့ အနယ်နယ်အရပ်ရပ်သို့ လှည့်ပတ်သွားလာ၍ စနည်းနာသည့်အတွက် နိုင်ငံတွင်း၌ ဆူပူသောင်းကျန်းမှုတို့ ကင်းဝေးကြကုန်၏။ သူခိုး၊ ဓားပြတို့လည်း ကင်းရှင်းကြကုန်၏။ နိုင်ငံတော်တစ်ဝှမ်း အေးချမ်းစည်ပင်သာယာသည့်အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရလေ၏။ ဗြဟ္မဒတ်မင်းတစ်ဖြစ်လဲ အပ်ချုပ်သမားလည်း အနယ်နယ်အရပ်ရပ်သို့ လှည့်လည်ရင်းမှ ရွာတစ်ရွာသို့ ရောက်ရှိသွားလေ၏။

ထိုရောက်သွားသောရွာ၌ မုဆိုးမသားအမိနှစ်ယောက်တည်း နေထိုင်သော အိမ်တစ်အိမ်ရှိ၏။ အပ်ချုပ်သမားလည်း အမှတ်မထင် ထိုအိမ်၏ခြံဝင်းအတွင်းသို့ ဝင်ရောက်သွားသည်ရှိသော် အိမ်ရှင်မုဆိုးမ တွေ့မြင်သွားပြီး–



"အမောင်...သင်သည် မည်သူဖြစ်ပါသနည်း။ မည်သည့်အရပ်က လာခဲ့ပါသနည်း"

ဟု မေးလေ၏။ ထိုအခါ–

"အို...မိခင်၊ ကျွန်ုပ်ကား အပ်ချုပ်သမားဖြစ်ပါ၏။ အဝတ်အထည်တို့ကို အဖိုးအခယူ၍ ချုပ်ပါ၏။ စီးပွားရေးအတွက် အနယ်နယ်အရပ်ရပ် လှည့်လည်ရင်း ဤရွာသို့ ရောက်ခဲ့ခြင်း ဖြစ်ပါ၏။ မိခင်တို့အိမ်၌ ချုပ်စရာအထည်များရှိပါက အကျွန်ုပ် ချုပ်ပေးလိုပါ၏"

ဟု ဖြေလေ၏။

"အမောင်...ငါတို့မှာ ချုပ်စရာ မည်သည့်အဝတ်အထည်မျှ မရှိပါ။ ပေးစရာ အဖိုးအခလည်း မရှိပါ။ အခြားအိမ်များသို့သွား၍ ချုပ်လုပ်ရန် တောင်းခံပါလော့"

ထိုအချိန်ဝယ် စကားပြောဆိုသံများကြားရသည့်အတွက် သမီးဖြစ်သူသည် အိမ်ရှေ့သို့ ထွက်လာခဲ့၏။ ဤတွင် အပ်ချုပ်သမားနှင့် အကြည့်ချင်းဆုံမိကြရာ ရှေးရှေးဘဝ ကာလများစွာက ချစ်ခဲ့ဖူးသော ပန္နက်၊ ဆိုခဲ့ဖူးသော သစ္စာတို့ကြောင့် မြင်လျှင်မြင်ချင်း တစ်ဦးနှင့်တစ်ဦး မေတ္တာသက်ဝင်မိသွားကြလေတော့၏။

အပ်ချုပ်သမားသည် ထိုရွာ၌ပင် ရက်အတန်ကြာ သောင်တင်နေခဲ့၏။ နေ့စဉ်နေ့တိုင်းဆိုသလို ထိုမုဆိုးမသားအမိ၏ အိမ်သို့သွားလည်လေ့ရှိ၏။ သမီးဖြစ်သူမှာလည်း အပ်ချုပ်သမား မလာလျှင် လည်တဆန့်ဆန့်ဖြစ်နေသည်ကို မိခင်မုဆိုးမကြီး လည်း ရိပ်စားမိလေ၏။ အပ်ချုပ်သမားအဖို့ ထိုမိန်းကလေး၏

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ရုပ်လက္ခဏာကို အကဲခတ်ကြည့်ရာ မိန်းမကောင်း၊ မိန်းမမြတ်တို့၏ ကြန်အင်လက္ခဏာများနှင့် ပြည့်စုံကြောင်း ရိပ်စားမိလေ၏။ ထို့ကြောင့်ပင် မိန်းမပျို၏မိခင်အား ခွင့်ပန်ပြောဆိုလေ၏။

"အို...မိခင်၊ မိခင်၏သမီး၌ ကာမပိုင်လင်ယောကျ်ား ရှိပါသလော။ သို့တည်းမဟုတ် ကာမပိုင်လင်ယောကျ်ား မရှိသော အပျိုစင်ဖြစ်ပါသလော"

"အမောင်...ငါ၏သမီးကား ကာမပိုင်လင်ယောကျ်ား မရှိ၊ အပျိုစင် စစ်စစ်ဖြစ်ပါ၏"

ထိုစကားကြားရသည်ရှိသော် အပ်ချုပ်သမားလည်း လွန်စွာပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားရလေ၏။

"အို...မိခင်၊ ထိုသို့ဆိုပါက မိခင်၏သမီးကို အကျွန်ုပ်နှင့် ပေးစားပါလော့၊ ကျွန်ုပ်သည် မိခင်၏သမီးအား ရိုးမြေကျ စုံမက်စွာပေါင်းသင်း၍ မိခင်တို့အား ချမ်းသာစွာထားပါမည်။ တင့်တောင်းတင့်တယ် ဖြစ်စေရပါမည်"

ထိုသို့ပြောကြားသည်ရှိသော် မုဆိုးမမိခင်လည်း အပ်ချုပ်သမား၏ တည်ကြည်မှု၊ ယောကျ်ားကောင်းယောကျ်ားမြတ်တို့၏ ကြန်အင်လက္ခဏာတို့နှင့်ပြည့်စုံမှုကြောင့် သဘောကျနှစ်သက်သွားပြီး သမီးဖြစ်သူနှင့် ကြည်ဖြူစွာ ပေးစားလေတော့၏။

သို့ဖြင့် ဗြဟ္မဒတ်မင်း အပ်ချုပ်သမားလည်း ထိုအိမ်၌ ရက်အနည်းငယ် နေထိုင်ပြီးနောက် ဇနီးဖြစ်သူအား–

"ချစ်နှမ...ငါမှာ သွားစရာကိစ္စပေါ်လာသည့်အတွက် သွားရပေဦးတော့မည်။ နှစ်ရက်သုံးရက်ခန့်ကြာလျှင် ပြန်ရောက်လာပါမည်။"

ဗြဟ္မဒတ်မင်းလည်း မင်းနေပြည်သို့ရောက်သည်ရှိသော် နေပြည်တော်နှင့် ထိုရွာအကြားသွားရာလမ်းကို အထူးတလည် လုပ်စေ၍ အမြန်ဆုံး တန်ဆာဆင်တော်မူလေ၏။ သုံးရက်ပြည့်မြောက်သောနေ့တွင် ရောက်လေသောအခါ ဗြဟ္မဒတ်မင်းလည်း ကြီးစွာသောအခမ်းအနားဖြင့် ထိုရွာသို့ ကြွချီတော်မူလေ၏။ ရွာသို့ရောက်လေသော် မုဆိုးမသားအမိအိမ်သို့ဝင်လေရာ တစ်ရွာလုံး အုတ်အော်သောင်းတင်း ဖြစ်သွားရလေ၏။

"ဟာ...တို့ရွာကို ရောက်တယ်ဆိုတဲ့ အပ်ချုပ်သမားဟာ လက်စသတ်တော့ ဗြဟ္မဒတ်မင်းကြီးပါပဲလား"

"အံ့သြစရာတော့ ကောင်းနေပြီ...ဘာပဲဖြစ်ဖြစ် မုဆိုးမသားအမိတော့ ကုသိုလ်ကံထူးတယ်လို့ ဆိုရမယ်"

ဗြဟ္မဒတ်မင်းကြီးလည်း သတို့သမီးအား ရွှေပုံငွေပုံပေါ်တင်လျက် ရွှေရည်၊ ငွေရည်များ ချိုးပေးစေပြီးလျှင် 'ဥပ္ပရိဒေဝီ' ဟူသောအမည်ဖြင့် အဂ္ဂမဟေသီ မိဖုရားအဖြစ် ချီးမြှောက်လေ၏။ ထို့မျှမက ဥပ္ပရိဒေဝီ၏ ဆွေမျိုးတို့အား မြို့စားတန်လျှင် မြို့စား၊ ရွာစားတန်လျှင် ရွာစားအဖြစ် ချီးမြှောက်ကာ ဥပ္ပရိဒေဝီတို့သားအမိတို့ကို ဆောင်ယူပြီး နေပြည်တော်သို့ ပြန်လည်ကြွမြန်းလေ၏။

* * *


BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဗြဟ္မဒတ်မင်းကြီးနှင့် ဥပ္ပရိဒေဝီ မိဖုရားတို့သည် တစ်ဦးကိုတစ်ဦး ချစ်ခင်နှစ်သက်စွဲလမ်းစွာ ပေါင်းဖော်လျက် ထီးနန်းစည်းစိမ်ကို ကာလကြာမြင့်စွာ ခံစား၊ စံစားခဲ့ကြ၏။ ထိုသို့ခံစားစံစားရင်းမှပင် အသက်အပိုင်းအခြားအလိုက် ဗြဟ္မဒတ်မင်းသည် ကံတော်ကုန်ခဲ့ရလေ၏။

ထိုအခါ မိဖုရားဥပ္ပရိဒေဝီသည် သည်းထန်စွာ ပူဆွေးငိုကြွေးမြည်တမ်းလျက် ပရိဒေဝသောကမီးတို့ လောင်မြိုက်ခြင်းကို ခံရလေ၏။ သည့်အတွက် နေ့စဉ်သွား၍ ဗြဟ္မဒတ်မင်း၏ အုတ်ဂူ၌ဆီမီး၊ ပန်း၊ နံ့သာတို့ကို ပူဇော်လျက် မင်းကြီး၏ ဂုဏ်ကျေးဇူးများကို ထုတ်ဖော်ကာ သူရူးသဖွယ် မြည်တမ်းပါချေ၏။

ထိုစဉ်ကာလ၌ ဟိမဝန္တာအနီးရှိ တောကျောင်းသင်္ခမ်းတစ်ခု၌ ရှာန်ရရသေ့တစ်ပါးသည် သီတင်းသုံးနေထိုင်လေ၏။ ဈာန်ရရသေ့သည် ဥပ္ပရိဒေဝီမိဖုရား၏ သောကအပူမီးတောက်လောင်နေမှုကို အဘိညာဉ်တန်ခိုးဖြင့် မြင်တွေ့ရလေ၏။ ထိုအချိန်တွင် ဥပ္ပရိဒေဝီသည် သင်္ချိုင်းဂူသို့ ရောက်လျက်ရှိကာ–

"အို... ဗြဟ္မဒတ္တ... ဗြဟ္မဒတ္တ"

ဟု ဆိုလျက် သွားလေသူမင်းကြီးကို တမ်းတငိုကြွေးနေလေ၏။ ထိုအခါ ရသေ့လည်း ဈာန်တန်ခိုးဖြင့် ကောင်းကင်ခရီးမှ မြန်းကြွလျက် သင်္ချိုင်းသို့ ရောက်လေသော် သက်ဆင်းလေ၏။

ထိုနောက် အနီးအပါးတွင် ရှိနေကြသူတို့ကို စုံစမ်းမေးမြန်းလေ၏။



"ရှင်ရသေ့...အဆိုပါသင်္ချိုင်းကား ဗြဟ္မဒတ္တအမည်ရှိမင်းကြီး၏သင်္ချိုင်းဖြစ်ပါ၏။ သင်္ချိုင်းအုတ်ဂူ၌ ငိုကြွေးနေသူကား မင်းကြီး၏မိဖုရား ဥပ္ပရိဒေဝီဖြစ်ပါ၏။ ထိုမိဖုရားသည် မင်းကြီး ကွယ်လွန်၍ အုတ်ဂူသွင်းပြီးသည့်နေ့မှစတင်၍ နေ့စဉ်နေ့တိုင်း အုတ်ဂူရှိရာသို့လာကာ 'ဗြဟ္မဒတ္တ...ဗြဟ္မဒတ္တ' ဟု အော်ကြွေး မြည်တမ်းကာ ငိုယိုလေ့ရှိပါ၏"

ရသေ့လည်း အကြောင်းစုံ သိလေသည်ရှိသော် သနားကရုဏာ စိတ်ဖြင့် ဥပ္ပရိမိဖုရားထံ သွားရောက်ပြီး–

"အို...ဥပ္ပရိမိဖုရား၊ ဗြဟ္မဒတ္တအမည်ချည်းရှိသူပေါင်း ရှစ်သောင်းခြောက်ထောင်သော သူအပေါင်းတို့ကို ဤသုသာန်တစ်ခု သင်္ချိုင်း၀၌ မီးတိုက်ခဲ့ပြီး ဖြစ်ချေ၏။ ထိုရှစ်သောင်း ခြောက်ထောင်ကုန်သော ဗြဟ္မဒတ်တို့တွင် အဘယ် ဗြဟ္မဒတ်ကို စွဲလမ်း၍ စိုးရိမ် ပူဆွေးနေရလေသနည်း"

ဟူ၍ သောကဆူးငြောင့်တို့ကို ဖယ်ရှားပစ်နိုင်ရန် မေးမြန်းတော်မူလေ၏။ ထိုအခါ ဥပ္ပရိမိဖုရားလည်း–

"အရှင်ရသေ့... တပည့်တော်မသည် စူဠနီဗြဟ္မဒတ်မည်သော မင်းကိုစွဲလမ်း၍ စိုးရိမ်ပူဆွေးကာ ငိုကြွေးမြည်တမ်းနေခြင်းဖြစ်ပါ၏"

ဟူ၍ မှန်သည်အတိုင်းပင် ဖြေကြားလျှောက်ထားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"အို...မိဖုရား၊ ဤအလုံးစုံသော မင်းတို့၏အမည်မှာ စူဠနီဗြဟ္မဒတ်ချည်းသာလျှင် ဖြစ်ကြ၏။ အရေအတွက်အားဖြင့်လည်း ရှစ်သောင်းခြောက်ထောင်ရှိကြကုန်၏။ ၎င်းတို့သည် ပဉ္စာလတိုင်းသားတို့၏ ရှေ့ဆောင်ရှေ့သွား မြင့်မြတ်သော ရထားမှူးသဖွယ်လည်း ဖြစ်ကြကုန်၏။ သင်သည် ထိုရှစ်သောင်းခြောက်ထောင်ကုန်သော ဗြဟ္မဒတ်မင်းတို့၏ မိဖုရားအဖြစ်သို့ ရောက်ခဲ့ဖူးလေပြီ။ သို့ပါလျက် ရှေးရှေးသော ဗြဟ္မဒတ်မင်းကို ဖယ်ရှားလျက် ဤနောက်ဆုံးဗြဟ္မဒတ်မင်းကိုမှ အစွဲပြုကာ စိုးရိမ်နေရပါသနည်း"

"အရှင်ရသေ့...ထိုသို့ဆိုပါက မေးမြန်းလျှောက်ထားလိုပါ၏။ တပည့်တော်မသည် ကြိမ်ဖန်ထပ်ထပ် ဗြဟ္မဒတ်မင်းတို့၏ မိဖုရားဖြစ်ခဲ့သည်ဆို၏။ တပည့်တော်မသည် သံသရာကာလပတ်လုံး မိန်းမသာလျှင် ဖြစ်ခဲ့ပါသလော၊ ယောကျ်ားအဖြစ်သို့ လည်း ဆိုက်ရောက်ခဲ့ပါသေးသလော"

"အို...မိဖုရား၊ သင်သည် ရံခါ မိန်းမဖြစ်ခဲ့၏။ ရံခါ ယောကျ်ားဖြစ်ခဲ့၏။ ရံခါ၌ တိရစ္ဆာန်ဘဝသို့လည်း ရောက်ခဲ့ရ၏။ စင်စစ် အလုံးစုံသော သတ္တဝါတို့၏အပိုင်းအခြားသည် တစ်သမတ်တည်း မရှိ။ မိမိပြုခဲ့သော ကံကသာလျှင် စေစားနေပေလိမ့်မည်။ ကံသာလျှင် မိမိဥစ္စာဖြစ်ပေ၏"

ထိုသို့ဒေသနာတော်ကို ဟောကြားသည်ရှိသော် သံသရာ၏ ဘေးအားထိတ်လန့်တတ်သည့် စိတ်နှလုံးရှိသော၊ တရားတော်



၌ ကြည်ညိုစိတ်ရှိသော၊ မိမိ၏ရင်တွင်း၌ သောကဆူးငြောင့်တံသင်းတို့ စူးဝင်နေသည်ကိုသိသော ဥပ္ပရိမိဖုရားလည်း တရားတော်ကို သိမြင်သဘောပေါက်သွားလေတော့လည်း စိုရွှဲသော မျက်ရည်တို့မှာလည်း တစ်မဟုတ်ချင်းခန်းခြောက်သွားလေ၏။

"အရှင်ရသေ့...အရှင်ရသေ့ကား တပည့်တော်၏ ရင်ဘွင်း၌ စူးဝင်လျက်ရှိသော ဆူးငြောင့်တို့ကို ပယ်ရှားသုတ်သင်ပစ်နိုင်ခဲ့ပါ၏။ အရှင်ရသေ့၏ တရားတော်ကို နာကြားနှလုံးသွင်းရသည့်အတွက် အပူခပ်သိမ်းတို့ကင်းငြိမ်းကာ အေးချမ်းသာယာသွားခဲ့ပေပြီ။ ထို့ကြောင့် တပည့်တော်မသည် ဝမ်းနည်းပူဆွေး မငိုကြွေးတော့ပါ"

ဥပ္ပရိမိဖုရားလည်း သင်္ချိုင်းမှ ပြန်ပြီးသည့်နောက်တွင် လူ့ဘောင်ကို ငြီးငွေ့သည့်အတွက် ရသေ့ရဟန်းမ ပြုလေ၏။ ရဟန်းတရားကို အားထုတ်သဖြင့် သေလွန်သည်ရှိသော် ဗြဟ္မာ့ဘုံသို့ လားရလေ၏။

* * *

ဘုရားရှင်လည်း အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုကို အနုသန္ဓေ ဆက်စပ်တော်မူပြီးသည့်နောက်–

"ချစ်သမီး...ထိုစဉ်အခါက စူဠနီဗြဟ္မဒတ်သည် ယခုအခါ သေလွန်ပြီးသော သင်၏ခင်ပွန်း၊ ဥပ္ပရိမိဖုရားသည် ချစ်သမီး ဖြစ်လာပြီး ပညာရှိရသေ့သည်ကား ငါဘုရားရှင် ဖြစ်လာ၏"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ဇာတ်ကို ပေါင်းတော်မူကာ သစ္စာလေးပါးတရားတော်ကို ဟောကြားလေ၏။ တရားတော် ဆုံးလေသည်ရှိသော် သောကအပူ ဆူးငြောင့် ခလုတ်တံသင်းတို့ ရှင်းလင်းသွားခဲ့ပြီဖြစ်သည်။ ဥပါသိကာမလည်း သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်ခဲ့ပါလေသတည်း။

**ကျမ်းကိုး**

**-ပေတဝတ္ထု**

**ဥဗ္ဗရိဝဂ်၊ ဥဗ္ဗရိပေတိဝတ္ထု။**

# သာရဓေါ်ခွင့်



www.burmeseclassic.com

www.burmeseclassic.com

## သာစုခေါ်ခွင့်

သာဝတ္ထိပြည်ကြီးကား မင်းနေပြည်တော်မြို့ကြီး ဖြစ်သည့်အတွက် များပန်းခပ်မျှ စည်ကားလှပါဘိ။

ထိုမင်းနေပြည်တော်၏ ဆင်းခြေဖုံးအရပ်၌ ရွာတစ်ရွာ ရှိလေ၏။ ထိုရွာကား ရွာကြီးဟု မဆိုသာသော်ငြား ဥစ္စာခနေပေါကြွယ်သူတို့ မှီတင်းနေထိုင်ရာရွာအဖြစ် ထင်ရှားလှပေ၏။

အဆိုပါရွာတွင် သူကြွယ်လင်မယားရှိကြလေ၏။ ထိုလင်မယားတွင် သားနှစ်ယောက် ထွန်းကားလေသည်။ ထိုသားနှစ်ယောက်မှာ အရွယ်ရောက်လာသောအခါ အများတကာတို့ ရင်သပ်ရှုမော အံ့ဩငေးကြည့်ရလောက်အောင် ရုပ်ဆင်းသဏ္ဌာန်တို့မှာ ချောမောလှပကြလေ၏။ ထိုမျှမက ထိုသားနှစ်ယောက်မှာ ရုပ်ရည်ချင်းလည်း ဆင်ကြ၏။ ကိုယ်လုံးကိုယ်ပေါက်မှာလည်း တူညီ၏။

ဤ၌ ရုပ်ရည်ချင်း အဘယ်မျှတူသနည်းဆိုသော် ညီအစ်ကိုနှစ်ယောက်တို့ အတူတကွ ရှိနေကြစဉ် ညီမှန်း၊ အစ်ကိုမှန်း



ခွဲခြားပြောဆိုနိုင်ကြသော်လည်း တစ်ယောက်ချင်း တွေ့ကြပါလျှင် ညီလော၊ အစ်ကိုလော ခွဲခြားရန်ခက်ခဲသည်အထိ ရုပ်ရည်ချင်း တူညီကြ၏။ ထိုညီအစ်ကိုနှစ်ဦးသည် လှပချောမောသော ရုပ်အဆင်းတို့နှင့် ပြည့်စုံသည်သာ မဟုတ်သေး။ အကျင့်စာရိတ္တအရာတွင်လည်းကောင်း၊ ခွန်အားကြီးမားသည့်အရာတွင်လည်းကောင်း၊ သူတစ်ပါးတို့ထက် ထူးခြားလှပေ၏။ သူကြွယ်လင်မယားသည် သားကြီးအား 'မဟာဗလ' ဟူ၍ လည်းကောင်း၊ သားငယ်ကို 'စူဠဗလ' ဟူ၍လည်းကောင်း ခေါ်စမှတ်ပြုကြပါချေ၏။ ထိုညီအစ်ကိုအား တွေ့မြင်ကြရသူအပေါင်းက-

"ဟယ်...ကြည့်စမ်း၊ ချောလိုက် လှလိုက်ကြတဲ့ ညီအစ်ကို နှစ်ယောက်ပါပဲလား"

"ချောမှာ လှမှာပေါ့။ သူတို့က မအေတူကလေးတွေပဲဟာ"

ဤ၌ 'မအေတူ ကလေးတွေ' ဆိုသည့်စကားက သူကြွယ်၏ မယားကို ရိုက်ခတ်လာခဲ့သည်။ သူမသည် အိမ်ထောင်မကျမီပင် ရုပ်ဆင်းအလှအပကြောင့် အဆင့်မာန်မာန တက်ကြွသူအဖြစ် ထင်ရှားခဲ့သူဖြစ်၏။ ယခုအခါ အဆိုပါမာန်အပေါ်၌ နောက်ထပ်မံ၍ မာန်တစ်ခုက တက်လာပြန်ချေ၏။

ထိုမာန်ကား သားသမီးချောသည်ကို အများကြီး မောရမှန်းမသိသည့် 'သားဇောသားမာန်' ပင် ဖြစ်လေသတည်း။

* * *

ထိုသားဇော၊ သားမာန်ကား သူမ၏ဘဝတစ်ခုလုံး ကိုဆိုး

www.burmeseclassic.com

www.burmeseclassic.com



မိုးမှောင် ကျစေလိမ့်မည်မှန်း သူကြွယ်မ မသိခဲ့။ ထိုမာန်မာနတို့ကို ကြွားတလူလူဝေရင်း ပတ်ဝန်းကျင်ကို ခပ်တန်တန်လုပ်လာသည်။ ထိုမှုမက အိမ်ဦးနတ်ဖြစ်သော ခင်ပွန်းလင်သူကြွယ်ကိုပင် ပမာဂခန့်ပြုကာ အရိုအသေတန်လာသည်။

"ရှင်မရေ...ကိုယ့်ကိုယ်ကိုလည်း သတိလေး ဘာလေး ထားဦးမှပေါ့ကွယ်။ ပတ်ဝန်းကျင်ကတောင် ပြောဆိုလာကြပြီ။ မင်းဟာ သား ဇော၊ သား မာန်တွေ သိပ်တက်နေတယ်တဲ့"

"အို...ဘာအရေး စိုက်စရာ ရှိလို့လဲ။ ကျွန်မကတော့ ကိုယ်မှန်တယ်ထင်တဲ့အတိုင်း ပြောမှာပဲ၊ ဆိုမှာပဲ၊ လုပ်မှာပဲ"

"အဲသလို တစ်ဖက်သတ်ကြီးတော့ မလုပ်နဲ့လေကွာ။ လူဆိုတာမျိုးက တစ်ဦးတစ်ယောက်တည်း ရပ်တည်လို့ရတာ မဟုတ်ဘူး။ ပတ်ဝန်းကျင်အသိုင်းအဝိုင်း ဆိုတာရှိရတယ်"

"ဘာလဲ...ရှင်က ကိုယ့်မယားဘက်မပါဘဲ ပတ်ဝန်းကျင်ဘက် ပါတယ်ပေါ့။ ဟုတ်လား၊ လုပ်လိုက်စမ်းပါ။ ကျွန်မကတော့ သောက်ရေးစိုက်မယ် မထင်နဲ့"

စကားအပြောအဆိုတွေ ရှင့်ရှင့်သီးသီး။

လင်ဖြစ်သူကို ရိုသေမှုမရှိ။ နတ်နေကိုင်းပင် မချန်လောက်အောင် ရှင့်သီးရိုင်းပျမှုတွေကြောင့် လင်မယားနှစ်ယောက်တကျက်ကျက် ဖြစ်လာကြသည်။ မထိမ့်မြင်ပြုသောစကားတွေကဖြင့် တောင်ပုံရာပုံ။



"ဒီမှာ...ကိုအတ္တ၊ ရှင့်ကို နားလည်အောင် ပြောလိုက်ရဦးမယ်။ ယောကျ်ားချင်း အတူတူဆိုပေမဲ့ ကျွန်မသား နှစ်ယောက်က အဖိုးတန်ယောကျ်ားတွေ ရှင့်။ မအေတူ သားချော၊ သားလှ၊ သားခန့်တွေ။ ရှင့်လို ညောင်နာနာ ရှုနာ ရှိုက်ကုန်းမဟုတ်ဘူး ဆိုတာ မှတ်ထားလိုက်စမ်းပါ"

"အို...ရှင်မရယ်။ မင့်သားတွေဆိုတာလည်း ငါ့သားတွေ ပါပဲကွာ။ အဲဒီတော့ သားတွေကို ကြိုက်သလို အမွှန်းတင်ပါ။ မပြောလိုပါဘူး။ ဒါပေမယ့် ကိုယ့်လင် ကိုယ့်ယောကျ်ားကိုတော့ ထိခိုက်အောင် သိက္ခာမချပါနဲ့"

"ဟွန်း...လာလာချည်သေးတော့။ ကျုပ်ဟာ ဟုတ်တာပြောတာ။ ဒါကို ရှင်က နာနေသေးတယ်ပေါ့လေ။ နာရုံမကလို့ လဲပဲသေသေ၊ သောက်ဂရုမစိုက်ဘူး။ ကျုပ်သားတွေရဲ့ ရုပ်ရည်နဲ့ ရှင့်ရုပ်ရည်ကို နှိုင်းယှဉ်လို့ ကြည့်ပါဦး။ ခွက်စုတ်နဲ့ ရွှေဖလား အများကြီးပဲ ကွာမှကွာ"

"ဟာကွာ...မင်းကတော့ ပြောလေ ကဲလေ၊ မန်းလေ ပြလေ ဖြစ်လာပြန်ပါပြီ။ ကိုင်း...မင်းပြောသလို ငါက အရုပ်ဆိုးတယ်ပဲထားဦးတော့။ မင့်သားတွေတင် မကဘူး။ မင်းကပါ အချောအလှတွေဆိုပြီး လုဂုဏ်ဘယ်လောက်မောက်မောက် မင်းဟာ ငါ့မယားပဲ မဟုတ်လား"

"တော်စမ်းပါ...ကျုပ်ဟာ ရှင့်ကို ကြိုက်တယ်မျာ အောက်မေ့နေလို့လား၊ ဟွန်း...ဝေးသေး"

www.burmeseclassic.com

www.burmeseclassic.com



"အေး...မင်းအနေနဲ့ ငါ့ကို ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည် ဖြစ်စေ၊ ဘာမှ မပြောမနေနဲ့တော့။ မင်းဟာ ငါ့မယား ဖြစ်နေခဲ့ပြီ"

"ဒီမှာ...ကိုအငှာ၊ ကျုပ်ကလေ ရှင့်ကို မျက်စိမှောက် လို့ ယူခဲ့တာရှင့်။ တစ်နေ့လုံး ဘယ်အချိန်၊ ဘယ်အခါ ကြည့်ကြည့် အမောမပြေတဲ့ ရုပ်ကြီး။ ကျုပ်နဲ့သာ မညား ခဲ့ရင် ဘယ်မိန်းမမှ ရှင့်ကို လက်ခံမှာမဟုတ်ဘူး"

စကားတွေက ရင့်သီးရိုင်းပျရုံမျှမက စော်ကားလွန်းနေပြီ ပင်။ သည်တော့ သူကြွယ်အဖို့ 'ယောကျာ်းမာန' ငုပ်လျှိုးနေရာ မှ ချက်ချင်းဆိုသလို ထိုးထွက်လာခဲ့သည်။

"ဒီမှာ...မိန်းမ"

"ဘာလဲ"

"ငါ... မင်းထက်သာတဲ့မိန်းမကို ယူပြရမလား"

"ဟား...ဟား...ဟား...လာ လာချည်သေးတော့ ရှင်။ ယုန်ကောင်ငုံလို့ယုန်ရုပ်တွေ ရေးမပြနဲ့၊ တော်လား...အဖြစ် ရှိမှာ။ ရမယ်ဆို ယူပြလိုက်စမ်းပါ။ တစ်ယောက်တောင် မဟုတ်ဘူး။ ဆယ်ယောက်၊ ဆယ်ယောက်။ ဟား...ဟား... ဟား...ဟား"

"အေး...ကောင်းပြီ။ မင်းပြောခဲ့တဲ့စကားကို မင်း သေသေချာချာ မှတ်ထား။ မကြာခင်မှာ ငါဘာလဲ ဆိုတာ သိရစေ့မယ်"

"ကြည့်ရသေးတာပေါ့ရှင်... ကြည့်ရသေးတာပေါ့"



အမြင်လွဲစရာကအစ ရင်ကွဲနာကျဖို့ ဓာတ်လမ်းတစ်ခု စခဲ့ ချေပြီတကား။

* * *

စင်စစ် သူကြွယ်ယောကျာ်းကား စိတ်ရင်းစိတ်ခံ ရိုးဖြောင့် ကာ အေးအေးဆေးဆေး နေချင်သူသာဖြစ်၏။

ခုတော့ မာနရှင်ဇနီးသည်က မကြာခဏဆိုသလို မထီမဲ့မြင် စောင်းပါးပုတ်ခတ်မှုတွေ အတောမသတ်နိုင်လောက်အောင် လှိုင် ပျံ့လာခဲ့သည်။ သည်တော့လည်း မယားအပေါ်စိတ်ပျက်ငြီးငွေ့ ခြင်းဖြစ်လာရသည်နှင့်အတူ အရွဲ့တိုက်လိုစိတ်များမှာလည်း တဖွားဖွား ပေါ်ပေါက်လာရသည်။

သည့်အတွက် မမျှော်လင့်သောတစ်နေ့မှာတော့ မယား တစ်ယောက်ကောက်ယူကာ တစ်အိုးတစ်အိမ်သစ် ထူလိုက်တော့ ၏။ မယားအသစ်မှာလည်း ရွက်ကြမ်းရေကျိုအဆင့်မဟုတ်။ တကယ့်ကို အလှပဂေး။

သည်အခြေအနေမျိုးဖြစ်လာမှတော့ အလှမာန်ဝင် မာနရှင် မယားဟောင်း သူကြွယ်မအဖို့ မည်သို့ တတ်နိုင်တော့မည်နည်း။

မကြည့်ချင် မြင်လျက်သားဆိုသလို လင်တူမယားကွဲက အိမ်ဂေဟာရှေ့မျက်နှာစာတွင်ရှိနေသည်။ ပြီးတော့လည်း ပတ်ဝန်း ကျင်က ထိုမယားအသစ်၏ အလှအပတို့ကို ထုတ်ဖော်ချီးမွမ်း နေကြသည့်အတွက် မခံချိ မခံသာအောင် ဖြစ်ရသည်။ လင်ဖြစ် သူအား မထီမဲ့မြင် ပြုခဲ့မှု ရိုသေကိုင်းရှိုင်းမှုမရှိဘဲ ဆန့်ကျင်မှု ပြုခြင်းတို့၏ဒဏ်ကို တတိ တတိနှင့် ခံစားလာရပြီကော။

www.burmeseclassic.com

www.burmeseclassic.com



လအတန်ငယ်ကြာတော့ မယားကြီးသူကြွယ်မအတွက် အိုးထိန်းစက်ပမာ ချာချာလည်မည့် သတင်းတစ်ခုကို ထွက်ပေါ်လာခဲ့သည်။

"ဘာ...နောက်မိန်းမမှာ ကိုယ်ဝန်ရှိနေပြီ။ ဟုတ်လား"

"အမှန်ပဲ။ သူတို့ လက်ထပ်ပေါင်းသင်းနေတာပဲ လတွေ တွက်ရေရင် နည်းတော့တာမှ မဟုတ်တာကလား"

သည်သတင်းစကားကြားရတော့ သူကြွယ်မအဖို့ စိုးရိမ်သောကစိတ်တွေ ဝင်ရောက်လာခဲ့တော့သည်။

"အဲဒါမှ ပြဿနာပဲ...ငါ့လင်ကလည်း ဒီကောင်မနဲ့ယူလိုက်ကတည်းက ငါ့ကို ယောင်လို့တောင်မှ မျက်နှာချင်း မဆိုင်တော့ဘူး။ ဒီကောင်မမှ ဒီကောင်မ...ဟွန်း...အဖြစ်ကို သည်း နေလိုက်တာ။ ဖူးဖူးကို မှုတ်ထားသလားကောင် ဆိုရမလား မပြောတတ်ဘူး။ အဲ... မကြာခင် သားသမီး ရလာတော့မယ်။ ဒါဆိုရင် 'နောက်လာတဲ့ မောင်ပုလဲ ဒိုင်းဝန်ထက်ကဲ' ဆိုသလို သည်အိမ်ဂေဟာကြီးကို အစစအရာရာ အုပ်စီးသွားတော့မယ်။ ဒီတော့ ငါ့ဘက်က တစ်ခုခု လုပ်မှ ကောင်းမယ်"

စိုးရိမ်ခြင်း၊ ပူဆွေးခြင်း၊ သောကရောက်ခြင်းတို့နှင့်အတူ ထိတ်လန့်ခြင်းတို့ စွက်လာရုံမက မနာလို၊ ဣဿာစိတ်များကလည်း စီးလည်ဖိတ်ကျလာခဲ့သည်။

"အင်း... အကောင်းဆုံးက ဒီကောင်မရဲ့ကိုယ်ဝန် ပျက်ကျအောင်လုပ်နိုင်ဖို့ပဲ"



ရက်စက်ယုတ်မာသောအကြံတို့ကို မီးစပျိုးလျက် နက္ခတ်ဗေဒင်ဆရာများထံသို့လည်းကောင်း၊ ဓာတ်ရိုက်ဓာတ်ဆင်ဆရာများထံသို့လည်းကောင်း၊ ပယောဂဆရာ၊ ဓာတ်ဗိန္ဒောဆရာများထံသို့ ဝင်ထွက်သွားလာကာ ကိုယ်ဝန်ပျက်ရာပျက်ကြောင်း လာဘ်လာဘများ ပေးဆက်ကာ ကြိုးစားဖန်တီးလေ၏။ သို့ဖြင့် ရရှိလာသော ကိုယ်ဝန်ပျက်ကျဆေးကို ယာယကံရှင်မသိအောင် စားမည့်အစားအသောက်ထဲသို့ ထည့်ကျွေးလေ၏။

သူကြွယ်မ၏ အကြံအစည်ကား အောင်မြင်ခဲ့ပါ၏။

သို့ဖြင့် သူကြွယ်မနှင့်လင်တူမယားခများ အစားအသောက်တို့ကို စားသောက်မိပြီးနောက် ကိုယ်ဝန်ပျက်ကျသွားလေတော့သတည်း။

* * *

သည်လိုမျိုး မယားအသစ်၌ ကိုယ်ဝန်ပျက်ကျခြင်းအတွက် ပတ်ဝန်းကျင်က မယားဟောင်းသူကြွယ်မအပေါ် ထင်မြင်ချက် အမျိုးမျိုး ဝေဖန်ချက်အဖုံဖုံ ပေးလာကြ၏။ ယုန်ထင်ကြောင်ထင်လည်း ဖြစ်လာကြ၏။ ကောက်ချက်ချသူချ၊ စွပ်စွဲသူစွပ်စွဲနှင့်။

"ဟေ့...ဒီကိစ္စဟာ သွေးရိုးသားရိုးတော့ မဖြစ်နိုင်ဘူး။ မဟုတ်မှလွဲရော သူကြွယ်မရဲ့လက်ချက်ပဲလို့ ထင်တယ်။"

"ဖြစ်နိုင်တယ်...ဘယ်တုန်းက စိတ်ကောင်း၊ သဘောကောင်းထားရှိလို့လဲ"

ပတ်ဝန်းကျင်မှ စကားသံတွေက ဤသို့ဤပုံ ထွက်ပေါ်လာသလို ခင်ပွန်းလင်သူကြွယ်ကလည်း နှုတ်ဆိတ်မနေ။ ပြောင်

www.burmeseclassic.com

www.burmeseclassic.com



ပြောင်တင်းတင်းပဲ စကားဆိုလေ၏။

"ဟော့... ဒီကိုယ်ဝန်ကို နင်ပျက်ကျအောင် လုပ်တာ မဟုတ်လား"

"အို...မဟုတ်ရပေါင်။ ဘယ့်နှယ့်တော်... စွပ်စွပ်စွဲစွဲ"

အမှန်တကယ်ဟုတ်မှန်နေသည့်တိုင်း သူကြွယ်မကား ဝန်မခံ။ အကြောက်အကန်ပင် ငြင်းဆိုခဲ့သည်။

ဤကိစ္စ၊ ဤပြဿနာကား ဤမျှနှင့် ပြီးပြတ်မသွား။ ခင်ပွန်းလင်နှင့်တကွ မယားအသစ်၏ ဆွေမျိုးမိတ်သင်္ဂဟတွေကပါ မယားဟောင်းသူကြွယ်မအပေါ် သံသယစိတ်တွေ ဝင်ခဲ့ကြသည်။ ထိုသံသယသည် တဖြည်းဖြည်းကြီးထွားလာခဲ့ရာ ပရိသတ်လူပုံအလယ်၌ ဖြေရှင်းရသည်အထိ ဖြစ်လာခဲ့လေ၏။ အဲသည်မှာလည်း သူမ၏မာယာတွေ ဝေ့ဝေ့ဝဲဝဲ။

"မဟုတ်ရပေါင်ရှင်...ကျွန်မက လင်တူ မယားပြိုင်ဆိုပေမဲ့ သူ့ကို ကိုယ့်ညီမလေးအရင်းလို သဘောထားတာပါ။ ဘာဖြစ်လို့များ ကျွန်မညီမလေးရဲ့ ကိုယ်ဝန်ပျက်ကျအောင် လုပ်ရမှာတဲ့လဲ။ ခုလိုမျိုး ကိုယ်ဝန်ပျက်စီးသွားတဲ့အတွက် ညီမလေးနဲ့ ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းရပါတယ်။ ဒါနဲ့တောင်မှ ရှင်တို့က ကျွန်မအပေါ် သံသယတွေ ရှိနေသေးတယ်ဆိုတော့ ဘယ်လိုမှကို နားမလည်နိုင်တော့ဘူး"

ဟန်ဆောင်ကလည်း ကောင်းပေစွ။ အမူအရာတွေကလည်း ပိုင်ပိုင်နိုင်နိုင်။ သည်တော့လည်း သူမ၏မာယာကြောင့် မျှောနစ်



သွားကာ ယုံသူတွေ ယုံသွားကြ၏။ သို့ရာတွင် မယုံနိုင်သူတွေကလည်း ရှိနေပါသေး၏။

"သူခိုးက...ခိုးပါတယ်လို့ပြောရင် ဘယ်မှာလာပြီး အကျဉ်းထောင်တွေ ဆန့်တော့မှာလဲ။ ခင်ဗျားလုပ်ရပ်တွေက မပြောသော်လည်း ကန်ရာကရှိနေခဲ့ပြီ။ ဟိုတစ်လောတုန်းက ခင်ဗျားဟာ ဟိုဆရာဆီ ပြေးလိုက်၊ သည်ဆရာဆီ ပြေးလိုက်နဲ့ ခြေချင်းလိမ်နေတာကို မတွေ့ချင်မှအဆုံးပဲ။ အဲဒါ ဘာတွေ လုပ်နေတာလဲ"

"ဒါကတော့ရှင်...ကျွန်မမှာလည်း သွေးနဲ့ကိုယ် သားနဲ့ကိုယ်ဆိုတော့ ကိုယ်ကျန်းမာရေးအတွက် ယတြာချေတန်ချေရအောင်၊ ဓာတ်ရိုက်ဓာတ်ဆင်တန် ဓာတ်ရိုက်, ဓာတ်ဆင်ရအောင်၊ ပယောဂရှိရင်လည်း ထုတ်တန် ထုတ်ရအောင် ဆရာတွေဆီ မသွားရတော့ဘူးလား"

ဤသို့ အချက်ကျကျ ချေပပြောဆိုလာပြန်တော့

'ဒါလည်း ဟုတ်နိုင်သားပဲလေ'

ဟု ကောက်ချက်ချကာ နှုတ်ပိတ်သွားသူတွေရှိရပြန်သည်၊ သည်ကြားထဲ သူမ၏မာယာကို နားလည် နေသူကတော့ လုံးဝ လက်သင့်ခံခြင်းမရှိ။

"ခင်ဗျား စကားတွေက တော်တော့်ကို ရှည်တယ်ဗျာ။ ကျုပ်ပြတ်ပြတ်ပဲ မေးလိုက်မယ်။ ခင်ဗျားဟာ ကိုယ်ဝန်ပျက်ကျအောင် မလုပ်ပါဘူးဆိုတာကို ဟောဒီပရိသတ်ကြီးရဲ့ ရှေ့မှောက်မှာ ကျိန်ဆိုရဲပါ့မလား"

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်သားမှာ စိန်ခေါ်လာခဲ့ပေပြီ။ ငြင်းဆန်ခဲ့လျှင် သူမ၏လုပ်ရပ်တို့မှာ လယ်ပြင်၌ ဆင်သွားသကဲ့သို့ ထင်ရှားစွာ ပေါ်လာတော့မှာ သေချာသည်။ သည်တော့ ဟန်ကိုယ့်ဖို့ဆို သလို ဣန္ဒြေမပျက် ခပ်ပြုံးပြုံးကလေး နေလိုက်ရင်း"

"အဟင်း... ဟင်း... ဘာများလဲလို့။ ကျိန်ဆိုရင် ကျိန်ရတာပေါ့ရှင့်။ ကိုယ့်ဘက်က ဘာမှ မဟုတ်မဟပ် လုပ်ခဲ့တာတွေမှ မရှိတဲ့ဥစ္စာပဲ။ ဒီပြဿနာနဲ့ပတ်သက်ပြီး အားလုံး သံသယ ကင်းသွားရလေအောင် ကျွန်မ ကျိန်ပါ့မယ်။ ဒီကိစ္စဟာ သားပျက်တဲ့ ကိစ္စဆိုတော့ ရင်သွေးနဲ့ ပတ်သက်တာကိုပဲ ဦးတည်လို့ ကျိန်ဆိုရတော့မှာပေါ့။ ကိုင်း... ကျိန်ပါပြီ။

ကျွန်မသည် ကိုယ်ဝန်ပျက်ကျဆေး ကျွေးခဲ့ပါလျက်နှင့် မကျွေးဟူ၍ ဆိုခဲ့ပါလျှင် အမြွာပူးသား ခုနစ်ကြိမ် မွေးဖွားခဲ့သည်ကို နံနက်တွင် တစ်ကြိမ် ၊ ညတွင်တစ်ကြိမ်၊ မွေးဖွားပြီး၊ ထိုမိမိ၏သားတစ်ဆယ့်လေးယောက်တို့ကို ပြန်၍ စားသော မိန်းမ ဖြစ်ပါစေသား"

ဟူ၍ ကျိန်စာဆိုလေ၏။

"ကိုင်း... ကျေနပ်ကြပါပြီလား"

"ကျေနပ်ပြီ... ကျေနပ်ပြီ"

သူမအတွက်တော့ ပြဿနာတစ်ရပ်က မျက်မှောက်မှာတင် ပြေလည်သွားခဲ့ပါ၏။ သို့ရာတွင် ကာယကံရှင်သူမ၏ရင်ဘွင် မှာတော့ မိမိ၏လုပ်ရပ်အမှားတွေက ပဲ့တင်ရိုက်ခတ်နေကြသည်။



ကျိန်စာရွတ်ဆိုပြီးသည့်နောက်ပိုင်း တမှိုင်မှိုင် တတွေတွေဖြင့် ရောဂါဝေဒနာတို့စွဲကပ်ကာ စိတ်ထောင်း ကိုယ်ကြေဖြစ်ရင်း ကာလအတန်ကြာမှာပင် သေလွန်ခဲ့ရလေတော့၏။

* * *

ကောင်းကင်ပြင်မှာ မြူတိမ်လွှာတို့ကင်းရှင်း၍ ဝါလကင်းလွတ် သီတင်းကျွတ်ခဲ့ပေပြီ။

ဤ၌ ရပ်ဝေး၌ ဝါဆို၊ ဝါကပ်ကြသော ရဟန်းတို့သည် ဝါလ ကင်းလွတ် သီတင်းကျွတ်သို့ ရောက်ရှိလာသည့်အခါ ဘုရားရှင်ထံသို့ သွားရောက်၍ ဖူးမြော်လေ့ရှိကြပေ၏။

ယခုလည်း ရဟန်းတစ်စုသည် သာဝတ္ထိပြည်ရှိ ဇေတဝန်ကျောင်းတော်၌ စမွာယ်သီတင်းသုံးလျက်ရှိသည့် ဘုရားရှင်ကို ဖူးမြော်ရန်အတွက် ခရီးထွက်လာခဲ့ကြရာ သူကြွယ်လင်မယားတို့ နေထိုင်ရာ ရွာအနီးသို့ ရောက်ရှိသွားကြလေ၏။ ၎င်းတို့သည် ခရီးပန်းလာသည့်အတွက် ရွာအနီးရှိ ဇရပ်ပေါ်သို့တက်ကာ တည်းခိုကြလေ၏။

ညကာလသို့ ရောက်သည်ရှိသော် သီတင်းကျွတ်ကာလ၌ ထွက်ပြူလာသောငွေလမင်းသည် ဇရပ်အမိုးပေါ်သို့ ဖြာကျလျက် ရှိပေသည်။

ဇရပ်ပေါ်မှာတော့ ရဟန်းတော်အချို့မှာ မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းနေကြသည်။ အချို့သောရဟန်းတော်တွေကျတော့ ခရီးပန်းလာသည့်အတွက် စက်ရာတွင်လှဲကာ အညောင်းဆန့်နေကြလေ၏။ အချို့မှာမူ ဇရပ်ရှေ့ရှိလမ်းဖုံဖုံကလေးတွင် စင်္ကြံလျှောက်နေကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ရှင်တို့... အာရုံခံကြည့်ကြစမ်း ဘာအနံ့ကြီးလည်း မသိဘူး"

"ဟာ...ဟုတ်ပါရဲ့။ ညှီစို့စို့ ပုပ်ဟောင်ဟောင်နဲ့ နံလိုက်တဲ့ဖြစ်ခြင်း"

ညလေပြည်၌ စီးမျောပါလာသည့် အနံ့ဆိုးကြောင့် ရဟန်းတော်များ နှာခေါင်းပိတ်ထားကြလေ၏။

"ဟင်...ဟို...ဟိုမှာ၊ ကြည့်ပါဦး ကိုယ်တော်"

"ဟာ...မတုန်မလှုပ်ဘဲရပ်နေတာ ဘာကြီးမှန်းလဲ မသိဘူး။ လူတော့ မဟုတ်တာ သေချာတယ်"

စကြံလျှောက်နေသော ရဟန်းအချင်းချင်း တစ်ပါးကို တစ်ပါး ညွှန်ပြနေသည့်အတွက် အရာဝတ္ထုတစ်ခုကို တွေ့မြင်လိုက်ရ၏။ ထိုအခြင်းအရာကား ပြိတ္တာမ ဖြစ်ချေ၏။

ပြိတ္တာမ၏ အနံ့အသက်တွေက အတော်ကလေး မကောင်လှသလို ဆင်းသွင်အင်္ဂါတို့မှာလည်း ဆိုးရွားလှချေ၏။ သို့ရာတွင် ရဟန်းတို့မှာ တရားကို လက်ကိုင်ထားကြသူများပီပီ ကြောက်ရွံ့တုန်လှုပ် ထိတ်လန့်ခြင်းတို့ မဖြစ်ခဲ့ကြ။ ပြိတ္တာမသည်လည်း ရဟန်းတော်များအနီးသို့မကပ်ဝံ့ဘဲ မနီးမဝေးနေရာ၌သာ ရပ်လျက် ကြည့်နေ၏။ ဤတွင် ရဟန်းတစ်ပါးလည်း ပြိတ္တာမ၏အသွင်ကို ကြည့်လျက် မေးတော်မူလေ၏။

"အို...အသင်၊ သင့်မှာ အဝတ်အကာတို့လည်းမပါ။ အဆင်းကလည်း မလှမပ၊ အနံ့အသက်တို့မှာလည်း မကောင်း၊ ယင်တွေကလည်း တလှောင်းလှောင်း။ ဒီနေရာမှာ ရပ်တဲ့လို့ နေတယ်။ နေပါဦး သင်က ဘယ်သူပါလိမ့်"

ဤသို့ အမေးစကားသံထွက်ပေါ်လာသည့်အတွက် ဇရပ်ပေါ်ရှိ ရဟန်းတို့လည်း ဆင်းသက်ရောက်ရှိလာကြကာ ပြိတ္တာမကို ငေးကြည့်နေမိကြလေ၏။ ထိုပြိတ္တာမကား အခြားမဟုတ်။ လူ့ဘဝတုန်းဆီက သူကြွယ်၏မယားကြီးပင်ဖြစ်၏။ ပြိတ္တာမလည်း ရဟန်း၏အမေးကို ဖြေဆိုတော်မူလေ၏။

"အရှင်ဘုရားတို့...တပည့်တော်မဟာ လွန်ခဲ့တဲ့ လူ့ဘဝတုန်းက ဟောဒီရွာမှာရှိတဲ့ သူကြွယ်ရဲ့ဇနီးမယားဖြစ်ခဲ့ပါတယ်။ တပည့်တော်မဟာ မယားကောင်းတို့ရဲ့ လက္ခဏာ ဂုဏ်အင်္ဂါတို့ကင်းမဲ့ခဲ့သူပါ။ ဒါ့အပြင် လင်ကိုလည်း မရိုသေ၊ လင်ဖြစ်သူရဲ့ နောက်မိန်းမကို သားပျက်အောင် လုပ်ခဲ့လို့ လူ့ဘဝက သေလွန်တဲ့အခါ အခုလို ပြိတ္တာဘဝ ရောက်ခဲ့ရပါတယ်။

မသေခင်မှာ လိမ်ညာ လှည့်ပတ်ပြီး ကျိန်ဆိုခဲ့တဲ့ ကျိန်စာဟာ အခုအခါ စူးနေပါပြီလား။ နံနက်အခါမှာ သား(၇) ယောက် အမွှားပူးမွေးဖွားပြီး၊ အဲသည်သားတွေကို ကိုယ်ပြန် စားနေရပါတယ်။ တစ်ခါ ညရောက်ပြန်တော့လည်းအဲသည်လိုပါပဲ။ သား (၇)ယောက် အမွှာပူး မွေးဖွားလာပြန်တော့ အဲဒီသားတွေကိုပဲ ပြန်လည်စားခဲ့ရပါတယ်။ နေ့ရောညပါ သားပေါင်း တစ်ကျိပ်နဲ့ လေးယောက်ကို စားသောက်နေရပေမဲ့လည်း တပည့်တော်မမှာ ဝလင်တယ်လို့ မရှိခဲ့ပါဘူးဘုရား။ အားရ တင်းတိမ်တယ်လို့လည်း တစ်ကြိမ်တစ်ခါမျှ မရှိခဲ့ပါဘူးဘုရား။



www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဘုရားတို့...တပည့်တော်မအဖို့ ဆာလောင်မွတ်သိပ်ခြင်းဒဏ်ချက် ဘယ်လောက်တောင် အခံရခက်သလဲဆိုရင် အသည်းနှလုံးကို မီးပုံမြှိုက်သလို ပူလောင်လှပါတယ်။ သံပူအိုးလို အခိုးတွေ တချောင်းချောင်း ထနေပါတယ်။ ရေသောက်ချင်ပေမယ်လို့လည်း မသောက်ရ၊ အတော့်ကို ဒုက္ခကြီးမားတဲ့ ဘဝပါပဲဘုရား"

ပြိတ္တာမ၏ လျှောက်ထားသောစကားတို့ကို ကြားရတော့ ရဟန်းတော်များအဖို့ ကရုဏာစိတ်များ ယိုဖိတ်လာခဲ့ကြသည်။

"အင်း...ကြားရတာ စိတ်မကောင်းစရာပေပဲ။ ဒါထက်သည်လို အဖြစ်မျိုးရောက်အောင် သင်ဟာ ဘယ်လို အမှုကိစ္စတွေကို လုပ်ခဲ့လို့လဲ"

သည်သို့ အမေးရှိလာတော့ ပြိတ္တာမလည်း သူကြွယ်မဘဝဖြစ်စဉ်က သားမာန်တက်ခဲ့ပုံ၊ လင်ကို အရိုအသေမဲ့ ဇော်ကားခဲ့ပုံ၊ လင်၏ နောက်မယားကို မနာလို မရှုစိမ့်၍ ဖြစ်တည်လာသော ကိုယ်ဝန်အား ပျက်ကျရန် လုပ်ဆောင်ခဲ့ပုံ၊ အများသံသယမဝင်နိုင်အောင် လိမ်ညာ၍ကျိန်စာဆိုခဲ့ပုံ ထိုထိုသော မကောင်းမှု အကုသိုလ်ဒုစရိုက်များကြောင့် ပြိတ္တာဘဝအဖြစ်ဆိုးသို့ ရောက်ရှိခဲ့ပုံတို့ကို လျှောက်ထားခဲ့လေ၏။

"အို... သနားစရာ ပြိတ္တာမ၊ သင့်ကို ငါတို့ ဘယ်လိုမျိုး ကူညီပေးနိုင်မှာလဲ"

"အရှင်ဘုရားတို့၊ တပည့်တော်မ အသနားခံ လျှောက်ထားပါရစေဘုရား။ တပည့်တော်မကို သနားငဲ့ညှာတဲ့



အနေနဲ့ သည်ရွာငယ်မှာရှိတဲ့ တပည့်တော်မရဲ့ ခင်ပွန်းဟောင်း သူကြွယ်အိမ်ကို ကြွတော်မူကြပါဘုရား။

အဲသည်အခါ သူကြွယ်က အရှင်ဘုရားတို့ကို အလှူဒါန ပေးလှူပါလိမ့်မယ်။ သည်တော့ သူကြွယ်ကို အကျိုးအကြောင်းရှင်းပြလို့ အဲသည်အလှူရဲ့ အဖို့ဘာဂကို တပည့်တော်မအား ရည်စူးလို့ အမျှပေးဝေဖို့ရာ တိုက်တွန်းပေးတော်မူပါဘုရား။ အဲသည်လို အမျှပေးဝေတဲ့အတွက် တပည့်တော်မ သာဓုခေါ်ခွင့် ရခဲ့မယ်ဆိုရင် အခုလိုမျိုး ဆင်းရဲဒုက္ခအပေါင်း ခံစားနေရတဲ့ ပြိတ္တာဘဝကနေ လွတ်မြောက်ရပါလိမ့်မယ် အရှင်ဘုရားတို့"

ပြိတ္တာမ၏စကားအဆုံးမှာတော့ ရဟန်းတော်များအဖို့ ပြိတ္တာမအပေါ် ကရုဏာသက်မိသည်နှင့်အမျှ ကြောက်မက်ဖွယ်ကောင်းလှစွာသော သံသရာ ဘေးဆိုးကြီးများအပေါ် အထိတ်တလန့်သံဝေဂ ဖြစ်မိကြလေ၏။

နောက်တစ်နေ့ရောက်လေသည်ရှိသော် ပြိတ္တာမ လျှောက်ထားသည့်အတိုင်း သူမ၏ခင်ပွန်းဟောင်းဖြစ်သူ သူကြွယ်၏အိမ်သို့ ကြွရောက်ကာ အကျိုးအကြောင်းကို ပြောပြလေ၏။

"အရှင်ဘုရားတို့... တပည့်တော်ရဲ့ မယားဟောင်းအဖြစ်ကို ကြားရတာ စိတ်မကောင်းဖြစ်မိပါတယ်ဘုရား။ တပည့်တော် အလှူဒါန ပြုပါရစေ။ အဲသည် အလှူဒါနရဲ့ အဖို့ဘာဂကို ပြိတ္တာမအား ရည်စူးလို့ အမျှပေးဝေပါမယ်ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



သူကြွယ်လည်း လျှောက်ထားချက်နှင့်အညီ ရဟန်းတော်တို့အား ဆွမ်းခဲဘွယ်ဘောဇဉ်တို့ကို ကပ်လှူပူဇော်ကျွေးလေ၏။ အဆိုပါ အလှူဒါန၏ အဖို့ဘာဂကိုလည်း ပြိတ္တာမအား ရည်စူးကာ အမျှပေးဝေလေ၏။

ကံအားလျော်စွာပင် အဆိုပါ အလှူဒါန အဖို့ဘာဂကို သာဓုခေါ်ခွင့် ရခဲ့လေသော ဇနီးဟောင်း ပြိတ္တာမမှာ ခဏချင်းပင် မွန်မြတ်သော နတ်စည်းစိမ်ဥစ္စာအဖြာဖြာတို့ကို ရရှိခံစားရလေ၏။ ညဉ့်အခါရောက်လေသော် ခင်ပွန်းဟောင်းသူကြွယ်အား နတ်အဆင်းဖြင့် ကိုယ်ထင်ပြလေသတည်း။

* * *

ရဟန်းတော်တို့လည်း ရွာကလေးမှ ထွက်လာခဲ့ရာ မကြာမြင့်မီမှာပင် သာဝတ္ထိပြည်အတွင်းရှိ ဇေတဝန်ကျောင်းတော်သို့ ရောက်ခဲ့လေ၏။

ဘုရားရှင်အား ရှိခိုးကော်ရော် ဖူးမြော်ပူဇော်ပြီးသည့်နောက် မိမိတို့ ခရီးလမ်းရှိ ရွာတစ်ရွာ၌ တွေ့ကြုံခဲ့ရသော ပြိတ္တာမအကြောင်းကို လျှောက်ထားကြလေရာ ဘုရားရှင်လည်း ထိုပြိတ္တာမ၏ ဇာတ်ကြောင်းကို အတ္ထုပ္ပတ္တိပြု၍ ရောက်လာသော ပရိသတ်တို့အား ဒေသနာတော်မြတ်တရားကို ဟောကြားတော်မူလေ၏။

ထိုဒေသနာတော်ကို နာကြားရကုန်သော တရားနာပရိသတ်အပေါင်းမှာ သံဝေဂတရားဖြင့် ထိတ်လန့်တကြားဖြစ်



သော မကောင်းမှု ဒုစရိုက်အမှုကိစ္စများကို ရှောင်ကြဉ်ကြ သည့် အကျိုးတရား များစွာရရှိကြလေသတည်း။

**ကျမ်းကိုး**

**–ပေတဝတ္ထု**

**ဥရဂဝဂ်၊ သတ္တပုတ္တ ခါဒပေတဝတ္ထု။**

www.burmeseclassic.com

www.burmeseclassic.com

## ရေလျှောက်ပြိတ္တာ



## ရေလျှောက်ပြိတ္တာ

ဂင်္ဂါမြစ်ကမ်းဘေးမှာတော့ စစ်တပ်တစ်တပ်သည် ရပ်နားစခန်းချလျက်ရှိ၏။ ထိုစစ်တပ်ကား ရာဇဂြိုဟ်ပြည်ရှင် ဗိမ္ဗိသာရမင်းကြီး၏ စစ်တပ်ဖြစ်၏။

အခေါ်ဘာဏီတပ်ကြီး မဟုတ်သည့်တိုင် ဤစစ်တပ်ကားသာမန်စစ်တပ်တော့ မဟုတ်။ ဆင်တပ်လည်း ပါဝင်သကဲ့သို့မြင်းတပ်၊ ခြေလျင် သူရဲတပ်များလည်းပါဝင်ပြီး ကောဋိယစစ်သူကြီးအမတ်က ကွက်ကဲအုပ်ချုပ်လေ၏။ ယခု ဤစစ်တပ်စခန်းချ ရပ်နားနေချင်းမှာ နယ်စပ်၌ ဆူပူသောင်းကျန်းနေကြသော ခိုးသား၊ ဓားပြ၊ သူပုန်တို့ရန်ကို နှိမ်နင်းပြီး၍ နေပြည်တော်သို့အပြန် ခေတ္တစခန်းချနေခြင်းပင် ဖြစ်ပေ၏။

ဂင်္ဂါမြစ်ရေတို့ကား တသွင်သွင် စီးဆင်းလျက် ရှိချေ၏။

ထိုအချိန်ဝယ် ခေတ္တစခန်းချရာစစ်တပ်မှ ကောဋိယစစ်သူကြီးအမတ်၏ အမိန့်သံက ကြည်လင်ပြတ်သားစွာ ထွက်ပေါ်လာခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ရဲမက်တို့"

"သင်တို့အားလုံး ကုန်းကြောင်းမှ ချီကြကုန်လော့။ လမ်းခရီးမှာ တစ်စုံတစ်ရာ မဖြစ်စေဖို့အတွက် ဆိုင်ရာတို့က ကွပ်ကဲကြပါ။ ငါကတော့ ရေကြောင်းက လိုက်ခဲ့မယ်။ အသင့်ပြင်"

သည့်နောက်မှာတော့ဖြင့် ဂင်္ဂါမြစ်ကမ်းရိုးတန်းတစ်လျှောက် ဆင်တပ်၊ မြင်းတပ်၊ ခြေလျင်တပ်တို့ တရွေ့ရွေ့လှုပ်ရှားထွက်ခွာနေသည်ကို တွေ့မြင်ရလေသတည်း။

* * *

ကောင္ဍိယသည် မြစ်ကြောင်းအတိုင်း လှေဖြင့် စုန်မျောလာခဲ့ပေ၏။

ဤနှံ့ မြစ်ကြောကွေ့လျှင် ကွေ့သည့်အလိုက်၊ မြစ်ကြောဖြောင့်လျှင် ဖြောင့်သည့်အလျောက် စုန်မျောလာခဲ့ရာ တစ်နေရာသို့ အရောက်တွင် သူသည် တအံ့တဩဖြင့် ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့၏။ အကယ်တန္တု အဆိုပါမြင်ကွင်းကို သူကဲ့သို့ မြင်ရသူဆိုပါလျှင်လည်း တအံ့တဩဖြင့် ပါးစပ်အဟောင်းသားဖြစ်မှာ သေချာလှပေ၏။

ကောင္ဍိယသည် ထိုမြင်ကွင်းကို မျက်တောင်မခတ်တမ်း စိုက်ကြည့်နေရင်းမှာပင် သူမြင်တွေ့နေရသောအရာသည် သူနှင့်အတူ တဖြည်းဖြည်း နီးကပ်လာနေခဲ့သည်။ ထိုသို့ တဖြည်းဖြည်း ကပ်လာအောင်လည်း ထိုမြင်တွေ့နေရသောအရာက သူနှင့် ပြိုင်၍ လှမ်းလာနေခဲ့သည် မဟုတ်ပါလား။



မြေပေါ်ဆိုလျှင်တော့ ဘာမျှ အံ့ဩစရာမရှိ။

ယခုတော့ ဘယ်လိုသတ္တဝါမှန်း ခွဲခြား၍ မရနိုင်သောအရာသည် ရေပြင်ကို မြေပြင်သဘောမှတ်လျက် လျှောက်လှမ်းနေသည်မို့ အံ့အားတသင့် ဖြစ်ရခြင်းပါပေ။

သို့ဖြင့် တဖြည်းဖြည်း နီးကပ်လာလေတော့မှ ရေလယ်ခေါင်တွင် တွေ့လိုက်ရသည်က ပြိတ္တာတစ်ကောင် ဖြစ်နေသည်။

ထိုပြိတ္တာသည် အဝတ်မပါ။ ဗလာကိုယ်ထီး အချည်းနှီးဖြင့် မျက်နှာပေါက်ကိုက အလွန့်အလွန် ကြောက်စရာကောင်းနေသည်။ ထိုပြိတ္တာသည် ဦးခေါင်းတွင် ငုပန်းတွေကို ဝေနေအောင် ပတ်ချည်ပန်ဆင်ပြီး ရေပေါ်၌တစ်လှမ်းချင်း လျှောက်နေသည်။

ကောင္ဍိယနှင့် ပြိတ္တာတို့သည် တစ်ဦးကိုတစ်ဦး မြင်တွေ့နေရသည်။ သည့်အတွက် ကောင္ဍိယကလည်း ရှောင်ထွက်မသွားသကဲ့သို့ ပြိတ္တာကလည်း ရှောင်ထွက်မသွား။ ကောင္ဍိယ ရှိရာ တည့်တည့်သို့ပင် ဦးတည်၍ လာနေခဲ့သည်။ ကောင္ဍိယအဖို့ အံ့ဩနေမိသည်ကလွဲ၍ ကြောက်စိတ်တို့ အလျဉ်းမရှိခဲ့။

"ဒါ... ပြိတ္တာကောင်ပဲ။ နေပါဦး...ဒီပြိတ္တာကောင်ဟာ ကွေ့ရှောင်မသွားဘဲ ဘာကြောင့်များ ငါရှိရာ တည့်တည့်ကိုပဲ လာနေတာပါလိမ့်"

ဤအတွေးဖြင့်ပင် ပြိတ္တာကို မျက်ခြည်မပြတ် စူးစိုက်ကြည့်နေစဉ်မှာပင် အနီးသို့ ပြိတ္တာကောင် ရောက်ရှိလာခဲ့ပါပြီ။ ဤတွင် လှေကို ရပ်တံ့စေလိုက်ပြီး

"အို...ပြိတ္တာ၊ သင်ဟာ ပြိတ္တာတကာတို့အနက်

www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းလှတဲ့ ပြိတ္တာဖြစ်ပါရဲ့။ ဂင်္ဂါမြစ်ရေပြင်ကို မြေပြင်လိုပဲ ခြေလျင် လျှောက်လာတာဟာ အံ့သြဖွယ်ကောင်းလှပါတယ်။ အဝတ်အစားမရှိ၊ ခေါင်းမှာ ပန်ထားတဲ့ ငုပန်းတွေကလည်း တဝေဝေနဲ့ သင် ဘယ်လိုဖြစ်ရတာတဲ့လဲ။ အခု သင်ဟာ ဘယ်ကိုသွား မလို့ပါလဲ"

ဟူ၍ ရဲရင့်ပြတ်သားစွာ မေးလိုက်၏။ ထိုအခါ ပြိတ္တာလည်း ရေပြင်ပေါ်တွင် ရပ်တံ့လျက်–

"အဆွေ...အမတ်ကြီး ကျွန်ုပ်ဟာ လူဖြစ်ခဲ့စဉ်အခါတုန်းက သားကောင်တွေကို ဖမ်းဆီး သတ်ဖြတ်ရောင်းချခဲ့တဲ့ မုဆိုးအလုပ်ကို လုပ်ကိုင်ခဲ့သူ ဖြစ်ပါတယ်။

အဆွေ...အမတ်ကြီး၊ ဗာရာဏသီမြို့ရဲ့ အနောက်ဘက်မှာ 'ဝါသဘ' ဆိုတဲ့ ရွာကြီးတစ်ရွာ ရှိပါတယ်။ အဲသည်ရွာကို လွန်မြောက်တဲ့အခါ 'စန္ဒလင္ဂိက' ဆိုတဲ့ ရွာကို တွေ့ရပါလိမ့်မယ်။ အဲသည် စန္ဒလင္ဂိက ရွာမှာ ကျွန်ုပ်ဟာ မုဆိုးတစ်ယောက်ပေါ့။

ကျွန်ုပ်ဟာ တောလိုက်ထွက်ရာကနေ ရွာရှိရာ ပြန်ရောက်တဲ့အခါတိုင်း ရွာတံခါးဝကို ရောက်တဲ့အခါ ကလေးသူငယ်တွေက ကျွန်ုပ်မှာပါလာတဲ့ အသားတွေကို တောင်းလေ့ ရှိကြပါတယ်။ အဲသလို အခါမျိုးမှာ ကျွန်ုပ်ကလည်း ကြည်ဖြူစွာနဲ့ တောင်းတိုင်း ပေးခဲ့တာပါပဲ။ အဲသည်အလုပ်ဟာ တစ်နေ့တည်း မဟုတ်ပါဘူး။ နေ့စဉ် လုပ်ဆောင်ရတဲ့ အလုပ်ပါ။



အဆွေ...အမတ်ကြီး၊ တစ်နေ့မှာတော့ ကျွန်ုပ်ဟာ တောထဲဝင်ပြီး အမဲလိုက်ပေမဲ့ သားကောင်တစ်ကောင်မှ မရခဲ့ပါဘူး။ သည်တော့ လက်ချည်းဗလာနဲ့ ပြန်လာခဲ့တဲ့အခါ လမ်းမှာ ငုပန်းတွေ ပင်လုံးကျွတ်အောင် ပွင့်နေတာကို တွေ့လိုက်ရပါတယ်။ အဲဒါနဲ့ ဘာမှ မရတာထက်စာရင် တော်ပါသေးရဲ့လို့ဆိုပြီး ငုပန်းတွေကို ခူးဆွတ်ချိုးဖဲ့ပြီး ကိုယ်တိုင်လည်းပန်၊ ရွာရောက်တဲ့အခါ ကလေးသူငယ်တွေကိုလည်း ပေးဝေခဲ့ပါတယ်။

အဆွေ...အမတ်ကြီး ကျွန်ုပ်ဟာ အဲသည်ဘဝက ကွယ်လွန်တဲ့အခါ မုဆိုးအလုပ်ကို လုပ်ကိုင်မိခဲ့တဲ့ မကောင်းမှု အကုသိုလ် အကျိုးဆက်ကြောင့် ယခုဘဝမှာ အဆွေမြင်တွေ့ရတဲ့အတိုင်း ပြိတ္တာဘဝကို ရောက်နေရပါတယ်။

အဆွေ...အမတ်ကြီး၊ ကျွန်ုပ်ဟာ အစာ မစားရပါ။ အစာဆိုလို့ အိပ်မက်ထဲမှာတောင် မမြင်ဘူးပါ။ စန္ဒလင္ဂိက ရွာမှာ ကျွန်ုပ်ရဲ့ ဆွေမျိုးဉာတိတွေ ရှိပါသေးတယ်။ အခု အစာရေစာ ရရှိမယ်ထင်လို့ ဆွေမျိုးဉာတိတွေရှိရာ ကျွန်ုပ်သွားမှာ ဖြစ်ပါတယ်။ အခု ကျွန်ုပ်ဟာ သိပ်ကို ဆာလောင်မွတ်သိပ်နေပါတယ် အမတ်ကြီး"

"အင်း...သင့်အဖြစ်ကလည်း ဒုက္ခကြီးလှပါကလား"

ကောဠိယအဖို့ ပြိတ္တာအပေါ်တွင် သနားစိတ်တို့ ယိုဖိတ်လျက်ရှိ၏။ ဤတွင် မိမိ၌ပါလာသော မုန့်လုံးကိုလည်းကောင်း၊ ထမင်းကိုလည်းကောင်း၊ ပုဆိုးအစုံကိုလည်းကောင်း မိမိ၏

www.burmeseclassic.com

www.burmeseclassic.com



လှေပေါ်၌ အတူပါလာသော ဆတ္တာသည် ဥပါသကာကို ပေးလှူ၏။ ထိုအလှူဒါန၏ ကုသိုလ်အဖို့ဘာဂကို ပြိတ္တာအား ပေးဝေ၏။ ပြိတ္တာလည်း သာဓုခေါ်၏။ သာဓုသုံးကြိမ်ခေါ်အပြီး၌ ပြိတ္တာလည်း ခဏချင်းပင် ကိုယ်ပေါ်၌ အဝတ်ပုဆိုးစုံတို့ ဖြစ်ပေါ်လာကုန်၏။ အစားအစာတို့လည်း ရရှိကုန်၏။

ကောဋိယလည်း ထိုအဖြစ်ကို မြင်တွေ့ရသည့်အတွက် ဝမ်းမြောက်ကြည်နူးမိကာ ဂင်္ဂါမြစ်ကြောင်းအတိုင်း ဆက်လက်၍ စုန်ခဲ့ပါသတည်း။

* * *

ဗာရာဏသီမြို့ကား နံနက်ခင်း၏ နေခြည်အောက်တွင် လှုပ်ရှားသွားလာသူများဖြင့် အထူးပင် စည်ကားနေလေ၏။ ထိုအချိန်မှာပင် အမတ်ကြီး ကောဋိယ စီးနင်းလိုက်ပါလာသော လှေသည်လည်း ဗာရာဏသီဆိပ်ကမ်း၌ ဆိုက်ကပ်ပါချေ၏။

ကောဋိယသည် လှေပေါ်မှ ဆင်းသက်ကာ ကမ်းပေါ်သို့ တက်ခဲ့၏။ ဤ၌ ကောင်းကင်သို့ မော့ကြည့်လိုက်သည့်အခါ ကောင်းကင်ထက်မှ ဈာန်တန်ခိုးဖြင့် ဆင်းသက်လာသော ဘုရားရှင်ကို မြင်တွေ့လိုက်ရာ ရှိသေစွာ ရှိခိုးပါချေ၏။ ထို့နောက် ခရီးရောက်မဆိုက်ဆိုသကဲ့သို့ပင် ဘုရားရှင်အား

"အရှင်ဘုရား...တပည့်တော်အား သနားကရုဏာထားလျက် တပည့်တော် လှူဒါန်းမယ့်ဆွမ်းကို အလှူခံတော်မူပါဘုရား"



ဟူ၍ ပင့်လျှောက်တော်မူလေရာ ဘုရားရှင်လည်း ခပ်မဆိတ်နေတော်မူလေ၏။ ထိုသို့ဖြင့် ကောဋိယ လှူဒါန်းမည့် ဆွမ်းကို လက်ခံတော်မူကြောင်း ပြသတော်မူ၏။

ကောဋိယလည်း ဘုရားရှင်လက်ခံတော်မူမှန်းသိလျှင် ဩဇာအာဏာညောင်းသူပီပီ လက်အောက်ငယ်သားများနှင့် အားချင်းဆိုသလိုပင် ဆွမ်းကျွေးမဏ္ဍာပ်ကြီးကို ဆောက်လုပ်လေတော့၏။ ဆွမ်းအတွက်ကိုလည်း စီမံခန့်ခွဲကာ တာဝန်များပေးလေ၏။

ဘုရားရှင်ကား ဤနေရာဤဒေသသို့ ကြွတော်မူလာရခြင်းမှာ အကြောင်းမဲ့သက်သက်မဟုတ်။ ကောဋိယ၏ အလှူဒါနကို အကြောင်းပြု၍ လူများစွာတို့နှင့်တကွ ပြိတ္တာများစွာတို့၏ ချမ်းသာရာ ချမ်းသာကြောင်း၊ အကျိုးရှိရာ အကျိုးရှိကြောင်းကို မြင်တော်မူသဖြင့် တမင်တကာ ကြွတော်မူလာခြင်းပင် ဖြစ်လေသတည်း။

* * *

ကောဋိယ၏ ဆွမ်းကျွေးအလှူမဏ္ဍာပ်ကြီးကား ခမ်းနားထည်ဝါလှပေ၏။

ဆွမ်းကျွေးပွဲကို ရုတ်ချည်းစီစဉ်ရသည့်တိုင်အောင် ချွတ်ချော်တိမ်းပါးမှု အားနည်းချက်တို့ ဘာဆိုဘာမျှ မရှိ။ ပရိသတ်အပေါင်းဖြင့် အုတ်အုတ်ကျက်ကျက် စည်ကားလှပါပေ၏။

ဘုရားရှင်လည်း ခင်းထားသော နေရာ၌ ထိုင်တော်မူ၏။

ကောဋိယသည် သာဟတ္ထိဒါနမြောက်စေခြင်းငှာ ဘုရားရှင်အား ကိုယ်တိုင်ဆွမ်းကပ်လုပ်ကျွေး၏။ ဘုရားရှင် ဆွမ်းဘုဉ်း

www.burmeseclassic.com

www.burmeseclassic.com



ပေးပြီးသည့်အခါတွင် ကောဋ္ဌိယသည် ဂင်္ဂါမြစ်ရေပြင်၌ 'ရေသျှောက်ပြိတ္တာ' နှင့် တွေ့ဆုံခဲ့ရသည့်အကြောင်းကို လျှောက်ထားလေ၏။ ထိုအခါ ဘုရားရှင်သည်–

'သံဃာများ လာစေသတည်း'

ဟု စိတ်တော်ဖြင့် ဆန္ဒပြုလေ၏။ ထိုအခါဘုရားရှင်၏ ဆန္ဒတန်ခိုးတော်အတိုင်း သံဃာအများ ကြွရောက်လာကြပြီး ဘုရားရှင်အား ဝန်းရံကြကုန်၏။ ကောဋ္ဌိယအဖို့ ဘုရားရတနာသာမက၊ သံဃာရတနာကိုပါ ဖူးမြင်ရသည့်အတွက် စိတ်နှလုံးချမ်းမြေ့ခြင်း ဖြစ်ရလေ၏။ သို့ဖြင့် သံဃာတော်တို့ကိုလည်း ဆွမ်းခဲဖွယ်ဘောဇဉ်တို့ဖြင့်လည်း လုပ်ကျွေးပြုစုလေ၏။

ထိုအချိန်ဝယ် လူပရိတ်သတ်အပေါင်းတို့လည်း တရားထူးတရားနာကြားခွင့် ရကြတော့မည်ဟုဆိုကာ အလျှိုအလျှို ရောက်ရှိလာကြရာ မဏ္ဍပ်တစ်ခုလုံး ပရိသတ်များဖြင့် ထူးကဲစွာ ပြည့်သွားလေတော့သည်တကား။

ဤ၌ဘုရားရှင်လည်း လူအပေါင်းတို့အား သနားစောင့်ရှောက် ချီးမြှောက်တော်မူရန်အတွက်–

'ဗာရာဏသီမြို့အနီးအပါးရှိ ကျေးရွာများမှလူအပေါင်းတို့ ရောက်ရှိလာကြစေသတည်း'

ဟု အဓိဋ္ဌာန်ပြုတော်မူရာ ဓိဋ္ဌာန်သည့်အတိုင်း ဗာရာဏသီမြို့ဝန်းကျင်အနီးရှိ ကျေးရွာများမှ လူအပေါင်းတို့လည်း သောင်းသောင်းဖျဖျ ရောက်ရှိလာကြကုန်၏။ ထိုမှတစ်ဖန် ဘုရားရှင်သည်–



'အရပ်ထက်ဝန်းကျင်၌ ရှိကုန်ကြသော ပြိတ္တာအပေါင်းတို့လည်း ရောက်ရှိလာကြစေသတည်း'

ဟု အဓိဋ္ဌာန်ပြုတော်မူပြန်၏။ ထိုအခါ ပြိတ္တာအပေါင်းတို့လည်း ရောက်ရှိလာကြကုန်၏။

ဤ၌ ပရိသတ်သည် လူပရိသတ်နှင့် ပြိတ္တာပရိသတ်ဟူ၍ ပရိသတ် (၂) စု ကွဲသွားကြလေ၏။ လူပရိသတ်အပေါင်းတို့သည် မမြင်စဖူး ထူးဆန်းလှစွာဖြင့် ပြိတ္တာပရိသတ်အပေါင်းကို တွေ့မြင်ကြရလေ၏။ ထိုပြိတ္တာပရိသတ်ကား အမျိုးမျိုးအဖုံဖုံ ဖြစ်၏။

အချို့သောပြိတ္တာတို့သည် အစုတ်စုတ်အပြတ်ပြတ် ဖြစ်နေသော အဝတ်စ၊ ပုဆိုးကြမ်းတို့ကို ဝတ်ဆင်ကြကုန်၏။ အချို့သော ပြိတ္တာတို့ကား အဝတ်ဟူ၍မရှိဘဲ မိမိတို့၏ ဆံပင်ဖြင့်သာလျှင် ကိုယ်အင်္ဂါကြီးငယ်တို့ကို ဖုံးလွှမ်းအုပ်ဆိုင်းထားကြကုန်၏။ အချို့သောပြိတ္တာတို့ ဆိုပါလျှင် အဝတ်မပါ၊ ဗလာကိုယ်ထီး မိမွေးတိုင်း ဖမွေးတိုင်း အနေအထားရှိကြကုန်၏။ ထမင်းကျန်၊ ဟင်းကျန်၊ အန်ဖတ်တို့ကိုလည်းကောင်း ကိုယ်ဝန်မွေးဖွားပြီး ဖြစ်ပေါ်လာသော အညစ်အကြေး၊ အရိအရွဲတို့ကို စားသောက်ခွင့်ရရန် သွားလာရှာဖွေနေကြ၏။ အချို့သော ပြိတ္တာတို့သည် အစာငတ်မွတ်ခြင်း၊ ရေငတ်မွတ်ခြင်းစသည့် ဒုက္ခဆင်းရဲကြောင့် အခံရခက်စွာ လူတို့ ရှေ့နောက်တွင် ဟိုလျှောက်သည်လျှောက် ခေါက်တုံ့လူးလာလျက် ရှိကြ၏။

www.burmeseclassic.com

www.burmeseclassic.com



လူအပေါင်းတို့လည်း ထိုထိုသော ပြိတ္တာအလုံးစုံတို့ကို မြင်တွေ့ကြရသည့်အခါတွင် ကြောက်လန့်ခြင်းကို အသာထား၊ တဖုံးသံဝေဂစိတ်တို့ ပွားများ ဖြစ်ပေါ်လာကြလေ၏။ ထိုအခိုက် ဘုရားရှင်သည် ပြိတ္တာအပေါင်းအား ပုံကိုသွား၊ သည်လာ မပြု စေဘဲ တစ်နေရာတည်း၌ စုဝေးစေရန် အဓိဋ္ဌာန်တော်မူလိုက်ရာ ပြိတ္တာအပေါင်းတို့ တစ်လုံးတစ်စည်းတည်း ဖြစ်သွားကြလေတော့၏။

လူတို့၏ မနောစိတ်အခံက လက်တွေ့မဟုတ်သမျှ မယုံကြည်တတ်သော သဘောရှိချေ၏။ လက်ခံဖို့ရာလည်း စိတ်ကူးမရှိ။ သူတို့သည် ကနဦး၌ ပြိတ္တာရှိသည်ကို မယုံကြည်ခဲ့။

ယခုမူ...

ပြိတ္တာတို့၏ အဆင်းအသွင်တို့ကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရပေပြီ။ ပြိတ္တာတို့၏ စကားကိုလည်း ကိုယ်တိုင်ကြားရလေပြီ။ ထိုအခါ မယုံကြည်သူဟူ၍ မရှိကြတော့။ ယုံကြည်မှု၏ နောက်ဆက်တွဲမှာတော့ များစွာပင် တုန်လှုပ်ခြင်းတို့ ဖြစ်ပေါ်လာရ၏။ တုန်လှုပ်သည့်အတိုင်း အကုသိုလ်အမှုများကို ရှောင်ကြဉ်၍ သီလကုသိုလ်၊ ဒါနကုသိုလ်၊ ဘာဝနာကုသိုလ်များ ပွားများရမည်ကို နားလည်သဘောပေါက်လာကြ၏။

ထိုအခါ မြတ်စွာဘုရားရှင်လည်း ကောင်ဋ္ဌိယအမတ်နှင့် တကွ ပရိသတ်တို့၏ သံဝေဂစိတ်ဓာတ်တို့ကို သိတော်မူသဖြင့် တရားဓမ္မဒေသနာတော်အား အကျယ်ဟောကြားလေသည်ရှိသော် တရားဒေသနာတော်အဆုံး၌ ရှစ်သောင်းလေးထောင်မျှ ရှိကြ



ကုန်သော သတ္တဝါအပေါင်းတို့လည်း ကျွတ်တမ်းဝင်[illegible]ုန်သတည်း။

**ကျမ်းကိုး**

-ပေတဝတ္ထု

စူဠဝဂ်၊ အဘိဓမ္မာနှ ပေတဝတ္ထု။

www.burmeseclassic.com

www.burmeseclassic.com

# မစင်တွင်းက ပြိတ္တာများ



## မစင်တွင်းက ပြိတ္တာများ

သာဝတ္ထိမြို့အနီးရှိ ရွာငယ်ကလေးတစ်ရွာ။

သည်ရွာကလေး၌ သူကြွယ်တစ်ဦး ဆောက်လုပ်လှူဒါန်းထားသည့် ကျောင်းတစ်ကျောင်းရှိချေ၏။ ထိုကျောင်းကလေးရှိရာသို့ မမျှော်လင့်သည့်တစ်နေ့၌ ဘုရားရှင်၏ လက်ဝဲတော်ရံ အဂ္ဂသာဝကကြီးဖြစ်သည့် အရှင်မောဂ္ဂလာန်သည် အာဂန္တုအဖြစ် ရောက်ရှိသွားခဲ့ချေ၏။

ထိုအခါ ရွာသူရွာသားအပေါင်းတို့သည် တန်ခိုးအရာ၌ ဧတဒဂ်ရထားသော ရဟန္တာမထေရ်မြတ်ကြီး ကြွရောက်လာသည့်အတွက် ဆွမ်း၊ ခဲဖွယ်ဘောဇဉ်၊ အချိုအချဉ်၊ ဖျော်ရည်တို့ကို ဆက်ကပ်လှူဒါန်းကြလေ၏။ ပူဇော်လုပ်ကျွေးကြလေ၏။

ဤ၌ ရဟန္တာဖြစ်စေ၊ ပုထုဇဉ်ဖြစ်စေ၊ ခန္ဓာငါးပါး၏ အစုအဝေးဖြစ်ခြင်းက အတူတူသာပင်တည်း။

သို့ရာတွင် အကျင့်သဘောအရမူ ဤကား ရဟန္တာ ဤကား ပုထုဇဉ်ဟူ၍ ခြားနားသွားရသည်။ ထိုအခါ ခန္ဓာငါးပါး

www.burmeseclassic.com

www.burmeseclassic.com



ဝန်ထုပ်ကြီးအား သယ်ပိုးရွက်ဆောင်နေရသူမှန်သမျှ ကျင်ကြီး ကျင်ငယ်သွားရခြင်းကိစ္စနှင့် မကင်းပါချေ။ ကျင်ကြီး ကျင်ငယ် သွားလိုပါက အောင့်အည်းထား၍ မရစကောင်း။

ဤတွင် တောကျောင်းရောက် အာဂန္တု အရှင်မောဂ္ဂလာန် အဖို့ ဆွမ်းစားပြီးသည်ရှိသော် ရေပြောင်းရေလွဲ မသင့်သော အစားအစာများကို တွဲဖက်စားသုံးမိသည့်အတွက် ကျင်ကြီးစွန့်ရန် ကုဋီ တက်လိုသော ဆန္ဒ ဖြစ်ပေါ်လာသဖြင့် ကုဋီရှိရာသို့ ဆင်းသက်လှမ်းကြွခဲ့လေ၏။

ကုဋီကား ကျောင်းသင်္ခမ်းနှင့် မလှမ်းမကမ်းတွင်ရှိ၏။

အရှင်မောဂ္ဂလာန်ကား ကုဋီတံခါးကိုဖွင့်၍ အတွင်းသို့ ဝင်လိုက်သည်ရှိသော် ခြေလှမ်းတို့မှာ တုံ့ခနဲ ဖြစ်သွားရလေ၏။ ဤနေရာ၌ သာမာန် ပုထုဇဉ်သာဖြစ်ပါမူ ငယ်သံပါအောင် အထိတ်တလန့်အော်ဟစ်၍ ကုဋီအပြင်ဘက်သို့ ထွက်ပြေးသွားမှာ သေချာ၏။

အရှင်မောဂ္ဂလာန်ကား ကုဋီတွင်းထဲမှ ဘွားခနဲပေါ်လာသော အနိဋ္ဌာရုံ မြင်ကွင်းကြောင့် အံ့အားသင့်ကာ မင်တက်သလို ဖြစ်သွားရလေသည်။

တွေ့မြင်လိုက်ရသည်ကား မစင်တွင်းမှ ပြိတ္တာကြီး။

ထိုပြိတ္တာကြီး၏ တစ်ကိုယ်လုံးသည် မြင်မကောင်းလောက်အောင် မစင်တို့ ပေကျံလျက် ရှိလေသည်။ ထို့အတူ မစင်နံ့မှာလည်း အော်ဂလီ ဆန်ဖွယ်ကောင်းလောက်အောင် အနံ့တို့ တထောင်းထောင်း။



ထိုပြိတ္တာကြီးသည် အရှင်မောဂ္ဂလာန်ကို ဖယ်၍မပေး။ အရှင်မောဂ္ဂလာန်ကလည်း 'ဖယ်လော့... ရှားလော့' ဟု တားဆီးခြင်းမပြုဘဲ သိလိုသည်တို့ကို မေးမြန်းလေ၏။

"မစင်တွင်းထဲကနေ ရုတ်တရက် ဘွားခနဲ ပေါ်ထွက်လာပြီး အမြင်မကောင်း၊ မစင်နံ့တထောင်းထောင်းနဲ့ ငါ့ရှေ့မှာ ရပ်လာတာဘယ်သူလဲ။ ဧကန္တ သင်ဟာ အကုသိုလ် ဒုစရိုက်အမှုတွေကို ပြုခဲ့ဖူးတဲ့သူပဲ ဖြစ်ရမယ်။ သင့်ကို ငါဘယ်လိုများ မှတ်ရပါမလဲ"

ထိုအခါ မစင်များ ပေလူးနေရသော ပြိတ္တာက...

"အရှင်ဘုရား၊ တွေးထင်ထားတဲ့အတိုင်း မှန်ပါပေတယ်။ တပည့်တော်ဟာ လူ့ဘဝတုန်းက မကောင်းမှု ဒုစရိုက်၊ အကုသိုလ်အမှုတွေကို ကျူးလွန်ခဲ့တဲ့အတွက်ကြောင့် အခုလို ပြိတ္တာဘဝရောက်နေရတာပါဘုရား"

ဟူ၍ ဖြေဆိုလေ၏။

"နေစမ်းပါဦး...သင် ကျူးလွန်ခဲ့တဲ့ မကောင်းမှု အကုသိုလ် ဒုစရိုက်တွေဆိုတာ ဘာတွေတဲ့လဲ"

အရှင်မောဂ္ဂလာန်က ထိုသို့ မေးလာခဲ့သော် မစင်လူးပြိတ္တာသည် မိမိအကုသိုလ်အမှုကိစ္စ အလုံးစုံတို့အား အိတ်သွန်ဖာမှောက် လျှောက်တင်လေတော့သတည်း။

* * *

"အရှင်ဘုရား တပည့်တော်ရဲ့ ဖြစ်အင်ကို မချွင်းမချန် လျှောက်ထားပါ့မယ်ဘုရား။"

www.burmeseclassic.com

www.burmeseclassic.com



တပည့်တော်က လွန်ခဲ့တဲ့ ဘဝတုန်းက ဟောဒီရွာမှာ သူကြွယ်တစ်ဦး ဖြစ်ခဲ့ပါတယ်။ တပည့်တော်ဟာ အိမ်ကိုဝင်ထွက်သွားလာနေတဲ့ ရဟန်းတစ်ပါးကို ကြည်ညိုမိတဲ့အတွက် ကျောင်းဆောက် လှူဒါန်းခဲ့ပါတယ်။ အဲသည်ကျောင်းဟာအရှင်ဘုရားသီတင်းသုံးတဲ့ ကျောင်းပဲ ဖြစ်ပါတယ်ဘုရား"

သည့်သို့ လျှောက်တင်ရင်းမှပင် ပြိတ္တာ၏အသံသည် ပုံမှန်အနေအထားမှ ပူဆွေးဝမ်းနည်းမှုအရိပ်များ ဖြာကျလာခဲ့သည်။

"အို...အသင်ပြိတ္တာ၊ သင်ဟာ ကျောင်းဒကာဖြစ်ပါလျက်နဲ့ ဘာကြောင့်များ ပြိတ္တာဘဝ ရောက်ခဲ့ရတာတုံး။ သင့်စကား ဆက်ပါဦး"

"တင်ပါ့ဘုရား...အမှန်အတိုင်း လျှောက်ထားရရင် တပည့်တော်ရဲ့ ဆရာလည်းဖြစ်တဲ့၊ တပည့်တော် ကိုးကွယ်တဲ့ ဘုန်းကြီးဟာ ဣဿာ၊ မစ္ဆရိယစိတ် အလွန်အားကြီးလှပါတယ်ဘုရား။

တပည့်တော်ရဲ့ကျောင်းမှာ ဆွမ်း၊ ကွမ်းလည်း လိုလေသေးမရှိရအောင် ပြည့်စုံပါတယ်ဘုရား။ ကျောင်းနေရာထိုင်ခင်း ဆိုတာကလည်း ကောင်းမွန်သန့်ရှင်းတဲ့အတွက် အခြားဇနပုဒ်က ရဟန်းတွေတောင်မှ လာရောက်နေထိုင်သီတင်းသုံးကြပါတယ်ဘုရား"

"ဩော်... ကောင်းလေစွ၊ ကောင်းလေစွ၊ ကောင်းပါလေစွ"



"အရှင်ဘုရား... အဲသည်မှာ တပည့်တော်ရဲ့ ဆရာဘုန်းကြီးဟာ အခြားရဟန်းတွေ လာရောက်နေထိုင်သီတင်းသုံးကြတာကို မကြည်ဖြူနိုင် ဖြစ်လာပါတယ်ဘုရား။ ဒါကြောင့် အဲသည်ရဟန်းတွေရဲ့ မကောင်းသတင်းကို 'ဘယ်လိုပြော... ဘယ်လိုဆို' ဆိုပြီး သူကိုယ်တိုင် ဆဲပုံဆဲနည်းတွေကို သင်ပေးပြီး တပည့်တော်ကို ဆဲခိုင်းခဲ့ပါတယ်ဘုရား"

"အို... ဖြစ်ရလေ"

"အရှင်ဘုရား... တပည့်တော်ကိုယ်တိုင်လည်း ဝိုက်တွင်းနက်သူ ဖြစ်ပါတယ်ဘုရား။ ကျောင်းထိုင် ဆရာဘုန်းကြီးရဲ့စကားကို နားယောင်ပြီး ရဟန်းတော်တွေကို ကျောင်းမှာ မနေနိုင်အောင် ဟိုသိက္ခာပုဒ်နဲ့ စွပ်စွဲ၊ သည်သိက္ခာပုဒ်နဲ့စွပ်စွဲပြီး မကြားဝံ့မနာသာ အမျိုးမျိုးအဖုံဖုံ စွပ်စွဲဆဲရေးခဲ့ပါတယ်ဘုရား။ ဘယ်လောက်တောင်မှ ကြမ်းတမ်းရိုင်းပျခဲ့သလဲဆိုရင်–

"ကိုယ်တော်တို့ရဲ့ ကျင့်ကြံ နေထိုင်ပုံတွေနဲ့ဆိုရင် ဒကာတွေ လှူဒါန်းထားတဲ့ ဆွမ်းကိုစားတာထက် မစင်ကို စားတာကမှ မြတ်သေးရဲ့"

ဆိုပြီး ဝစီကံမြောက် ကျူးလွန်မိခဲ့ပါတယ်။ အဲသည်လို မကောင်းမှု ဒုစရိုက်တွေကြောင့်ပဲ တပည့်တော် သေလွန်တဲ့အခါ မစင်တွေကိုသာ စားသောက်နေရတဲ့ 'ဂူထခါဒက' မစင်စားပြိတ္တာအဖြစ် ရောက်ရှိခဲ့တော့တာပါပဲ အရှင်ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



ကြားရချက်တွေက စိတ်နှလုံးချမ်းမြေ့ဖွယ်နတ္တိ။

ဤသို့ အရှင်မောဂ္ဂလာန်နှင့် မစင်စားပြိတ္တာတို့ အချီအချ ပြောဆိုနေကြသည့်ဖြစ်အင်ကို အခြားသူတို့သည် မြင်လည်း မမြင်ကြ၊ ကြားလည်း မသိကြ၊ အကယ်၍ မြင်သည်ဆိုသည့်တိုင် အရှင်မောဂ္ဂလာန်ကိုသာ မြင်ကြမည်ဖြစ်ပြီး မစင်စားပြိတ္တာကို မူ မြင်နိုင်ကြလိမ့်မည် မဟုတ်ပေ။

မစင်စားပြိတ္တာကား မစင်ပုပ်ရည်များ စိုတရွဲရွဲဖြင့် အရှင် မောဂ္ဂလာန်ရှေ့မှောက်၌ ရပ်နေဆဲဖြစ်သည်။

"နေစမ်းပါဦး သင်ဟာ ကျောင်းကို ဆောက်ခဲ့တဲ့ ကျောင်းဒကာဖြစ်ခဲ့ပါလျက်နဲ့ သင့်ဆရာဘုန်းကြီးရဲ့ တိုက်တွန်းချက်အရ သံဃာတော်တွေကို ဆဲရေးမိတဲ့အတွက် မစင်စားပြိတ္တာ ဖြစ်ခဲ့ရတယ်လို့ ဆိုတယ်။ ဒါဆိုရင် သင့်ဆရာဘုန်းကြီးကကော ဘယ်လိုနေသတဲ့တုံး။ ဘယ်ဘဝကို ရောက်နေရသတုံး"

အရှင်မောဂ္ဂလာန်၏ အမေးစကားက မစင်စားပြိတ္တာအား ရုတ်တရက်အားဖြင့် မင်တက်ငေးမောသွားစေခဲ့သည်။ မိမိ၏ ဘုန်းကြီးအတွက် ဟုတ်တိုင်းမှန်ရာကို တင်လျှောက်ရကောင်းနိုးနိုး၊ မတင်လျှောက်ရ ကောင်းနိုးနိုးဖြင့် ချိန်ဆစဉ်းစားနေပုံရသည်။ အနည်းငယ်ကြာမှပင် စကားခွန်းဟလာတော့၏။

"အရှင်ဘုရား...တပည့်တော် မှန်ရာကို တင်လျှောက်ပါတော့မယ်။ သံဃာတော်ကိုပြစ်မှားတဲ့ ဝဇီကံရဲ့အပြစ်ဟာ



အင်မတန်မှ ကြီးမားပြီး ကြောက်မက်ဖွယ်ရာ ကောင်းလှပါတယ်ဘုရား...

တပည့်တော်ရဲ့ ဆရာဘုန်းကြီးဟာ တပည့်တော်ထက် အရင် သေလွန်ပြီး ဟောဒီ ကုဋီမစင်တွင်းထဲမှာ ပြိတ္တာအဖြစ်နဲ့ ရောက်ရှိနေပါတယ်ဘုရား။ တပည့်တော် သေလွန်ပြီး ပြိတ္တာအဖြစ်နဲ့ ရောက်ရှိသွားတဲ့အခါ ကုဋီမစင်တွင်းထဲမှာ သူ့ခေါင်းကို ခြေနဲ့နင်းလို့ သူ့အထက်က တပည့်တော်နေရပါတယ်ဘုရား...

အရှင်ဘုရား...တပည့်တော်တို့ ဆရာတပည့်ဟာ ကျဉ်းမြောင်းလှတဲ့ ကုဋီမစင်တွင်းထဲမှာ ဒုက္ခကြီးစွာ ခံစားနေရပါတယ်။ အများတကာစွန့်ချတဲ့ ကျင်ကြီးကျင်ငယ်တွေကို တပည့်တော်ကစားရပြီး တပည့်တော်စွန့်ချတဲ့ မစင်တွေကိုမှ တပည့်တော်ရဲ့ ဆရာဘုန်းကြီးက စားရပါတယ်ဘုရား"

* * *

အာဂန္တုဖြစ်သော အရှင်မောဂ္ဂလာန်အဖို့ ထိုရွာကလေးမှ ဆွမ်းခံလာခဲ့ပြီးနောက် ဇေတဝန်ကျောင်းတော်သို့ ရောက်လေသော် ဘုရားရှင်အားဖူးမြင်ပြီး ထိုအကြောင်းကို လျှောက်ထားတော်မူလေ၏။

တရားသဘင်၌ ဗုဒ္ဓဘုရားရှင်လည်း တရားနာပရိသတ် အပေါင်းအား အဆိုပါ ပြိတ္တာဆရာတပည့်၏ အကြောင်းကို

www.burmeseclassic.com

www.burmeseclassic.com



ကို အခြေခံ၍ သံဃာတော်အား ကဲ့ရဲ့၊ စွပ်စွဲ၊ ဆဲဆိုခြင်း ဝစီကံ၏ အပြစ်ကြီးမားမှုကို ဆုံးမဟောကြားတော်မူလေ၏။

ဒေသနာတော်ဆုံးလေသည်ရှိသော် တရားနာပရိသတ် အပေါင်းလည်း သတိသံဝေဂများ ရရှိကြပါလေသတည်း။

**ကျမ်းကိုး**

**-ပေတဝတ္ထု**

**မဟာဝဂ်၊ ဂူထခါဒက ပေတိဝတ္ထု။**

# သမီးကလေး အလိမ္မာ



www.burmeseclassic.com

www.burmeseclassic.com

## သမီးကလေး အလိမ္မာ

သာဝတ္ထိမြို့တွင်းမှာတော့ ပျားပန်းခပ်မျှ စည်ကားလှပါဘိ။

လူတို့သည် ဟိုမှသည်၊ သည်မှဟို ဆိုသလို သွားလာလှုပ်ရှားနေကြ၏။ အဆိုပါ သာဝတ္ထိမြို့၏ လမ်းမကြီး တစ်လမ်းပေါ်တွင်ကား ယောကျ်ားတစ်ယောက်သည် အရွယ်ရောက်စ သမီးငယ်ကလေး၏လက်ကိုဆွဲ၍ တစ်နေရာဆီသို့ ဦးတည်လျှောက်လှမ်းလာနေကြ၏။ သူတို့သားအဖကို တွေ့မြင်ရသူတိုင်းက သာမန်လက်လုပ်လက်စား ဆင်းရဲသားဟု မှတ်ထင်မိကြမှာသေချာသည်။ ထိုသို့ မှတ်ထင်ရလောက်အောင်လည်း ထိုသားအဖ၏အဝတ်အစားတို့မှာ ညှိုးလျော်နွမ်းလျ လှချေသည်တကား။

ဘဝဟူသည်က ကံ၏ စေစားရာအတိုင်းပင် ဖြစ်ချေ၏။ သစ်ငုတ်မြင့်တုံ မြက်မြင့်တုံဟုလည်း ဆိုစကားရှိ၏။

ထိုယောကျ်ားကား တစ်ချိန်သောကာလက လူကုံထံသူကြွယ်တစ်ဦးဖြစ်ခဲ့၏။ သို့ရာတွင် ကံကြမ္မာအလျောက်ပျက်ရွေ့ချိန်တန် ပျက်ရွေ့ရသည်မို့ သူ့မှာ စီးပွားပျက်ခဲ့ရသည်။ ထို့အပြင်



ဇနီးဖြစ်သူမှာလည်း ကွယ်လွန်တိမ်းပါးသွားခဲ့သဖြင့် ကျန်ရစ်သူ လူမမယ် သမီးငယ်ကလေးနှင့် အတိဒုက္ခရောက်ခဲ့ရသည်။

သူတို့သားအဖသည် လမ်းမကြီးပေါ် လျှောက်လှမ်းလာကြရင်း လမ်းဘေးရှိ ခံ့ညားထည်ဝါလှစွာသော အိမ်ကြီးတစ်အိမ်ရှေ့သို့ ရောက်လေရသော် ခြေလှမ်းတို့ တန့်ရပ် သွားကြလေ၏။ ဖခင်သည် ထိုခံ့ညားထည်ဝါလှသော အိမ်ကြီးကို ခေတ္တမျှ စိုက်ကြည့်နေခဲ့သည်။ စိတ်ထဲမှာတော့ 'ငါ့မှာ ပစ္စည်းဥစ္စာတွေ ချို့တည့်နေတဲ့အတွက် အဖက်လုပ်မှ လုပ်ပါ့မလား' ဟူ၍လည်း စိတ်မသက်မသာ ဖြစ်နေရလေသည်။

ထိုအိမ်ကြီးကား အခြားမဟုတ်။

သူနှင့် တစ်ချိန်သောအခါက လွန်စွာမှ ချစ်ခင်ရင်းနှီးခဲ့သည့် သူငယ်ချင်းသူကြွယ်၏ အိမ်ဂေဟာပင်ဖြစ်လေ၏။ သူ့အဖို့ ယခုအချိန်၌ ကောက်ရိုးတစ်မျှင်လည်း အရေးပါလှပေ၏။ သို့ဖြစ်၍ ရှက်ရွံ့စိတ်တို့ကို ခွာချကာ ရှေ့မျက်နှာနောက်ထားလျက် သမီးငယ်၏ လက်ကိုဆွဲပြီး အိမ်ဝင်းတွင်းသို့ ဝင်သွားခဲ့လေသတည်း။

* * *

သူ့အဖို့ လွန်စွာမှ ကံကောင်း ထောက်မခဲ့ပါသည်။

အိမ်ကြီးရှင် သူငယ်ချင်းသူကြွယ်သည် စိတ်ထားမပြောင်းလဲခဲ့။ မိတ်ကောင်းဆွေကောင်းပီသစွာ လက်ခံကြိုဆိုလျက် ဖော်ရွေစွာ ဆက်ဆံခဲ့ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"သမီးကလေး...လာ...လာ။ လွတ်လွတ်လပ်လပ် နေနော်။ ဘဘရဲ့အိမ်ကို သမီးရဲ့အိမ်လို သဘောထား၊ ဘာမှ အားနာစရာ မရှိဘူး။ ဟုတ်လား"

သည်စကားကြားရသည်နှင့်ပင် ဖခင်ယောကျ်ားအတွက် ချမ်းမြေ့ကြည်နူးရပါလေတော့၏။ ပြီးတော့ သူငယ်ချင်း အချင်းချင်း စကားလက်ဆုံ ပြောမကုန်နိုင်အောင် ဖြစ်ကြသည်။ ထိုသို့ ပြောဆိုရင်းမှ သူကြွယ်က စကားလက်စ ဖွင့်ပေးသည်။

"ကဲ...သူငယ်ချင်း၊ လာရင်းကိစ္စကို ပြောကွယ်။ ဘာမှ အားနာစရာမရှိဘူး"

"ကျေးဇူးပါပဲ သူငယ်ချင်းရယ်... သည်တော့ ပွင့်ပွင့် လင်းလင်းပဲ ပြောပါရစေတော့။ ငါ့မှာ စီးပွားချွတ်ခြုံကျ နေတယ်။ ဒါကြောင့် လှည်းကုန်သည်တွေနဲ့ လိုက်ပြီး ကုန်ကူးချင်တယ်။ ဒါပေမဲ့ ငါ့သမီးလေးအတွက် နောက်ဆံ တင်းနေတာကြောင့်"

"ပြောပါသူငယ်ချင်း... ပြောပါ။ သူငယ်ချင်းအတွက် ကူညီဖို့ရာ အဆင်သင့်ပါ"

"သူငယ်ချင်းဆီက သည်စကားကြားရတာ ပြောမပြ တတ်လောက်အောင်ကိုပဲ ဝမ်းသာတယ်။ ကျေးဇူးလည်း တင်တယ်။ ကိုယ် အတိုချုံးပြီးပြောရရင် ကိုယ်ကုန်သွားတဲ့ အခါ သမီးလေးကို ခေါ်သွားဖို့ရာမသင့်လို့ သူငယ်ချင်း ဆီမှာ အပ်ထားခဲ့ချင်တယ်"



"အောင်မယ်လေးကွယ် ဒါလေးများ စကားပလ္လင်ခံနေ ရသေးသလား။ စိတ်ချသာထားခဲ့ မင်းရဲ့သမီးလေးကို ကိုယ့် သမီးလေးလိုသဘောထားပြီး စောင့်ရှောက်ပါ့မယ်ကွာ"

"အဲ...နောက်တစ်ခုကျန်သေးတယ်"

"ပြောလေကွယ်၊ ဘာများလဲ"

"အဲဒါက... ကုန်ကူးဖို့ရာအတွက် ငါ့ကို ငွေအနည်း အကျဉ်းလောက်ချေးဖို့ပါ။ ပြောမယ့်သာပြောရတာ စိတ် ထဲမှာတော့ လိပ်ပြာမသန့်ဘူး။ အဲသည်ငွေကို ကုန်ကူးပြီး ပြန်လာတဲ့အခါ ဆပ်ပါ့မယ်"

"အိုကွယ်... သည်လောက်တောင် ပြောဖို့မလိုပါဘူး။ လိုချင်သလောက်သာယူသွား။ သမီးလေးကိုလည်း စိတ်ချလက်ချ ထားခဲ့"

"ကျေးဇူးကြီးလှပါတယ် သူငယ်ချင်းရယ်"

သူကြွယ်ဟောင်းယောကျ်ားအဖို့ သူငယ်ချင်းကောင်း၏ လိှုက်လှဲနွေးထွေးစွာ အကူအညီပေးမှုအတွက် ကျေးဇူးတင်မဆုံး ဖြစ်ခဲ့ရသည်။

သမီးလေးကိုလည်း လုံခြုံစိတ်ချရသည့်နေရာတွင် အပ်နှံခဲ့ ပြီးပြီ။ ကုန်သွယ်ဖို့ရာလည်း လိုအပ်သောငွေကြေး အကူအညီကို ရရှိခဲ့ပေပြီ။

"ကိုင်း...သမီး၊ အဖေ ကုန်ကူးသွားတော့မယ်။ ဟောဒီ ဘဘဆီမှာ လိမ်လိမ်မာမာနဲ့ နေရစ်ခဲ့နော်။ အဖေ မကြာခင် ပြန်လာခဲ့မှာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်...ဟုတ်ကဲ့ အဖေ"

သမီးလေးသည် ဖခင်အား မျက်ရည်လည်ရွဲဖြင့် ငေးကြည့်နေရှာသည်။ ကြည့်ရင်း ကြည့်ရင်းဖြင့် တွေတွေငေးငေးကလေး ဖြစ်သွားရှာလေသတည်း။

* * *

လှည်းကုန်သည်တို့ကား တစ်ရွာဝင်တစ်ရွာထွက်ဖြင့် မိမိတို့ပါလာသော ကုန်ပစ္စည်းများကို ရောင်းချကြ၏။ ရောင်းကုန်ပစ္စည်းတို့ ကုန်သွားသည်ရှိသော် မိမိတို့နေရပ်ဌာနေ၌ ပြန်လည်ရောင်းချရန်အတွက် ထိုဒေသထွက်ကုန်စည်တို့ကို ပြန်လည်ဝယ်ယူတင်ဆောင်ကြပြန်၏။ သို့ဖြင့် အသွားအပြန် အမြတ်နှစ်မျိုးကို ရရှိကြလေ၏။

သူကြွယ်ဟောင်းယောကျ်ားလည်း ကုန်သွယ်ရောင်းဝယ်မှုဖြင့် အရင်းရော အမြတ်ပါ အသပြာငါးရာခန့် စုမိလာသည့်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်နေမိလေ၏။ ပြန်သည့်အခါတွင် သမီးလေးအတွက် အမှတ်တရပစ္စည်းကလေးများ ဝယ်ခြမ်းသွားဖို့လည်း မမေ့။ ထို့အတူ-

"ကျေးဇူးရှင် ငါ့သူငယ်ချင်းအတွက်လည်း အမှတ်တရ လက်ဆောင်တစ်ခုခုတော့ ဝယ်သွားရဦးမယ်"

ဟူ၍လည်း သတိတရ ရှိလိုက်ပြန်ပါသေး။

သို့ရာတွင် ကံကြမ္မာကား ဆန်းပြားလှချေ၏။ အပြန်ခရီးလမ်းမှာတော့ မမျှော်လင့်ဘဲ ခိုးသားဓားပြတို့၏ တိုက်ခိုက်လုယက်မှုနှင့် ရင်ဆိုင်ရလေ၏။



"ဝိုင်းဟေ့...ဝိုင်းဟ၊ ရှိတာတွေပေး မပေးလို့ကတော့ ဇက်ပြုတ်ပြီသာ မှတ်ပေတော့"

လက်နက်ကိုယ်စီကိုင်စွဲလျက် ကြမ်းတမ်းရက်စက်လှသော ခိုးသားဓားပြတို့ကြောင့် လှမ်းသမားများမှာ ဘေးလွတ်ရာထွက်ပြေးကြ၏။ ပုန်းခိုစရာကို ရှာဖွေကြ၏။ ဤ၌ သူကြွယ်ဟောင်းယောကျ်ားလည်း အသပြာငါးရာထုပ်ကို ပိုက်လျက် ဘေးလွတ်ရာသို့ ထွက်ပြေးလာခဲ့၏။ ချုံတစ်ချုံသို့ ဝင်ရောက်မိလေသော် အသပြာငါးရာကို လုံခြုံစွာဝှက်၍ အမှတ်အသားပြုခဲ့ပြီး တစ်နေရာ၌ ပုန်းရှောင်နေလေ၏။ ပုန်းနေရင်းမှ လှည်းများရှိရာသို့ ကြည့်မိလေသောအခါ ခိုးသားဓားပြတို့သည် ပစ္စည်းတို့ကို ယူငင်ရုံသာမက လူကိုပါသတ်ဖြတ်နေသည့် မြင်ကွင်းကြောင့် အသားများ တဆတ်ဆတ်တုန်လာခဲ့လေသည်။

ကံကြမ္မာကား ဆိုးရွားလှပေစွ။

ခိုးသားဓားပြတို့သည် ဝန်းကျင်အနှံ့ ဖြန့်ကျက်ရှာဖွေရင်းမှ သူ့ကိုတွေ့သည့်အခါ အလွတ်မပေးဘဲ ဓားဖြင့် ပိုင်းလေ၏။ သူကြွယ်ဟောင်းယောကျ်ားလည်း ချုံတစ်ချုံတွင်း၌ ဝှက်ထားခဲ့သော အသပြာငါးရာကို စွဲလမ်းစိတ်ဖြင့် ခန္ဓာစဲလေရာ ဘဝကူးမကောင်းဘဲ ပြိတ္တာဘဝသို့ ရောက်ခဲ့ရလေသတည်း။

* * *

သူကြွယ်ဟောင်း၏ သမီးငယ်ကား ဖခင်၏သတင်းဆိုးကို ကြားသိလိုက်ရသည့်အတွက် ဆောက်တည်ရာမရတော့ဘဲ

www.burmeseclassic.com

www.burmeseclassic.com



ဝမ်နည်း ပူဆွေးနေမိတော့၏။ ဤတွင် အိမ်ကြီးရှင်သူကြွယ်လည်း စိတ်မကောင်းခြင်းကြီးများစွာဖြင့် နှစ်သိမ့်စကား ဆိုရလေတော့သည်။

"သမီးရယ် သတ္တဝါတစ်ခို့ ကံတစ်ခုလို့ ဆိုသကွယ့်။ အိုးထိန်းသည်တွေလုပ်လို့ အိုးဆိုတာ ဖြစ်လာရတယ်။ အိုးရယ်လို့ ဖြစ်လာမှတော့ ကွဲရမယ်ဆိုတဲ့အဖြစ်က ကပ်ပါလာတာချည်းပဲသမီး။ လူတိုင်း လူတိုင်းဟာ မွေးဖွားလာပြီဆိုတာနဲ့ တစ်နေ့ မဟုတ်တစ်နေ့၊ အကြောင်းတစ်ခုမဟုတ်အကြောင်းတစ်ခုနဲ့သေရမှာ ဓမ္မတာပါပဲ။ မသေခင် ကာလအတွင်း ချမ်းသာအောင် အနေတတ်ဖို့ အရေးကြီးတယ်။

ဘာမှ အားမငယ်ပါနဲ့ သမီးရယ်... ဘဘ သမီးကို မွေးစားမှာပေါ့။ ဒီအချိန်ကစပြီး သမီးဟာ ဘဘရဲ့သမီးဖြစ်သွားပြီ။ တိတ်နော်...တိတ်... တိတ်"

ဖခင်အဖို့ရာ ကံမကောင်းသော်လည်း သမီးအတွက်တော့ ကံကောင်းလှပေ၏။ သူကြွယ်ဘဘ၏ မွေးစားမှုဖြင့် မပူပင်မကြောင့်မကြအောင် ချမ်းချမ်းသာသာ နေရပါချေပြီ။

သို့သော်... သမီးအဖို့ သွားလေသူဖခင်ကြီးကို ဘယ်တော့မှမမေ့။ မျက်စိထဲ အမြဲပင်မြင်ယောင်ကာ ဖခင်၏ကျေးဇူးတရားတို့ကို အောက်မေ့တသလျက်ရှိ၏။

သို့ဖြစ်၍လည်း တစ်နေ့မှာတော့ ဖခင်ကိုရည်စူး၍ အလှူဒါနပြုရန် ယာဂုကို ကိုယ်တိုင်ကောင်းစွာ ဂရုပြု ကျိုလေ၏။



သည်အထဲ ဖွယ်ဖွယ်ရာရာ ဆွမ်းခဲဖွယ်ဘောဇဉ်များ၌ သူ့ဖခင် အထူးနှစ်သက်သော သရက်သီးကို မရရအောင် ရှာကြံကာ သရက်သီးပွဲကို အထူးတလည် ပြင်ဆင်ထားလေ၏။

"ဘဘ...သမီးလေ အဖေ့ကိုရည်စူးပြီး ဘုရားကျောင်းတော်ကိုသွားလို့ ယာဂုဆွမ်းလှူမယ်။ ပြီးတော့ အဖေကြိုက်တဲ့ သရက်သီးကိုလည်း ပေါ်ဦးပေါ်ဖျား လှူခဲ့မယ်ဘဘ"

"ဟေ...ကောင်းလိုက်တာ၊ သာဓုကွယ်...သာဓု... သာဓု။ ဒါထက် သမီးကို ဘဘ သတိတစ်ခုပေးရဦးမယ်"

"ဘာများပါလိမ့် ဘဘရယ်"

"ဘာလဲဆိုတော့ လှူပြီးရင် ပြီးတာပဲလို့ မအောက်မေ့နဲ့ သမီး အလှူဒါနအတွက် ရေစက်ချပြီးရင် ကုသိုလ်အဖို့ဘာဂကို သမီးဖေဖေအတွက် အမျှဝေဖို့ မမေ့စေနဲ့။ တကယ်လို့ သမီး ဖေဖေဟာ မတော်တဆ မကောင်းတဲ့ဘဝကိုရောက်နေရင် ရောက်ရာဘဝက သာဓုခေါ်မှ ကျွတ်လွတ်တယ်ဆိုပဲ"

"စိတ်ချပါ ဘဘရယ်... သမီးလည်းအမျှဝေဖို့ ရည်စူးထားပါတယ်"

သူကြွယ်၏ မွေးစားသမီးအလိမ္မာလည်း အခြွေအရံများနှင့်အတူ လှူဖွယ်ဝတ္ထုပစ္စည်းများကိုယူဆောင်၍ ဇေတဝန်ကျောင်းတော်သို့ သွားလေ၏။

ထိုအချိန်ဝယ် ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ စမ္မယ်သီတင်းသုံးလျက်ရှိ၏။ ထိုသမီးပျိုလည်း ကျောင်းတော်

www.burmeseclassic.com

www.burmeseclassic.com



သို့ ရောက်ရှိသည်ရှိသော် ဘုရားရှင် ထိုင်တော်မူသောနေရာ၌ မိမိ၏ မြတဘက်ကို ခင်းလေ၏။ ဘုရားရှင်လည်း ခင်းထားသောနေရာ၌ ထိုင်တော်မူ၏။ ထို့နောက် သမီးပျိုသည် ဘုရားရှင်နှင့်တကွ သံဃာတော်များအား ယာဂုဆွမ်းကို ကပ်လှူကာ လုပ်ကျွေးပြုစုလေ၏။ ဆွမ်းကိစ္စပြီးလျှင် ဘုရားရှင်အား သရက်သီးကို ကပ်လှူ၍–

"အရှင်ဘုရား...တပည့်တော်မ လှူဒါန်းတဲ့ ဤယာဂုဆွမ်း၊ မြတဘက်၊ သရက်သီး ကုသိုလ်တို့ဟာ ကွယ်လွန်သူ ဖခင်ထံ ရောက်ပါစေဘုရား"

ဟူ၍ လျှောက်ထားလေ၏။ ထိုအခါ ဘုရားရှင်က–

"ချစ်သမီး...သင်အလိုရှိသော ဆုတို့နှင့် ပြည့်စုံစေသတည်း"

ဟူ၍ မိန့်တော်မူလေ၏။ ထို့နောက် ရေစက်သွန်းချ၏။ အမျှပေးဝေ၏။

"ကျွန်တော်မ၏ဖခင်ဟာ တကယ်လို့ ဒုဂ္ဂတိဘဝကို ရောက်နေခဲ့မယ်ဆိုပါရင် ယခု ပြုရသော ကုသိုလ်အားကြောင့် ကျွတ်လွတ်ပါစေသော်။ အဖေရေ...အမျှ...အမျှ... အမျှ ယူတော် မူပါလော့"

ဖခင်၏ ကျေးဇူးတရားကို သိ၏။

သိတတ်သည့်အလျောက်လည်း ဖခင်အားရည်စူးကာ ကာယကံ၊ ဝစီကံ၊ မနောကံမြောက်ဒါနပြုလျက် အမျှအတမ်း ဝေရှာလေသည်တကား။

* * *



လှည်းကုန်သည်တို့ကား ညို့ညို့မှိုင်းမှိုင်း ဆိုင်းဆိုင်းဆို့ဆို့နှင့် ရှုလေတိုင်း သာယာ၍ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံလှစွာသော ဥယျာဉ်ကြီးအား တွေ့မြင်ရ၍ တအံ့တသြ ဖြစ်နေကြ၏။ သူတို့သည် ဤလမ်း၊ ဤခရီးကို သွားလာနေကျ ဖြစ်ပါသော်ငြား ဤဥယျာဉ်ကြီးကို ယခုမှသာ တွေ့မြင်ကြရသည်။

ဤဥယျာဉ်ကြီးအား ပန်းဥယျာဉ် မဟုတ်။ အမွှေဝနခေါ် သရက်တောဥယျာဉ်ကြီး ဖြစ်ပေ၏။

ဥယျာဉ်ကြီးအံ့တွင်းရှိ သရက်ပင်များကား ထူးခြားလှ၏။ တစ်ဖြောင့်တည်းတန်းစီ၍ စိုက်ထားသကဲ့သို့ ဖြစ်၏။ အောက်ခြေတို့သည် အဖုအထစ်မရှိ၊ ထန်းလုံးသဖွယ် ဖြစ်၏။ သရက်ပင်တို့သည် မြရည်တို့ လိမ်းကျံထားသည့်အလား စိမ်းစိမ်းစိုစို။ သရက်ဥယျာဉ်ကြီးနဘေးမှာလည်း ကြာပေါင်းထုံထုံ ငှက်မျိုးစုံသော ရေကန်ကြီးက အေးမြကြည်လင်လျက်။

ထိုဥယျာဉ်ကြီးကို အစိုးရသောနတ်သားသည် လှည်းကုန်သည်တို့ကို မြင်လျှင် ဝမ်းနည်းဝမ်းသာ ခံစားနေ့ရလေသည်။ နောက်ဆုံးကွယ်ဝှက်၍ မခံစားနိုင်တော့ဘဲ လှည်းကုန်သည်တို့ ရှေ့၌ ကိုယ်ထင်ပြလိုက်ပါချေ၏။ ထိုအခါ လှည်းတန်းကြီးလည်း တုံ့ခနဲ ရပ်တံ့သွားတော့၏။ လှည်းကုန်သည်အားလုံးတို့၏ အကြည့်သည် နတ်သားထံ ရောက်ရှိသွားကြလေ၏။

"အရှင်နတ်မင်း... ကျွန်ုပ်တို့ဟာ ဤလမ်းခရီးကို

www.burmeseclassic.com

www.burmeseclassic.com



စုန်ဆန်သွားလာနေကြသူများ ဖြစ်ပါတယ်။ ဤဥယျာဉ်ကြီးကို မတွေ့မြင်ခဲ့ပါ။ ယခုမှ ထူးဆန်းစွာ တွေ့မြင်ရပါတယ်။ အရှင်နတ်မင်းဟာ ဤဥယျာဉ်ကြီးကို အစိုးရသူ ဖြစ်ပါသလား"

"မှန်ပေတယ်... အဆွေလှည်းကုန်သည်တို့"

"အရှင်နတ်မင်း... ဒါဆိုရင် ဤသရက်ဥယျာဉ်ကြီးနဲ့ သာယာလှပတဲ့ရေကန်ကြီးကို အဘယ်ကုသိုလ်ဒါနကြောင့် ရပါသလဲ"

ထိုခဏမှာပင် နတ်သားသည် မိမိ၏ဘဝကို သိစေခြင်းငှာ တဖြည်းဖြည်း လူ့အသွင် ကူးပြောင်းသွားလေ၏။

"ဟာ..."

"ဟင်..."

လှည်းကုန်သည်တို့ ရုတ်ရုတ်သဲသဲ ဖြစ်သွားကြသည်။ သူတို့ မြင်ရသည်မှာ အခြားမဟုတ်။ တစ်ချိန်သောအခါက မိမိတို့နှင့်အတူတကွ ကုန်ရောင်းလိုက်လာစဉ် ခိုးသားဓားပြတို့၏လက်ချက်ဖြင့် အသက်ဆုံးသွားရရှာသော သူကြွယ်ဟောင်း ဖြစ်နေသောကြောင့်ပင်တည်း။

"မိတ်ဆွေ လှည်းကုန်သည်တို့... ကျွန်ုပ်မည်သူဖြစ်သည်ကို သိကြပေပြီ။ ကျွန်ုပ်ဟာ တစ်ဦးတည်းသော သမီးလေးကို စွဲလမ်းတဲ့စိတ်၊ လျှို့ဝှက်ထားတဲ့ ငွေအသပြာထုပ်ကို စွဲလမ်းတဲ့စိတ်တွေနဲ့ အသက်ကုန်တဲ့အခါ ပထမ ဝေမာနိက ပြိတ္တာဖြစ်ခဲ့ရပါတယ်။



အဲသည်မှာ အကျွန်ုပ်ရဲ့သမီးအလိမ္မာလေးဟာ ဘုရားရှင် အမှူးရှိတဲ့သံဃာတော်တွေကို ယာဂုဆွမ်းဒါနပြုခဲ့ရုံမကဘဲ ကျွန်ုပ် နှစ်သက်တဲ့ သရက်သီးကို ဘုရားရှင်ထံ ကပ်လှူခဲ့ပြန်ပါတယ်။ အဲသည်ကုသိုလ် အဖို့ဘာဂကို ကျွန်ုပ်အတွက် ရည်စူးပြီး အမျှအတမ်းပေးဝေခဲ့ပါတယ်။ အဲသည်ကုသိုလ် အဖို့ဘာဂကို ရရှိခဲ့တဲ့အတွက် ကျွန်ုပ်ဟာ ဝေမာနိကပြိတ္တာဘဝကလွတ်ကင်းပြီး နတ်စည်းစိမ်အပြည့်နဲ့ သည်သရက်ဥယျာဉ်ကြီးကိုသာမက မင်္ဂလာရေကန်ကြီးကိုပါ အစိုးရခဲ့ပါတယ်အဆွေတို့"

နတ်သား၏စကားကိုကြားတော့ လှည်းကုန်သည်တို့မှာ တအံ့တသြနှင့် ဝမ်းမြောက်ဝမ်းသာဖြစ်ရလေသည်။ ထို့နောက် နတ်သားလည်း လှည်းကုန်သည်တို့အား တစ်နေရာသို့ခေါ်သွားပြီး ဝှက်ထားသော ဥစ္စာတို့ကို တူးဖော်စေ၏။

"အဆွေတို့...ဤအရာကား ကျွန်ုပ်ဝှက်ထားခဲ့တဲ့ အသပြာငါးရာ ဖြစ်ပါတယ်။ အဲသည်ထဲက ထက်ဝက် အသပြာ (၂၅၀) ကို အသင်တို့ ခွဲဝေယူကြပါ။ ကျန်တဲ့ အသပြာ (၂၅၀)ကို သမီးရဲ့ လက်ကို ပေးအပ်ပြီး၊ အဲသည် ငွေအသပြာ (၂၅၀) ထဲက တစ်ရာကို အကြွေးဆပ်လို့ ကျန်တာတွေကို သမီးအတွက်လို့ ပြောပေးရစ်ပါ အဆွေတို့"

"ကောင်းပါပြီ... အသင်နတ်မင်း"

လှည်းကုန်သည်တို့လည်း မိမိတို့ရွာနေသို့ ပြန်ရောက်သည်

www.burmeseclassic.com

www.burmeseclassic.com

ရှိသော် အသပြာ (၂၅၀) ကို နတ်မင်း၏သမီးထံ ပေးအပ်၍ နတ်မင်းမှာကြားသည်တို့ကို ပြောဆိုလေ၏။

ထိုအခါ သမီးအလိမ္မာလည်း မွေးစားဖခင်ကြီး သူကြွယ်အား မိမိဖခင်ချေးငှားသွားသည့် ငွေတစ်ရာကို ပေးဆပ်လေ၏။ သူ[illegible]ယ်ကြီးလည်း တမလွန်ဘဝ ရောက်သွားရသည့်တိုင်အောင် ကတိတည်လှသော သူငယ်ချင်းအတွက် များစွာ စိတ်ထိခိုက်သွားရလေ၏။ ဤတွင်–

"ဘဘ ပိုင်ဆိုင်သမျှ ပစ္စည်းတွေဆိုတာ သမီးအတွက်ချည်း ပါပဲကွယ်"

ဟု ဆို့နင့်သံကြီးဖြင့် ပြောဆိုလိုက်လေသတည်း။

* * *

မွေးစားဖခင်သူကြွယ်ကြီးသည် အရွယ်ရောက်လာပြီဖြစ်သော သမီးအလိမ္မာကလေးအား မိမိ၏သားအရင်းနှင့် ထိမ်းမြားလက်ထပ်ပေးလေ၏။

အိမ်ထောင်သက် တစ်နှစ်ခန့်မျှကြာသည်ရှိသော် သားယောက်ျားကလေးဖွားမြင်လာခဲ့ရာ တစ်အိမ်လုံး သည်းသည်းလှုပ်လှုပ်မျှ ချစ်ခင်ယုယမဆုံးအောင် ဖြစ်ကြလေ၏။ အလိမ္မာအမျိုးသမီးသည် ကလေးငယ်ကို ပခက်လွှဲ၍ ချော့သိပ်သည့်အခါတိုင်း ဒါန၏အကျိုး၊ ယဉ်ကျေးသိမ်မွေ့ခြင်း၏အကျိုး၊ ကိုယ်နှုတ်နှလုံးစောင့်ထိန်းခြင်း၏အကျိုးတို့အား တေးသီဖွဲ့၍ ချော့သိပ်လေ၏။ ထိုအချိန်တွင် ဘုရားရှင်သည် အလိမ္မာအမျိုး[illegible]မီး၏ ပါရမီဉာဏ်ရင့်ကျက်ခြင်းကို သိမြင်တော်မူသဖြင့် ကိုယ်



ရောင်တော်တို့ကို စေလွှတ်ကာ 'အသာတံ သာတရူပေန' စသော ဒေသနာတရားကို ဟောကြားတော်မူလေ၏။

"ချစ်သမီး...မနှစ်သက်အပ်သော၊ နှစ်သက်ဖွယ်မဟုတ်သော ကာမဂုဏ်သည် နှစ်သက်ဖွယ်ယောင်ယောင်ဖြင့် သတ္တဝါတို့အား မေ့လျော့ခြင်းကို ဖြစ်စေ၏။

ချစ်သမီး... ချစ်ဖွယ်မဟုတ်သော ကာမဂုဏ်သည် ချစ်ဖွယ်ယောင်ယောင်ဖြင့် သတ္တဝါတို့အား မေ့လျော့အောင် ပြုတတ်၏။

ချစ်သမီး...ကာမဂုဏ်သည် ဆင်းရဲစင်စစ်ကို ဖြစ်စေလျက် ချမ်းသာယောင်ယောင်ဖြင့် သတ္တဝါတို့အား မေ့လျော့အောင် ပြုတတ်၏။ သတိရှိလော့ ချစ်သမီး"

ဒေသနာတော် ဆုံးလေသည်ရှိသော် အလိမ္မာအမျိုးသမီးလည်း သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်လေ၏။ ထိုအခါ ရောင်ခြည်တော်တို့ ကွယ်ပျောက်လေ၏။

အလိမ္မာအမျိုးသမီးလည်း သံဝေဂစိတ်ဖြင့် ထိတ်လန့်ကာ နောက်တစ်နေ့ရောက်သည်ရှိသော် ဘုရားရှင်အမှူးရှိသော သံဃာတော်များအား ဆွမ်းလုပ်ကျွေးပြီးနောက် မိမိကလေးကို ပခက်လွှဲ၍ သိပ်နေစဉ် ဘုရားရှင်ကို ဖူးမြင်ရပုံ၊ တရားဒေသနာတော်ကို နာကြားရပုံတို့အား လျှောက်ထားလေ၏။


ဘုရားရှင်လည်း ထိုအကြောင်းကို အရင်းခံလျက် တရားနာပရိသတ်တို့အား ဒေသနာတရားတော်တို့ကို ဟောကြားတော်မူလေ၏။ ဒေသနာတော်ဆုံးသည်ရှိသော် တရားနာပရိသတ်

www.burmeseclassic.com

www.burmeseclassic.com

အပေါင်းလည်း ကံတရားဆိုသည်မှာ ဘဝကို ခြယ်မှုန်းသည့် ဆေးရောင်စုံပမှ၍ သဘောပေါက် ားလည်၍ သတိသံဝေဂများ ရရှိသွားကြပါလေသတည်း။

ကျမ်းကိုး
-ပေတဝတ္ထု
မဟာဝဂ်၊ အမ္ဗဝန ပေတိဝတ္ထု။




www.burmeseclassic.com

www.burmeseclassic.com

## ဝေမာနိက ပြိတ္တာ

အဘိညာဉ်ရ ရဟန္တာတို့အမြောက်အမြား ရှိကြသည့်အနက် 'အရှင်နာရဒမထေရ်' လည်း တစ်ပါးအပါအဝင်ဖြစ်၏။ အရှင်သည် ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးစမ္မာယ်ပြီး နေ့စဉ်နေ့တိုင်း ဆိုသလို ရာဇဂြိုဟ်မြို့သို့ ဆွမ်းခံကြွတော်မူလေ့ရှိ၏။

ရှင်နာရဒအဖို့ ဆွမ်းခံဖို့ရာ ကြွသွားသည့်အခါတွင်ဖြစ်စေ၊ ဆွမ်းခံပြီးစီး၍ ပြန်ကြွလာသည့်အခါတွင်ဖြစ်စေ... ဝေမာနိက ပြိတ္တာတစ်ကောင်ကို တွေ့မြင်ရစမြဲ ဖြစ်လေရာ ကာလကြာသည် ရှိသော အမြင်အာရုံ၌ ရိုးအီနေပြီဟုပင် ဆိုရမည်ဖြစ်တော့၏။

ဤ၌ ဝေမာနိကပြိတ္တာဟူသည် နေ့ဘက်ကာလသို့ ရောက်သော် ကျွဲပေါက်တမျှ ကြီးမားထွားကျိုင်းလှသော ခွေးကြီးများ၏ မာန်စွယ်ဖွေးဖွေးဖြင့် ကိုက်ဝါးစားသောက်သည့်ဒဏ်ကို နေ့စဉ်နှင့်အမျှ မချိမဆန့် အလူးအလဲ ခံစားရ၏။

ထိုမှ ညကာလသို့ ကူးပြောင်းရောက်ရှိသွားသည့်အခါတွင်မူ နတ်၌ဖြစ်သော စည်းစိမ်တို့ကို ခံစားရချေ၏။



ထိုသို့ ဝေမာနိကပြိတ္တာကောင်ကို တွေ့ရမြင်ရဖန် များလတ်သည်ရှိသော် အရှင်နာရဒလည်း ထိုပြိတ္တာအပေါ်တွင် စိတ်ဝင်တစားဖြစ်လာခဲ့၏။

"သည် ပြိတ္တာကောင်ဟာ တစ်ဦး တစ်ယောက်တည်း ဖြစ်ပါလျက် နေ့ဘက်ရောက်တဲ့အခါ သေကောင်ပေါင်းလဲ ဝေဒနာတို့ကို မချိမဆန့်ခံစားရပြီး ညဘက်ကျပြန်တော့ စည်းစိမ်ချမ်းသာ သုခကို ခံစားရတယ်။ အဲဒါ...ဘယ်လို အကြောင်းရင်း ခံတွေ ရှိနေခဲ့လို့ပါလိမ့်"

သည်လိုမျိုး အကြောင်းရင်းမှန်အား သိလိုသော စိတ်ဆန္ဒတို့ ဖြစ်ပေါ်လာရ၏။ သို့ရာတွင် မေးဖို့ရာ အခွင့်မသာသေးသည့်အတွက်–

"အင်းလေ...ခုခါမှာ အခွင့်မသာသေးပေမဲ့၊ အခွင့်သာအခါပေးတဲ့ တစ်နေ့မှာတော့ အကြောင်းစုံကို မေးမြန်းကြည့်ရတာပလေ"

ဟူ၍ စိတ်အာရုံထဲ နှလုံးသွင်းလိုက်ပါသတည်း။

* * *

သည်နေ့ညကား လဆန်း (၁၃) ရက်ရှိနေပြီဖြစ်ရကား ညကောင်းကင်မှာတော့ လမင်းဝလုံးသည် ကမ္ဘာမြေပြင်တစ်ဝှမ်းအား အေးမြသော ငွေလရောင်တို့ကို ခင်းဖြန့်လျက် ရှိနေပါပြီကော။

အရှင်နာရဒလည်း ထိန်ထိန်သာလျက်ရှိသော ငွေရောင်

www.burmeseclassic.com

www.burmeseclassic.com



အောက်တွင် ဝေပုလ္လတောင်မှ တစ်ပါးတည်း ပြန်ကြွလာခဲ့၏။ ထိုသို့ ကြွမြန်းလာစဉ် လမ်းခရီးအကြား၌ မျက်စိယဉ်ပါးနေခဲ့သော ဝေမာနိကပြိတ္တာနှင့် ဆုံတွေ့ပါလေတော့၏။ ထိုအချိန်ဝယ် ဝေမာနိကပြိတ္တာသည် သူ၏ဗိမ္မာန်အပြင်ဘက်၌ အချောအလှ ဝန်းရံခသည့် နတ်ကညာ ဒေဝစ္ဆရာမယ်ကလေးများနှင့် နတ်စည်းစိမ်ကို ခံစားနေခဲ့သည်။ သူသည် အရှင်နာရဒ ကြွမြန်းလာသည်ကို လှမ်း၍ မြင်သည့်ခဏမှာပင် ရိုသေစွာလက်အုပ်ချီလျက် နေရာမှထ၍ သွားလေ၏။ ဒေဝစ္ဆရာ နတ်ကညာတို့လည်း နတ်၌ဖြစ်သော တူရိယာတို့ကို သာယာငြိမ့်ညောင်းစွာ တီးခတ် သီဆိုဖျော်ဖြေရာမှ ရုတ်ချည်းထ၍သွားသော သခင်နတ်သားအား အံ့အားတသင့် ငေးကြည့်နေမိလေ၏။

မကြာခင်မှာပင် ဝေမာနိပြိတ္တာတစ်ဖြစ်လဲ နတ်သားသည် အရှင်နာရဒ၏ ရှေ့တော်မှောက်သို့ လက်အုပ်ချီလျက် ရောက်ရှိလာခဲ့၏။ ဤ၌ အခွင့်သာ၊ အခါပေးလေပြီမို့ အရှင်နာရဒလည်း စိတ်ထဲရှိသမျှကို မေးမြန်းတော်မူလေသတည်း။

"အို...ပျိုမျစ်ဖွံ့ထွား သင်နတ်သား...သင့်ကို ငါမေးချင်နေခဲ့တာကြာပါပြီ။ ခုမှပင် မေးဖို့ရာ အကြောင်းဆိုက်ပေတော့တယ်။ ငါသိချင်တယ်ဆိုတာက အခြားတော့မဟုတ်ပါဘူး။ သင့်ဆီမှာ ခစားနေကြတဲ့ ရံရွေတော် နတ်ကညာ ဒေဝစ္ဆရာတွေလည်း များမှများပါပဲ။ အဲသလိုမျိုး ညညအခါတွေမှာ နှစ်သက်ဖွယ်ကာမဂုဏ် အာရုံငါးသွယ် နတ်စည်းစိမ်တွေ ခံစားနေရာက နေ့ဘက်ရောက်ပြန်တော့ ခွေးဘီလူး



ကြီးတွေရဲ့ ကိုက်စားတဲ့ဒဏ်ကို သင်ဟာ အလူးအလဲ ခံစားနေရ ရှာတယ်။

အဲသည်လိုမျိုး နေ့ဘက်မှာဒုက္ခခံလို့ ညဘက်မှ နတ်စည်းစိမ် ခံစားရတယ်ဆိုတာ ဘယ်လိုအကြောင်းကြောင့်ပါလဲ။ အဲဒါကို သိလိုတဲ့အပြင် ရှေးအတိတ်ဘဝက သင်ဟာ ဘယ်လို အမှုကိစ္စမျိုး ပြုခဲ့တယ်ဆိုတာလည်း ပြောပြပါဦး"

သည်လိုအမျိုးအမေးရှိလာတော့ ဝေမာနိကပြိတ္တာတစ်ဖြစ်လဲ နတ်သားကလည်း တွန့်ဆုတ်လေးဖင့်ခြင်းမရှိ။ အရိုးခံအတိုင်းပင် ဖြေရှာပါ၏။

"အရှင်ဘုရား... ဦးစွာ တပည့်တော်ရဲ့ ဘဝဖြစ်အင်ကို တင်လျှောက်ပါရစေဘုရား။ တပည့်တော်ဟာ ဣသိဂိရိတောင်၊ ဝေဘာရတောင်၊ ဝေပုလ္လတောင်၊ ပဏ္ဍဝတောင်၊ ဂိဇ္ဈကုဋ်တောင် စတဲ့ တောင်ငါးလုံး ကာဆီးနေထားတဲ့ ဟောဒီရာဇဂြိုဟ်ပြည်ကြီးမှာ ရှေးဘဝက သားကောင်တွေကို ဖမ်းဆီးသတ်ဖြတ်တဲ့ မုဆိုးအလုပ်ကို လုပ်ကိုင်ခဲ့ပါတယ်ဘုရား။

သည့်အတွက် တပည့်တော်ရဲ့ လက်တွေဟာ သွေးစွန်းခဲ့ရပါတယ်။ ကိုယ့်အသက်တစ်ချောင်း ရှည်ဖို့ရာ၊ ရပ်တည်ဖို့ရာ သတ္တဝါတွေရဲ့ အသက်ပေါင်းများစွာကို သတ်ဖြတ်လို့ အသက်မွေးခဲ့ရတဲ့ ရက်စက်ကြမ်းကြုတ်သူ လူကြီး ဖြစ်ခဲ့ရပါတယ် ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"သြော်...သင်ဟာ မုဆိုးဖြစ်ခဲ့တာကိုး"

"တင်ပါ့...ဘုရား။ တပည့်တော်ဟာ လူတွေကို ဘယ်လိုမှ ဘေးဒုက္ခမပေးတဲ့...သူ့စရိုက်ဘာသာနဲ့ သူပျော်မွေ့ကြတဲ့ သမင်၊ ဒရယ်၊ ဂျီငယ်၊ စိုင်၊ ဆတ် အစရှိတဲ့သားကောင်တွေအပေါ် သနားကြင်နာစိတ်ကင်းမဲ့ပြီး နေ့နေ့ညညမရွေး သတ်ဖြတ်ဖို့ပဲ ခေါင်းထဲထည့်ထားခဲ့ပါတယ်ဘုရား။ သည့်အတွက် လူတွေက တပည့်တော်ကို 'တောဘုရင်'လို့တောင် အမွှမ်းတင်ခဲ့ကြပါတယ်ဘုရား။ တပည့်တော်ဟာ သူ့အသက်ကို သတ်ရမယ်ဆိုရင် စိတ်ထဲမှာ အလိုလိုကို မြူးတူးနေတော့တာ ပါပဲ။ ဒါကြောင့် သားကောင်အနံ့များရပြီဆိုမှဖြင့် နေ့ရယ်၊ ညရယ် မခွဲခြားဘဲ လက်နက်စွဲကိုင်လို့ သားကောင်နောက်ကို တကောက်ကောက် လိုက်တော့တာပါပဲ အရှင်"

"အင်း...အကုသိုလ်ကံရဲ့ စေစားရာနောက်လိုက်ပါတဲ့ သဘောပေါ့လေ"

"တင်ပါ့...ဘုရား။ အဲသည်မှာ တပည့်တော် ကံတစ်ချက်ကောင်းသွားတာက တပည့်တော်အပေါ် စိတ်ကောင်းအင်မတန်ရှိတဲ့ မိတ်ဆွေကောင်းတစ်ယောက်ကို ရလိုက်တာပါပဲ ဘုရား။

တပည့်တော်ရဲ့ မိတ်ဆွေဟာ စိတ်သဘောထား နူးညံ့ဖြူစင်တဲ့သူဖြစ်ပါတယ်။ ရတနာသုံးရပ်ကို မပြတ်တမ်းဆည်းကပ် ပူဇော်သမှုပြုတဲ့ ဥပါသကာတစ်ဦးလည်း ဖြစ်ပါ



တယ်။ မိတ်ဆွေဟာ ကလျာဏမိတ္တ ပီသစွာနဲ့ တပည့်တော်ကို ဒုစရိုက်အမှုတွေ ရှောင်ကြဉ်ဖို့၊ သူတစ်ပါးအသက်ကို မသတ်ဖြတ်ဖို့၊ အပါယ်လေးပါးကို မကျရောက်စေဖို့ စတာတွေအတွက် မုဆိုးအလုပ်ကို စွန့်ပယ်ဖို့ရာ တွေ့လေတိုင်း ပြောဆိုတားမြစ်ပါတယ်ဘုရား။

ဒါပေမဲ့ တပည့်တော်ဟာ သူမိုက်ဆိုတော့ သူတော်ကောင်းစကားဟာ မချိုမြခဲ့ပါဘူးဘုရား။ သူ့အသက်ကို သတ်ဖြတ်ရတဲ့အရသာ ဒုစရိုက်အာရုံမှာ ကြာမြင့်စွာ အထုံရနေပြီဖြစ်လို့ကလည်း တစ်ကြောင်း၊ မူလဓာတ်ခံကိုက အသိဉာဏ်နုံနဲ့တာကလည်း တစ်ကြောင်းမို့ သူငယ်ချင်းမိတ်ဆွေရဲ့ စကားကိုပစ်ပယ်ပြီး မုဆိုးဘဝကိုပဲ နှစ်ခြိုက်ပျော်မောနေခဲ့ပါတယ်ဘုရား"

ထိုသို့ ဖွင့်ဟဝန်ခံလေမှ ဒေဝစ္ဆရာ လှကညာနတ်သမီးအပေါင်းတို့လည်း သူတို့၏ မောင်တော်မှာ ဆိုရပြောရခက်သည့် မုဆိုးကြမ်းကြီးမှန်း သိသွားခဲ့ကြလေတော့၏။

"အရှင်ဘုရား... တပည့်တော်ရဲ့မိတ်ဆွေဟာ တပည့်တော်အပေါ်မှာ ဘယ်လောက်တောင်ကောင်းသလဲ ဆိုရင် တပည့်တော် အပါယ်လားမှာ စိုးတဲ့အတွက် ဥပေက္ခာပြု မသွားဘဲ မုဆိုးအလုပ်ကို နေ့ရောညရောမလုပ်ဘဲ ညအခါကို ရှောင်ကြဉ်နိုင်ရင် ရှောင်ကြဉ်ဖို့၊ သူ့အသက်ကို မသတ်ဖို့၊ မဖြတ်ဖို့၊ မညှဉ်းဆဲဖို့ မေတ္တာရပ်ခံလာပြန်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကြာတော့ သူဖွဲ့ကောင်းကောင်းနဲ့ မေတ္တာရပ်ခံ လေလေ၊ အားနာလေလေ ဖြစ်လာတာမို့ သူ့တောင်းပန် တိုက်တွန်းချက်ကို လက်ခံလိုက်ပါတော့တယ်။ အဲသည်ကစလို့ တပည့်တော်က နေ့အခါများသာ မုဆိုးအလုပ်ကို လုပ်ကိုင်ပြီး ညအခါတွေမှာတော့ အကုသိုလ်ဒုစရိုက်အမှုကို ရှောင်ကြဉ်ခဲ့ပါတယ်။ အဲဒါ ကြောင့်ပဲ တပည့်တော်သေလွန်တဲ့အခါ ညဘက်မှာ နတ်စည်း စိမ်ကို ခံစားရပြီး၊ နေ့ဘက်ရောက်တဲ့အခါမှာတော့ ကျူးလွန်ခဲ့တဲ့ ဒုစရိုက်အကုသိုလ်တွေကြောင့် ခွေးစားခံနေရပါတယ်ဘုရား။

အရှင်ဘုရား...တပည့်တော်စိတ်ထဲ ထင်မြင်သမျှကို လျှောက်တင်ရရင် မြတ်စွာဘုရားရှင်ရဲ့ သာသနာတော်မှာ နေထိုင်ပြီး ကိုယ် နှုတ် နှလုံးသုံးပါးကို စောင့်ထိန်းကြရင်၊ ဖြူစင်တဲ့စိတ်ကို မွေးမြူကြရင်၊ ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာ အမှန် နိဗ္ဗာန်ကို ရောက်ကြလိမ့်မယ်လို့ ယူဆပါတယ် ဘုရား"

"မှန်ပေစွ ကောင်းပေစွ... ဒကာတော်"

သို့ဖြင့်ပင် သိလိုသည့်အကြောင်းကိစ္စတို့ကို သိလိုက်ရသည့်အတွက် အရှင်နာရဒသည် ကျေနပ်အားရစွာဖြင့် ဝေပုလ္လတောင်မှ ဂိဇ္ဈကုဋ်တောင်သို့ ပြန်ကြွခဲ့လေ၏။

* * *

နောက်တစ်နေ့ ရောက်သည်ရှိသော် အရှင်နာရဒလည်း ဘုရားရှင်ထံ သွားရောက်ဖူးမြော်ရင်း ဝေမာနိကပြိတ္တာ၏ အကြောင်းကို လျှောက်ထားလေ၏။



ထိုအခါဘုရားရှင်လည်း ထိုအကြောင်းကိုအရင်းခံလျက် တရားနာပရိသတ်အပေါင်းအား အကုသိုလ်၏အပြစ်၊ သူတော်ကောင်းနှင့်ပေါင်းဖော်ရသည့်အကျိုးတို့ကို ဟောကြားတော်မူလေ၏။ ထိုတရားကိုနာယူရသော ပရိသတ်တို့မှာလည်း ကောင်းကျိုးလိုရာ ရရှိကြလေကုန်သတည်း။

**ကျမ်းကိုး**

**–ပေတဝတ္ထု၊**

**ဋ္ဌကထာ၊ မိဂလုဒ္ဒပေတဝတ္ထု။**

www.burmeseclassic.com

www.burmeseclassic.com

# ပြိတ္တာဖြစ်သွားသည့် ဈေးသည်များ



# ပြိတ္တာဖြစ်သွားသည့် ဈေးသည်များ

ဣသိဂိရိတောင်၊ ဝေဘာရတောင်၊ ဝေပုလ္လတောင်၊ ပဏ္ဍဝတောင်၊ ဂိဇ္ဈကုဋ်တောင် စသည့်တောင်ငါးလုံးတို့ ကာရံထားသည့် ရာဇဂြိုဟ်မြို့တော်တွင်းမှာဖြစ်၏။

သည်မြို့တော်ကြီးအတွင်းမှာတော့ ဈေးရောင်း ဈေးဝယ်၊ ကုန်သည်ပွဲစားတို့ ပျားပန်းခပ်မျှ စည်ကားလှသည့် ဈေးကြီးတစ်ဈေးရှိ၏။ အနယ်နယ်အရပ်ရပ်မှကုန်စည်များ လာရောက်ရောင်းချသကဲ့သို့ အပြန်၌လည်း လိုအပ်သည်များကို ဝယ်သွားကြကုန်၏။

ထိုရာဇဂြိုဟ်ဈေးကြီးထဲမှာတော့ အခြား အခြားသော ဈေးသည်မများကို မသိလျှင်သာရှိမယ်။ 'ဆန်သည်'၊ 'ထောပတ်သည်'၊ 'ပျားရည်သည်'၊ 'ဆီသည်' တည်းဟူသော ဈေးသည်မလေးဦးကိုမူ မသိသူမရှိ။

သူတို့၏အမည်မှာ ထင်ရှား၏။ အကြောင်းရင်းမှာမူကား အပြောအဆို ချိုသာ နူးညံ့သလောက် ဈေးရောင်းရာတွင်မူ ကောက်ကျစ်စဉ်းလဲသောကြောင့်ပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com



အဘယ်သူသည် ၎င်းတို့၏ဆိုင်ရှေ့သို့ ဈေးဝယ်ရန် ရောက်လာမည်နည်း။

ရောက်လာလျှင်ရောက်လာချင်း ၎င်းတို့ကို မျက်နှာရွှင်ပျ နှုတ်စချိုချိုနှင့်ဈေးဝယ်မည့်သူအလိုကျအောင် ဖော်ဖော်ရွေရွေ ဆက်ဆံပစ်လိုက်သည်ချည်း။ ၎င်းတို့ဆိုင်သို့ ဈေးဝယ်ရန် ရောက်လာသူမှန်သမျှ ဈေးမတည့်သဖြင့် လှည့်ပြန်သွားရသည်ဟူ၍ ရာဇဝင်မှာ မရှိ။

"အို... ဈေးကလည်း များလိုက်တာ လျှော့ပါဦး၊ သည်လောက်တော့ ထားပါနော်"

ဟု ဝယ်သူကဆိုလာမလား။ မဖြစ်ဘူးဟူ၍ မရှိစေရ။

"ဩော်...ဈေးက များသတဲ့လား...များတယ်ဆိုရင် လည်း ကိုယ့်ချင်း ကိုယ့်ချင်းတွေပဲဟာ လျှော့ရမှာပေါ့။ ကိုင်း ဘယ်လောက်ထားပေးရမလဲပြော။ ဟင်း... ဟင်း အစ်မတို့က မလှူတတ်၊ ဈေးရောင်းဆိုတဲ့အတိုင်း ပျော်လို့ ကို ဈေးရောင်းနေတာ"

သည်လိုမျိုး စကားအခေါ်အပြောကညက်၊ ဝယ်သူ့စိတ်တိုင်း ကျ လိုက်လျောလေတော့ မည်သည့်ဈေးဝယ်သူက ၎င်းတို့ဆိုင် သို့ ကျော်ရှောင်ကွင်း၍ သွားပါအံ့နည်း။

လောကဥ္စ ကောင်းပြီဆိုလျှင် ခံရပြီသာမှတ်ဟူသောကစား နှင့်အညီ၊ ကျောချပါမှ စားပြမှန်း သိကြရသည်။ ဈေးဝယ်သူတို့ အဖို့ အိမ်ပြန်ရောက်ပြီးသကာလ မိမိတို့ဝယ်လာသော ပစ္စည်း တို့ကို ချိန်တွယ်ကြည့်လေမှ အလေးစဉ်းလဲ၊ တောင်းစဉ်းလဲ၏



ဒဏ်ကို ခံလိုက်ကြရပြီဖြစ်ကြောင်း သဘောပေါက်ကြရတော့ သည်။

ထိုဈေးသည်မလေးဦးကား ဤကဲ့သို့ အလေးမမှန်၊ တောင်း မမှန်သော နည်းလမ်းများကို အသုံးပြုလျက် စီးပွားရှာခဲ့ကြ၏။ ငွေစ၊ ကြေးစများကို စုခဲ့ကြ၏။ သည့်အတွက် ကျိုကျိုဟက်မျှ မချမ်းသာသည့်တိုင် ရွှေတွဲလွဲ၊ ငွေတွဲလဲဖြင့် ပတ်ဝန်းကျင် အလယ်၌ မော်နိုင်ကြွားနိုင်ခဲ့၏။ အတန်အသင့် စုမိဆောင်းမိ နိုင်ခဲ့ကြ၏။

သည်သို့ဖြင့် သမာအာဇီဝမကျဘဲ ဝိသမလောဘဇောတိုက် ကာ အကုသိုလ်ရေအလျဉ်ကြော၌ မျောပါရင်းမှ သူတို့သည် အနိစ္စသဘောအရ ကွယ်လွန်ခဲ့ကြသည်။

ထိုအခါ ဈေးဝယ်သူတို့အား အလေးမမှန်၊ တောင်းမမှန် လိမ်ညာကောက်ကျစ်စဉ်းလဲစွာဖြင့် ကလိမ်စေ့ငြမ်းဆင်လျက် ဖောက်ပြန်သမှု ပြုခဲ့သည့်အတွက်လည်းကောင်း၊ ရိုးသားသော ဈေးဝယ်သူအပေါင်းအား စော်စော်ကားကားပြုမှားခဲ့သော ဒုစရိုက် အကုသိုလ်တို့ကြောင့်လည်းကောင်း ဘဝကူးလေသောအခါ အစာ လည်းမစားရ၊ ရေလည်းမသောက်ရနှင့် အငတ်ကြီးငတ်ကြသော ပြိတ္တာမကြီးများ ဖြစ်သွားကြလေ၏။

သူတို့၏ ဆင်းရဲဒုက္ခကား ကြီးမားလွန်းလှပေစွ။

"ထမင်းပေးပါ... ဆာလွန်းလို့ပါ။ ရေပေးပါ... ဆာလွန်းလို့ပါ"

ဟူ၍ တစ်လမ်းဝင်တစ်လမ်းထွက် အိမ်ကြိုအိမ်ကြားနှ

www.burmeseclassic.com

www.burmeseclassic.com



ဝင်ရင်း ငိုးကြွေးမြည်တမ်းကာ တစာစာအော်ဟစ် တောင်းခံနေကြရလေသတည်း။

* * *

အကာလ ညအခါ ဖြစ်ချေ၏။

လမိုက်ညပေမို့ထင့်။ ရာဇဂြိုဟ်တစ်မြို့လုံးသည် မှောင်အတိကျနေ၏။ သည်အမှောင်ကို ငွေကြယ်ပြာကလေးများကလည်း လုံးဝဥဿုံ ဖယ်ရှားမပစ်နိုင်။ သို့ဖြင့် ရာဇဂြိုဟ်မြို့တော်ကြီးမှာ ညဥ့်လွှာရုံအောက်၌ အိပ်မောကျ၍နေလေသတည်း။

ပြိတ္တာမလေးယောက်တို့သည် ရာဇဂြိုဟ်မြို့တွင်းသို့ ချဉ်းနင်းဝင်ရောက်လာလေသည်။ သူတို့သည် အစာရေစာတို့ကို မစားသောက်ရသည့်အတွက် ရင်ထဲ၌ အပူမီးတို့ တရှိန်ရှိန်တောက်လောင်နေကြသည်။ သည့်အတွက် ပြင်းစွာ ဟစ်ကြွေးလျက် မြည်တမ်းငိုယိုကြကုန်၏။

"အရှင်တို့...သခင်တို့......မြို့သူမြို့သားအပေါင်းတို့၊ ကျွန်တော်မတို့ဟာ ရာဇဂြိုဟ်ဈေးကြီးထဲက ဈေးသည်လေးဦးဖြစ်ပါတယ်။ အပြောအဆို ချိုချိုသာသာနဲ့ ဆက်ဆံပြီး အလေးတင်းတောင်းတွေကိုကျတော့ မမှန်မကန် ချိန်တွယ်ရောင်းချပြီး စီးပွားရှာဖွေခဲ့ပါတယ်။ စီးပွားပြေလည်ပေမဲ့လည်း အမှုအကျင့်ဆိုးတွေကို ရပ်တန်းက မရပ်။ ကုသိုလ်ရေးကိုလည်း အလေးမထား၊ လောဘဇောတွေတိုက်ပြီး ငွေကိုသာ တွင်တွင်စု မိခဲ့ကြပါတယ်။

အို...အရှင်တို့၊ သခင်တို့၊ မြို့သူမြို့သားအပေါင်းတို့၊



ကျွန်ုပ်တို့ လေးဦးဟာ မစားရက်၊ မသောက်ရက်၊ မလှူရက်၊ မတန်းရက်၊ လောဘရမ္မက်တို့နဲ့ ရှာဖွေစုဆောင်းလာခဲ့ကြတာ ငွေကြေးဥစ္စာတွေအတော်ပဲ ရခဲ့ပါတယ်။ ဒါပေမဲ့ အကျွန်ုပ်တို့ ကွယ်လွန်တဲ့အခါ အဲသည်ငွေကြေးဥစ္စာတွေကို တစ်ပါးသူတွေကပဲ သုံးစွဲနေကြပါရောလား။

အဲသည်ငွေကြေးတွေ စုမိဆောင်းမိအောင် ကောက်ကျစ်စဉ်းလဲစွာနဲ့ ရှာဖွေခဲ့ရတဲ့ အကျွန်ုပ်တို့မှာတော့ အဲသည်ငွေကြေးတွေ ကိုလည်း မသုံးစွဲရ။ စားရမဲ့၊ သောက်ရမဲ့၊ အငတ်ငတ် အပြတ်ပြတ်ဖြစ်ပြီး အငတ်ဘေးဆိုက်နေရပါပြီ။ ထမင်းပေးပါ...ရေပေးပါ အရှင်သခင်တို့"

သည်လိုမျိုး အာခေါင်ခြစ်၍ အော်လိုက်သောအသံက ညဥ့်လွှာရုံကို ဆုတ်ဖြဲ ခွာချလိုက်သည့်အလား။

ရာဇဂြိုဟ်မြို့ကြီးတစ်ခုလုံးမှာလည်း တုန်ခါသွားသည်နှင့်အမျှ မြို့သူမြို့သားအပေါင်းတို့မှာ ပြိတ္တာအော်သံကြောင့် အထိတ်တလန့် ဖြစ်သွားရသည်။ ရတ်ရတ်သဲသဲ ဖြစ်သွားရသည်။ မြို့တစ်ခုလုံးလည်း ပျက်သွားမတတ် တုန်လှုပ်ချောက်ချားသွားရတော့၏။

* * *

နှစ်ရက်မြောက်သော မိုးသောက်အရုဏ်တက်မှာတော့ မြို့သူမြို့သားအပေါင်းသည် ဘုရားရှင်အမှူးရှိသော သံဃာတော်တို့ကို ပင့်ဖိတ်ကြ၏။ ဆွမ်းခဲဖွယ်ဘောဇဉ်တို့ဖြင့် လုပ်ကျွေးမြစုကြ၏။ ပြီးလေလျှင် ချောက်ချားတုန်လှုပ်ခဲ့ရလေသော ကောသံ

www.burmeseclassic.com

www.burmeseclassic.com



ကြီးနှင့်စပ်လျဉ်း၍ လျှောက်ထားတိုင်ကြားကြလေ၏။ ဤတွင် မြတ်စွာဘုရားရှင်လည်း။

"ဒါယကာအပေါင်းတို့...သင်တို့ကြားခဲ့ရသော ထို အော်သံနှင့်ပတ်သက်၍ စိတ်စနိုးစနောင့် မဖြစ်ကြလေနှင့်။ ထိုအသံတို့ကြောင့် သင်တို့အား ဘေးဥပါဒ်တစ်စုံတစ်ရာ မရှိစေကြကုန်။ ထိုအသံကား ရာဇဂြိုဟ် မြို့ဈေးအတွင်းမှ ကွယ်လွန်သွားရှာပြီဖြစ်သော ဈေးသည်မလေးဦးတို့ ပြိတ္တာဘဝသို့ ရောက်ရှိသွားကာ အစာငတ် ရေငတ်သဖြင့် အော်ဟစ်မြည်ကြွေးကြသောအသံပင် ဖြစ်ချေ၏"

ဟု မြွက်ကြားလေ၏။ ထိုအခါမှသာလျှင် မြို့သူမြို့သား အပေါင်းလည်း စိတ်သက်သာရာ ရကြလေ၏။ မြတ်စွာဘုရားရှင်လည်း ထိုပြိတ္တာမလေးဦးအား အဓိဋ္ဌာန်ဖြင့် ခေါ်တော်မူပြီး တရားနာပရိတ်သတ်အပေါင်းကို ထင်သာမြင်သာစေ၏။ ပြိတ္တာမလေးဦးကိုလည်း အကျွတ်တရားရစေရန် တရားဓမ္မတို့ကို ဟောကြားလေ၏။ ထို့နောက် ပြိတ္တာမတို့၏ မကောင်းမှု အကုသိုလ်၊ ကောက်ကျစ်စဉ်းလဲမှု စသည်တို့ကို အခြေပြုကာ ငွေကြေးဥစ္စာ စုဆောင်းသည့်အတွက် ဘဝကူးမကောင်းပုံတို့အား အကြောင်းရင်းခံလျက် တရားနာပရိသတ်အပေါင်းအား ဒေသနာတော်ကို ဟောကြားလေ၏။

ထိုအခါ တရားနာပရိသတ်အပေါင်းတို့လည်း ဖောက်ဖောက်ပြန်ပြန်၊ အလေးမမှန်၊ တောင်းမမှန် ရောင်းဝယ်ဖောက်ကားမှု၏ အပြစ်တို့ကို ထင်သာမြင်သာ သတိသံဝေဂ ရရှိကြကာ



ဒေသနာတော်အဆုံး၌ သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်ကြလေသတည်း။

**ကျမ်းကိုး**

**–ပေတဝတ္ထု**

**မဟာဝဂ်၊ သောဏသံဟရဏပေတဝတ္ထု။**

www.burmeseclassic.com

www.burmeseclassic.com

# အဆိပ်သင့်သွားသော ကျိန်စာ



## အဆိပ်သင့်သွားသော ကျိန်စာ

သည့်ရွာငယ်ကလေးမှာ သာဝတ္ထိမြို့နှင့်မနီးမဝေး ဆင်ခြေဖုံးအရပ်တွင် ရှိလေ၏။ ထိုရွာ၌ ငယ်လင်ငယ်မယားဖြစ်သော သူကြွယ်ဇနီးမောင်နှံတို့ ရှိကြ၏။ ထိုဇနီးမောင်နှံသည် ကာလကြာမြင့်စွာ ပေါင်းသင်းလာခဲ့ကြသည့်တိုင် သားသမီးမထွန်းကားဘဲ ဖြစ်နေ၏။ အကြောင်းမူ ဇနီးဖြစ်သူ အမြုံမ ဖြစ်နေသောကြောင့်ပင်။

သူကြွယ်၏ ဆွေမျိုးအသိုင်းအဝိုင်းမှာ သူကြွယ်အား သားသမီးထွန်းကားစေချင်၏။ သူကြွယ်အား ဖခင်ဘဝအဖြစ် တွေ့လို မြင်လိုကြ၏။ တစ်နေ့မဟုတ်တစ်နေ့ သားသမီးရလိမ့်နိုး၊ ရလိမ့်နိုးဖြင့် မျှော်ကိုးခဲ့ရသည်မှာ နှစ်ပရိစ္ဆေဒတို့ ကြာညောင်းလာခဲ့သော်လည်း မျှော်ရကျိုးမနပ်ခဲ့။ သည့်အတွက် ဆွေမျိုးအသိုင်းအဝိုင်းက သူကြွယ်အား ဝိုင်း၍တိုက်တွန်းကြကုန်၏။

"အို... သူကြွယ်၊ သင့်ဇနီးဟာ သားသမီးထွန်းကားခြင်း မရှိတဲ့ အမြုံမ ဖြစ်ပေတယ်။ လူမှန်ရင် မျိုးဆက်ဆိုတာရှိသင့်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်... သင့်မှာ သားသမီးဆိုတာ ရှိကို ရှိသင့်တယ်။ သည်အမြုမြနဲ့ဆက်ပြီး ပေါင်းသင်းနေလို့ကတော့ သင့်အဖို့ သားသမီးရလာမှာမဟုတ်ဘူး။ သည်တော့ သင့်အနေနဲ့ မယားတစ်ယောက် ထပ်ယူသင့်တယ်။ ဒါကြောင့် သင်နဲ့သင့်လျော်မယ့် အမျိုးသမီးတစ်ယောက်ကို ယူပါ။ သင်မရှာနိုင်ရင် ငါတို့ ရှာဖွေပေးကြမယ်"

သည်သို့သည်ပုံ အမျိုးမျိုးအဖုံဖုံ တိုက်တွန်းပြောဆိုကြသော်လည်း သူကြွယ်ကား နားမဝင်ခဲ့။ လက်သင့်မခံခဲ့။ သူကြွယ်ကား အမြုမြဖြစ်နေသည့်တိုင် သူ့မိန်းမကို လွန်စွာချစ်မြတ်နိုး၏။

"ငါသာ နောက်မယားယူလိုက်မယ်ဆိုရင် ငါ့မိန်းမခမျာ စိတ်အညစ်ကြီး ညစ်ရှာပေလိမ့်မယ်။ ငါ့မိန်းမ စိတ်ဆင်းရဲ ဖြစ်ရမယ့်ကိစ္စကို ငါလုပ်လို့ မသင့်လျော်ပေဘူး"

ဟူ၍တွေးတောကာ နောက်မိန်းမမယူဘဲ နေလေ၏။

ထိုသို့ ဖြစ်လေ၊ သူကြွယ်၏ဆွေမျိုးအသိုင်းအဝိုင်းမှာ အားမလိုအားမရ ဖြစ်လေပင်။ သည့်အတွက် သူကြွယ်၏အိမ်သို့ ရောက်လာကြလေတိုင်း နောက်မယားယူရန်ကိုသာ အဖန်ဖန်တလဲလဲ တိုက်တွန်းပြောဆိုကြပြန်သည်။

သည်အကြောင်းကို သူကြွယ်၏ဇနီးသည် သိလည်းသိ၏။ ကြားလည်းကြား၏။

"ငါ့ရဲ့ ခင်ပွန်းလင်ဟာ ငါ့ကိုငဲ့ပြီး နောက်အိမ်ထောင်မပြုတာပါကလား"

ဟု တွေးမိပြီး ဝမ်းနည်းလာကာ မျက်ရည်ကျလေ၏။



"ဩော်...ငါ့ဘဝက တော်တော်လည်း ဆိုးမှားလှပါကလားနော်။ ငါချစ်ရတဲ့ ခင်ပွန်းလင်အတွက် အမွေဆက်ခံနိုင်ဖို့ရာ သားသမီးကလေးတစ်ယောက်တောင်မှ မွေးဖွားမပေးနိုင်ပါပဲကလား"

ဟု ဆိုကာ စိတ်မချမ်းမသာ ဖြစ်ရလေ၏။ ထို့နောက်မှာတော့ သူကြွယ်မယားလည်း စိတ်နှလုံးကို တုံးတုံးချလိုက်လေတော့၏။

"သံဃာ့အား...ဘုရားမဆန်သာဆိုတဲ့ စကားလည်း အရှိသားကလား။ ငါ့ခင်ပွန်းလင်ရဲ့ ဆွေမျိုးအသိုင်းအဝိုင်းတွေ ဖြစ်စေချင်တဲ့ဆန္ဒကို ငါ လိုက်လျောသင့်တယ်။ ငါ့ဘက်က တစ်ဖက်သတ်တစ်ကိုယ်ကောင်းမဆန်သင့်ဘူး။ ငါလိုက်လျောမှ ငါ့ခင်ပွန်းလင်ကို ငါချစ်ရာရောက်မယ်။ ဒီတော့ ငါလိုက်လျောပော့မယ်"

သည်သို့ဆုံးဖြတ်ချက်ကို ခိုင်ခိုင်မာမာချပြီးသည်နှင့် ခင်ပွန်းလင်ထံသွားရောက်ကာ–

"အို...မောင်ကြီး၊ ကျွန်မတို့ အိမ်ထောင်ကျခဲ့တာ နှစ်ကာလတွေ အတော်တောင်မှ ကြာခဲ့ပြီနော်။ ဒါတောင်မှ သားသမီးဆိုလို့ တစ်ယောက်တလေတောင် မထွန်းကားခဲ့ဘူး။ အဲဒါမောင်ကြီး အပြစ်မဟုတ်ပါဘူး။ ကျွန်မရဲ့ အပြစ်ပါ။ အိမ်ထောင်တစ်ခုမှာ သားသမီးအညွန့်အစက်တို့ရှိမှသာ မျိုးဆက်မပြတ် စည်ပင်သာယာနိုင်ပါလိမ့်မယ်။ ဒါကြောင့်မို့ မောင်ကြီးအနေနဲ့သင့်လျော်တဲ့ အမျိုးသမီး

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကိုယူလို့ အိမ်ထောင်ပြုလိုက်ပါနော်။ မောင်ကြီးရဲ့ ဆွေစဉ်မျိုးဆက် စည်ပင်သာယာရေးကို ရှေးရှုလို့ ကျွန်မ သဘောထားကြီးကြီးနဲ့ ခွင့်ပြုပါတယ်ရှင်”

သည်လိုမျိုး ဇနီးဖြစ်သူက အဖန်ဖန်တလဲလဲ တိုက်တွန်းလာတော့ သူကြွယ်လည်း ကြင်ဖက်သက်ထား ဇနီးမယားတစ်ယောက်ကို ယူလိုက်လေသတည်း။

* * *

လူ့စိတ်ဆိုသည်က ဆန်းကြယ်လှပေစွ။

သူကြွယ်မအဖို့ စိတ်နှလုံးညှတ်ပျောင်းနေသည့်အခိုက်တွင် ကြည်ဖြူသဒ္ဒါရက်ရောစွာဖြင့် ချစ်လင်အား မယားတစ်ယောက်နှင့် ပေးစားခဲ့၏။ သူကိုယ်တိုင်ပင် လင်ဖြစ်သူ မျိုးဆက်မပြတ်ရေးအတွက် လမ်းညွှန်ပေးခဲ့သည်မဟုတ်ပါလော။

ယခုတော့ ခင်ပွန်းလင်နှင့် နောက်မယားတို့ ကြည်ဖြူချစ်သမျှ သံဝါသကြောင့် မျိုးဆက်ထွန်းကားတော့မည်ဖြစ်၏။ ချစ်လင်သူကြွယ်မှာလည်း နောက်မယား၏ ဝမ်းပူပူလေးကို တွေ့မြင်ရ၍ ကြည်သာရွှင်မဆုံး မယားကြီးကိုပင် အမေ့ကြီးမေ့နေခဲ့၏။

သည်မှာတင် သူကြွယ်မယားအဖို့ ကာလတစ်လျှောက်လုံး စိတ်မြားတံတို့ ဖြောင့်စင်းလာခဲ့ရာမှ ပြူစူစိတ်ဖြင့် ကောက်ကွေးလာခဲ့ပေပြီကော။

“ဒီကောင်မဟာ မကြာခင် သားသမီးမွေးဖွားလာတော့မယ်။ သည်အခါ သားသမီးကိုအကြောင်းပြုပြီး ငါ့လင်ကို ကြိုးကိုင် လာတော့မယ်။ ငါ့လင်ပိုင်ဆိုင်တဲ့ ဥစ္စာပစ္စည်းတွေကို လက်ဝါးကြီးအုပ်လာတော့မယ်။ မဖြစ်ဘူး။ ဒင်းလူလည်ကျမှာကို ငါမခံနိုင်ဘူး”

တွေးရင်၊ တွေးရင်း အသားတို့ တဆတ်ဆတ်တုန်လာကြသည်။ သည်ကိုယ်ဝန်ကို မပျက်ပျက်အောင် ဖျက်မှ ဖြစ်တော့မည်။ သည်လိုမျိုး ကိုယ်ဝန် ဖျက်ချနိုင်ရေး တွက် အစွမ်းထက်လှသော ဆေးဆရာကို ရှာမှဖြစ်တော့မည်။ သည်တော့ အစွမ်းထက်သောဆေးကို ရနိုင်မည့်နေရာဒေသ၊ ပုဂ္ဂိုလ်တို့ကို စုံစမ်းရှာဖွေလေတော့သည်။

အကုသိုလ်တို့ ကြီးမားအောင် ဖန်တီးလေသည်လားမသိ။

နောက်ဆုံး၌ ကိုယ်ဝန်ပျက်ကျဆေးကို ပေးသည့်အရာ၌ သတင်းကြီးလှသည့် ပရိဗိုဇ်မတစ်ဦးထံ ရောက်ရှိသွားလေ၏။ သည့်အတွက် ငွေကိုလမ်းခင်း၍ ပရိဗိုဇ်မနှင့်တွေ့ဆုံခဲ့၏။ မြိုးမြိုးမြက်မြက်ကလေးပေးလိုက်တော့ အလိုရှိရာဆေးက လက်တွင်းသို့ ရောက်ရှိလာခဲ့၏။

“မပျက်မှာတော့ မပူနဲ့...ငါ့ရဲ့ဆေးက ပွဲတိုင်းကျော်တဲ့ဆေးပဲ။ ဘယ်တော့မှ အာနိသင်မပြယ်ဘူး။ ကိုယ်ဝန်နုနုကလေး မပြောနဲ့ အတော်အတန်ရင့်လာတောင် မမှုဘူး။ ငါရဲ့ဆေးသာ သူ့ဝမ်းထဲကို ရောက်ပလေ့စေ ဒီနေ့ရောက် မနက်ဖြန်ပျက်ကရောပဲဟော့ ကျိန်းသေအာမခံတယ်”

အမှန်တကယ်လည်း ပရိဗိုဇ်ထံမှ ရလာသောဆေးက အစွမ်း



www.burmeseclassic.com

www.burmeseclassic.com



ထက်လှပါပေ၏။ ထိုဆေးကို မုန့်တစ်ခုထဲ ဌာပနာသွင်းကာ မယားငယ်ကို စားစေ၏။ မယားငယ်လည်း သည်ကနေ့စားပြီး နောက်နေ့ရောက်သည်ရှိသော ကိုယ်ဝန်မှာ ပျက်ကျသွားပါလေတော့၏။

သည့်အတွက် မယားငယ်၏မိခင်က ကိုယ်ဝန်ပျက်ကျသော သမီးအား အကျိုးအကြောင်းကို မေးမြန်းလေ၏။

"အို…မိခင် ကျွန်မဟာ သည်ကိုယ်ဝန်ပျက်ကျအောင် ခုန်ပေါက်သွားလာခြင်းလည်း မရှိသလို အလေးအပင်ဆိုလို့လည်း ဘာမှ မမခဲ့ပါဘူး။ အဲ…တစ်ခုတော့ရှိလေရဲ့ မနေ့တုန်းက ထူးထူးခြားခြား သူကြွယ်မက မုန့်တစ်ခုပေးလာလို့ဆာလို့ စားမိတာပဲရှိပါတယ်"

"ဟာ…ဒါဆိုရင်တော့ဟုတ်ပြီ"

မယားငယ်မိခင်မှာ ငယ်ရာကကြီးလာသည်မို့ စေ့စပ်သေချာစွာ စဉ်းစားဆင်ခြင်ကြည့်လိုက်၏။ ယခုကဲ့သို့ သမီးဖြစ်သူ ကိုယ်ဝန်ပျက်ကျခြင်းကိစ္စတွင် သူကြွယ်မပေးလာသောမုန့်သည် သွေးရိုးသားရိုး မဟုတ်နိုင်သည်ကို ရိပ်စားမိလေ၏။

"ဒါ…သူကြွယ်မ လက်ချက်ပဲ"

သည်သို့ ကောက်ချက်ချပြီး အမျက်ဒေါသချောင်းချောင်းထွက်လျက် ဆွေမျိုးအသိုင်းအဝိုင်းတို့ကို ခေါ်ဆောင်ကာ သူကြွယ်မထံသို့ သွားလေ၏။ သူကြွယ်မလည်း မိမိထံသို့ လူစုလူဝေးနှင့်လာနေသည်ကို မြင်တွေ့ရသည်တဒင်္ဂ မည်သည့်အကြောင်းကိစ္စမှန်းကို ရိပ်စားလိုက်မိလေ၏။ သည့်အတွက် အိပ်ခန်းအတွင်းသို့ဝင်၍ ပုန်းလေ၏။



သူကြွယ်လေး လူအပေါင်းတို့ ရုံးစု ရုံးစု ဖြစ်နေကြသည်ကို မြင်လျှင် သွားရောက်ကာ အကျိုးအကြောင်းကို စုံစမ်းလေ၏။ ထိုလူစုထဲ၌ ယောက္ခမဖြစ်သူကို မြင်လျှင် တအံ့တသြဖြင့် မေးလေ၏။

"ဘယ်လိုအကြောင်းကိစ္စရှိလို့ပါလဲ…မိခင်"

"မင်းမယားငယ့်သမီး ကိုယ်ဝန်ပျက်ကျတာ သွေးရိုးသားရိုး မဟုတ်ဘူး။ မင့်မယားကြီးက ကိုယ်ဝန်ပျက်ကျဆေးကျွေးလို့ ကိုယ်ဝန်ပျက်ကျရတာ"

"ဟာ…ဟုတ်မှ ဟုတ်ရဲ့လားဗျာ…သူ ဒီလိုလုပ်လိမ့်မယ် မထင်ပါဘူး"

ထိုအခါ ဆွေမျိုးသားချင်းတို့က ဒေါသတကြီး ဖြစ်လာကြသည်။

"ဘာ…မထင်ရမှာလဲ။ ခင်ဗျား မသိရင် အသာနေ၊ အခု ခင်ဗျားမယား မိန်းမယုတ်ကို ခေါ်ထုတ်ပေးပါ။ မဟုတ်ရင်တော့ ကျုပ်တို့ အဆိုးမဆိုနဲ့"

အခြေအနေက ရုတ်ရုတ်သဲသဲ ဖြစ်လာသည်။

"အားလုံးကို တောင်းပန်ပါတယ်။ သည်းခံကြပါခင်ဗျာ။ ခင်ဗျားတို့အားလုံးရှေ့မှာ ကျုပ်မိန်းမကို ခေါ်ထုတ်ပြီး မေးပေးပါ့မယ်။ အပြစ်ရှိရင်ရှိတဲ့အလျောက် ခင်ဗျားတို့ ကျေနပ်စေရမယ်။ အခြေအနေကို သွေးပူပူနဲ့ မဖြေရှင်းကြပါနဲ့၊ ခေါင်းအေးအေးထားပြီး ဖြေရှင်းကြတာ ကောင်းမယ်ထင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



သည်လိုမျိုး အကျိုးသင့်အကြောင်းသင့် ပြောဆိုလိုက်တော့ လူအုပ်ကြီး ငြိမ်သွားသည်။ ဤတွင် သူကြွယ်လည်း ဇနီးဖြစ်သူ သူကြွယ်မကို ခေါ်ထုတ်လိုက်သည်။ သူကြွယ်မလည်း ဣန္ဒြေမပျက်ထွက်လာပြီး–

"အို...မောင်ကြီး ဘာတွေ ဘယ်လိုဖြစ်နေကြတာလဲ။ လူတွေ ရုံးစု ရုံးစုနဲ့"

"အဖြစ်ကတော့ကွာ... ရှင်မဆီလာကြတယ်ဆိုတာပဲ။ ကိစ္စကတော့ ရှင်မဟာ ကိုယ်ဝန်ပျက်ကျဆေးကျွေးလို့ သူ့သမီး ကိုယ်ဝန်ပျက်ကျတယ်တဲ့"

"အို...ကြံကြီးစရာအဒေါ် ... အဒေါ်ရဲ့သမီးဟာ ကျွန်မနဲ့ ဆိုရင် လင်တူညီအစ်... သူ့ကို ညီမလေးလို ကျွန်မချစ်တဲ့ဥစ္စာ သည်ကိုယ်... ကျွန်မက ဘာအကြောင်းနဲ့ ဖျက်ချပစ်ရမှာတဲ့ရှင် ...မလွဲပါနဲ့ အဒေါ်ရယ်။ သည်လိုမျိုး စက်ဆုပ်ဖွယ်...တဲ့အလုပ်မျိုးကို ကျွန်မက လုပ်ပါမတဲ့လား"

"ဟေ့...သူခိုးက ခိုးတယ်လို့ ဘယ်တုန်းက ပြောရိုးထုံးစံ ရှိလို့လဲ။ ညည်းဟာ အမြုံမ၊ မိန်းမယုတ်၊ ဆရာပေါင်းစုံဆီကို သွားပြီး ခြေရှုပ်နေတာကို ငါတို့ သိထားတယ်။ ကိုင်း ဘာပြောချင်လဲ"

"ဒါကတော့...ကိုယ့်အကြောင်းနဲ့ကိုယ်ပေါ့ ဒေါ်ကြီးရယ်။ ကျွန်မရဲ့ကံကိုကလည်း မကောင်းပါဘူး။ ခုပဲကြည့် ကိုယ် မဟုတ်ဘဲနဲ့ ယိုးစွပ်ခံနေရပြီ"



"ဒါဆို...ညည်းလုပ်တာ မဟုတ်ပါဘူးလို့ ကျိန်တွယ်ပြောရဲသလား"

"ပြောရဲတာပေါ့...အဒေါ်၊ ပြောရဲတာပေါ့။ ဘာဖြစ်လို့ မပြောရဲရမှာလဲ၊ ကျွန်မမှ မဟုတ်တာ မလုပ်ခဲ့ဘဲကိုး"

"ကိုင်း...ဒါဖြင့်...ငါတို့ယုံကြည်အောင် ငါတို့အားလုံးရှေ့မှာ ကျိန်ဆိုပြချေ။"

သည်သို့ အံ့နှင့်ကျင်းနှင့် စပေါင်းတောင်းဆိုလာလေတော့ သူကြွယ်မလည်း ထမင်းရည်ပူလျှာလွှဲခွင့်မသာဘဲ ကျိန်ဆိုရလေတော့၏။

"ရတနာသုံးပါးကို ဦးထိပ်ထား၍ မှန်ကန်သောသစ္စာစကားကို ကျွန်ုပ်ဆိုပါမည်။ ကျွန်ုပ်သည် ကျွန်ုပ်နှင့်လင်တူမယား၏ ကိုယ်ဝန်ပျက်ကျစေရန် မဖျက်ဆီးခဲ့ပါ။ အကယ်၍ ဖျက်သည် မှန်ပါလျက် မဖျက်ဟု ငြင်းကွယ်ခဲ့ပါလျှင် ဒုဂ္ဂတိဘဝသို့ လားရပါစေသား။

တစ်ဖန် မွှတ်သိပ်ဆာလောင်ခြင်းတို့ နှိပ်စက်၍ နံနက်တွင် သားငါးယောက် ညတွင်သားငါးယောက်ဖွား မြင်၍ ထို မိမိ၏သား ဆယ်ယောက်စလုံးကို စားသောက်ရပါသော်လည်း တင်းတိမ်အားရ ရောင့်ရဲခြင်းမရှိသည်ဖြစ်ရပါစေသား။ ကျွန်ုပ်၏ကိုယ်မှလည်း အပုပ်နံ့တို့ တထောင်းထောင်း ထွက်ရှိပါစေသား"

ထိုခေတ်ထိုကာလက လူအပေါင်းတို့သည် သစ္စာစကားကို အလေးအနက်ထားကြသည်။ ကျိန်စာကို ဂရုမပြုကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်၍ ဤသို့ဤနယ် ကြောက်မက်ဖွယ်ကောင်းလှစွာသော သူကြွယ်မ၏ ကျိန်စာကိုကြားရလျှင် အားလုံးလည်းကျေနပ်မှု ရှိကာ ပြန်သွားကြလေတော့၏။

ကျိန်စာကား ကြောက်မက်ဖွယ်ရာ ကောင်းလှပါပေစွ။

သူကြွယ်မအဖို့ ထိုဘဝမှာလွန်မြောက်သည်ရှိသော် ကျိန်စာ စူး၍ ထိုရွာနှင့်မနီးမဝေးအရပ်တွင် ပြိတ္တာမ ဖြစ်ရလေတော့သတည်း။

* * *

သီတင်းကျွတ်လရာသီမို့ မည်သည့်နေရာ ကြည့်လိုက်ကြည့်လိုက် ညချမ်းအချိန်ရောက်သည်နှင့်ပင် ဆီမီးရောင်ရှိန်တို့က တထိန်ထိန်လင်းနေပေတော့သည်။

ကျေးလက်တောရွာများ၌ သီတင်းသုံးကာ ဝါကပ်ခဲ့ကြကုန်သော ရဟန်းသံဃာအပေါင်းတို့လည်း ဝါကျွတ်ပြီဆိုသည်နှင့် ဘုရားရှင်စမ္မာယ်သီတင်းသုံးရာ သာဝတ္ထိသို့ လှမ်းကြွလာခဲ့ကြကုန်၏။ ထိုသို့ လှမ်းကြွလာခဲ့စဉ် လမ်းခရီးအကြား၌ အကာလ အခါမဲ့ဖြစ်ခြင်း၊ ခရီးပန်း၍ နွမ်းနယ်ခြင်းတို့ကြောင့် ရွာတစ်ရွာ အနီးရှိ ဇရပ်အိုတစ်ဆောင်တွင် တစ်ညတာအတွက် ဝင်ရောက်နားနေတည်းခိုကြလေ၏။

ညချမ်းအချိန်သို့ ရောက်သည်ရှိသော ဇရပ်ခေါင်မိုးအထက်မှ အသံတို့သည်တဖြောင်းဖြောင်း မြည်ကြကုန်၏။ ပတ်ဝန်းကျင်၌လည်း မိုးလေတို့ကင်းစင်ပါလျက် လေတိုးသံတို့သည် ဟိုးဟိုး တဟဲဟဲ မြည်ဟီးကာ မုန်တိုင်းကြီးကျတော့မည့်အသွင်



ဖြစ်လေ၏။ သည့်အတွက် အချို့သောရဟန်းတို့သည် စိတ်အားငယ်ကာ ချောက်ချောက်ချားချား ဖြစ်ကြကုန်၏။ သည်ကြားထဲ ရိပ်ခနဲ ရိပ်ခနဲ ပုံရိပ်အသွင် အာရုံဆန်းများကြောင့် အချို့သောရဟန်းတို့သည် ကြက်သီးမွေးညင်းများ ဖြန်းခနဲ ထလာကြကုန်၏။

"ကိုယ်တော်ရာ...လုပ်ပါဦး၊ ဒီဇရပ်မှာ နာနာဘာဝတွေ ရှိပုံရတယ်"

"ဟုတ်လိမ့်မယ်၊ ဟော... ဟော"

ရဟန်းတစ်ပါးက တစ်နေရာသို့ ညွှန်ပြသည်။ အားလုံး၏ အကြည့်သည် ထိုနေရာသို့ စုပြုံရောက်ရှိသွားလေ၏။

"အဲ...အဲဒါ... ပြိတ္တာမပဲ ငါ့ရှင်တို့"

ပြိတ္တာမကလည်း ရဟန်းတို့ ထင်သာ မြင်သာရှိရလေအောင် ကိုယ်ထင်ပြလေ၏။ သည်သို့ ကိုယ်ထင်ပြမှပင် ပြိတ္တာအသွင်ကို မမြင်ဖူးကြသော ပုထုဇဉ်ရဟန်းတို့မှာ အထိတ်တလန့် ဖြစ်ကြရတော့သည်။ ပြိတ္တာမသည် ရဟန်းတို့ရှေ့တွင် ရပ်နေ၏။ အဝတ်ထဘီ မပါသည့်အတွက် ရှက်စိတ်တို့ဝင်လာကာ ရပ်နေရာမှ ထိုင်ချလိုက်ပြီး ရဟန်းတို့ကို လက်အုပ်ချီလေ၏။

ရဟန်းတို့အထဲ၌ မထေရ်ကြီးတစ်ပါးရှိ၏။ ထိုမထေရ်ကြီးကား ရှက်ရွံ့ခြင်းကင်းစွာဖြင့် ပြိတ္တာမ၏ဆိုးရွားလှသော အသွင်သဏ္ဌာန်ကို ကြည့်ရှုကာ မေးလေ၏။

"အို...မာတုဂါမ၊ သင့်ကို ငါမေးပါရစေဦး၊ သင့်မှာ အဝတ်အထည်၊ အင်္ကျီထဘီတို့လည်းမရှိ၊ အသွင်အပြင်က

www.burmeseclassic.com

www.burmeseclassic.com



လည်း တကယ့်ကို ကြောက်မက်ဖွယ်ရာအတိ။ အပုပ်နံ့ကလည်း တထောင်းထောင်းနဲ့ တကယ့်ကို နံစော်နေတာပါပဲကလား။ ယင်ကောင်တွေကလည်း အုံ့လို့ ခဲလို့။ သင်ဘယ်သူလဲဆိုတာ ပြောစမ်းပါဦး”

ထိုသို့ မေးသည်ရှိသော် ပြိတ္တာမလည်း .

“အရှင်ဘုရား... တပ[illegible]ာ်မဟာ ပြိတ္တာမဖြစ်ပါတယ် ဘုရား”

“အို... ဖြစ်မှဖြစ်ရလေကွယ်။ နေပါဦးကွယ် အတိတ်ဘဝက ဘယ်လိုမျိုး မကောင်းမှုတွေလုပ်လို့များ ပြိတ္တာဘဝကို ရောက်ရတာပါလိမ့်”

“အရှင်ဘုရား...တပည့်တော်မဟာ အတိတ်ဘဝတုန်းက ဟောသည်ရွာမှာ သူကြွယ်ရဲ့ဇနီးမယား ဖြစ်ခဲ့ပါတယ်။ တပည့်တော်မဟာ သားသမီးမမွေးဖွားနိုင်တဲ့အတွက် အမြုံမဖြစ်လို့ ခင်ပွန်းလင်ရဲ့မျိုးနွယ် ပြတ်မသွားစေဖို့အတွက် အမွေဆက်အဖြစ် သားသမီးရစေဖို့ ခင်ပွန်းလင်ကို မယားတစ်ယောက် ပေးစားခဲ့ပါတယ်။

အရှင်ဘုရား...အဲသည်မိန်းမမှာ ကိုယ်ဝန်ရှိလာတော့ တပည့်တော်မဟာ ဣဿာ၊ မစ္ဆရိယစိတ်တွေ ဝင်လာခဲ့ပါတယ်။ ဒါနဲ့ ကိုယ်ဝန်ပျက်ကျစေတဲ့ဆေးကို ရှာကြံပြီး ကိုယ်ဝန်ပျက်ကျ စေခဲ့ပါတယ်။ အဲသည်အခါ နောက်မိန်းမရဲ့ မိဘဆွေမျိုးတွေ ရောက်လာပြီး စွပ်စွဲပြောဆိုတာကို မခံမရပ်နိုင်တဲ့အတွက် ကျိန်စာဆိုခဲ့မိပါတယ်”



ပြိတ္တာမကား သူမ၏ အတိတ်ဇာတ်ကြောင်းကို ပြန်ပြောင်းပြောဆိုရင်း ဝမ်းပမ်းတနည်း ဖြစ်နေရှာသည်။

“အရှင်ဘုရား...တပည့်တော်ဟာ အကုသိုလ်ဒုစရိုက်တွေ ကြီးမားလွန်းပါတယ်။ မမှန်မကန် ကျိန်ဆိုမိခဲ့တဲ့အတွက်လည်း ကျိန်စာသင့်ခဲ့ရပါတယ်။ အခုဆိုရင် တစ်နေ့ကို ညမနက် ဆယ်ယောက်စားပေမဲ့ အားရတင်းတိမ်တယ်ရယ်လို့ မရှိခဲ့ပါဘူး။ နေ့စဉ် ဆာလောင်မွတ်သိပ်ပြီး ဝမ်းခေါင်းတစ်ခုလုံး မီးနဲ့မြိုက်ထားသလို ပူလောင်လှပါတယ်ဘုရား”

ပြိတ္တာမထံမှ ထိုစကားကို ကြားရသည်ရှိသော ရဟန်းတို့လည်း ကိုယ်ဝန်ပျက်အောင် ဖျက်ချစေခြင်းတည်းဟူသည့် ပါဏာတိပါတာကံနှင့် လိမ်လည်ပြောဆိုခြင်းတည်းဟူသည့် မုသာဝါဒကံ၏ ကြောက်မက်ဖွယ်ရာကောင်းပုံကို သတိသံဝေဂရမိကြလေ၏။ ပြိတ္တာမအဖို့ သူမ၏ အကုသိုလ်ဘဝဆိုးအားလွတ်မြောက်ရာလွတ်မြောက်ကြောင်းအတွက် ကယ်တင်ပေးနိုင်မည့်သူမှာ ရဟန်းတော်တို့သာလျှင်ဖြစ်ကြောင်း နားလည်သဘောပေါက်လေသည်မို့ အသနားခံပန်ကြားပါလေ၏။

“အရှင်ဘုရားတို့...တပည့်တော်မ ရိုသေစွာအသနားခံလို့ လျှောက်တင်ပါရစေဘုရား။ သည်ရွာမှာရှိတဲ့ တပည့်တော်မရဲ့ ခင်ပွန်းလင်သူကြွယ်အိမ်ကိုကြွလို့ တပည့်တော်မ ပြိတ္တာဖြစ်နေတဲ့အကြောင်းကို ပြောကြားပေးတော်မူပါဘုရား။ တပည့်တော်မရဲ့ခင်ပွန်းလင်ဟာ ဘာ[illegible]တရား

www.burmeseclassic.com

www.burmeseclassic.com



ကိုင်းရှိုင်းသူဖြစ်တဲ့အတွက် အရှင်ဘုရားတို့ကို ဆွမ်းဒါနပြုတော်မူပါလိမ့်မယ်ဘုရား။

အရှင်ဘုရားတို့ ဆွမ်းဒါနပြုပြီးတဲ့အခါ ကောင်းမှုရဲ့ အဖို့ဘာဂကို တပည့်တော်မအား ပေးဝေဖို့ကိုလည်း သူကြွယ်အား မပျက်မကွက်ပြောကြားပေးတော်မူပါဘုရား။ ပေးဝေတဲ့အဖို့ ဘာဂကို တပည့်တော်မ သာဓုခေါ်ခွင့်ရခဲ့ရင် ပြိတ္တာဘဝဆိုးကနေ တပည့်တော်မ လွတ်မြောက်ရပါလိမ့်မယ်၊ တပည့်တော်မကို ကူညီပေးတော်မူပါဘုရား။

“ကောင်းပေပြီ...မာတုဂါမ၊ စိတ်သာချ...ငါတို့ နံနက်မိုးသောက်တာနဲ့ သူကြွယ်အိမ်ကို သွားကြမယ်”

“ကျေးဇူးတင်လှပါတယ်ဘုရား”

သည်သို့ ကျေးဇူးစကားဆိုပြီးနောက် ပြိတ္တာမလည်း မြင်ကွင်းမှ တဖြည်းဖြည်းနှင့် မှုန်ဝါးပျောက်ကွယ်သွားတော့လေသည်တကား။

* * *

သူကြွယ်လင်မယားအဖို့ မိမိတို့အိမ်ဂေဟာသို့ မပင့်မဖိတ်ပါဘဲနှင့် ကြွလာသော ရဟန်းသံဃာတော်တို့ကို ဖူးမြင်လိုက်ရ၍ တအံ့တသြ ဖြစ်နေမိပေတော့၏။ ပြီးနောက် ချက်ချင်းဆိုသလိုပင် ရဟန်းသံဃာတော်တို့အတွက် နေရာများကို ခင်းပေးကြလေ၏။

“ကြွတော်မူပါ အရှင်ဘုရားတို့”

ရဟန်းတို့လည်း ခင်းထားသောနေရာ၌ ရင့်ကျက်သော ဣန္ဒြေတို့ဖြင့် ထိုင်လိုက်ကြလေ၏။



“အရှင်ဘုရားတို့... မည်သည့်အရာကိုအလိုရှိလို့ ကြွတော်မူလာပါသလဲဘုရား”

ထိုအခါ မထေရ်ကြီးလည်း သူကြွယ်အား မိန့်တော်မူလိုက်သည်။

“ဒကာသူကြွယ်... သင် မေးတာကို ငါမဖြေကြားမီ သင့်ကို ပြန်ပြီး မေးပါရစေဦး။ သင့်မှာ ဤဇနီးမှတစ်ပါး အခြားဇနီးကော ရှိပါသေးသလား”

“အရှင်ဘုရား... တပည့်တော်မှာ ယခုဇနီးသည်အပြင် ၎င်းအရင် ဇနီးသည်တစ်ဦး ရှိခဲ့ဖူးပါ၏။ ထိုဇနီးသည်မှာ ကွယ်လွန်တိမ်းပါးသွားခဲ့ပါပြီဘုရား”

“ဒကာသူကြွယ်...သင်ပြောတဲ့ ကွယ်လွန်တိမ်းပါးသွားသူ သင့်ဇနီးကို ငါတို့ တွေ့ခဲ့ကြပါတယ်”

မထေရ်ကြီးထံမှ အဆိုပါစကားကိုမမျှော်လင့်ဘဲ ကြားလိုက်ရတော့ သူကြွယ်လင်မယားအဖို့ ပါးစပ်အဟောင်းသား။

“အရှင်ဘုရား...တပည့်တော်ဟာ မယားဟောင်းရဲ့ အလောင်းကို ကောင်းကောင်းမွန်မွန် ပြာဖြစ်တဲ့အထိ သင်္ဂြိုဟ်ခဲ့ပါလျက်နဲ့ ဘယ်လိုများ အရှင်ဘုရားတို့တွေ့ရပါသလဲဘုရား”

“ဒါယကာသူကြွယ်... သင်ရဲ့ဇနီးဟောင်းကို သည်ရွာရဲ့ အနီးဇရပ်မှာ ညတုန်းက ငါတို့တွေ့ခဲ့ရပါတယ်။ သို့ပေမဲ့ လူသား အဖြစ်တော့ မဟုတ်ပေဘူး ဒါယကာ

www.burmeseclassic.com

www.burmeseclassic.com



"လူမဟုတ်ရင် ဘယ်လို အသွင်မျိုးနဲ့ တွေ့ခဲ့တာပါလဲဘုရား"

"ပြိတ္တာအဖြစ်နဲ့တွေ့ခဲ့ရတာပေါ့ ဒကာရယ်။ သူဟာ သူပြုမှားမိခဲ့တဲ့ ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက်တွေအတွက် ငါတို့ ရဟန်းအားလုံးရှေ့မှာ မှန်ကန်တဲ့အတိုင်း ဝန်ခံခဲ့ပါတယ်။ ပြီးတော့ ဒကာ့ထံရောက်တဲ့အခါ အကျိုးအကြောင်းကိုပြောပြပေးဖို့ တောင်းပန်လျှောက်ထားခဲ့တဲ့အတွက် သင့်ဆီကို ငါတို့ ဝင်လာခဲ့ရခြင်းဖြစ်တယ်"

"အရှင်ဘုရား… တပည့်တော်ရဲ့ဇနီးဟောင်းက ဘယ်လိုများ မှာကြားလိုက်ပါသလဲ ဘုရား"

"ဒါယကာ…သင့်ဇနီးဟောင်း ပြိတ္တာမဟာ တကယ့်ကို ဒုက္ခဆင်းရဲတွင်းထဲ ကျနေတဲ့ စားရမဲ့မဲ့၊ ဝတ်ရမဲ့မဲ့၊ နေရမဲ့မဲ့အဖြစ်နဲ့ သနားစရာပါ။ အဲသည်အဖြစ်ဆိုး၊ ဘဝဆိုးက ကျွတ်လွတ်ဖို့ရာအတွက် သင့်ကို ဆွမ်းဒါနပြုပေးဖို့၊ အဲသည် ကုသိုလ်အဖို့ဘာဂကို သူကြားအောင် သူ့ကိုရည်စူးပြီး အမျှအတန်းပေးဝေဖို့ မှာကြားလိုက်လေရဲ့ ဒကာတော်"

သူကြွယ်အဖို့ ဘဝခြားသွားခဲ့ပြီဖြစ်သော ဇနီးဟောင်း၏ အဖြစ်သနစ်ကိုလည်းကောင်း၊ အမှာစကားကိုလည်းကောင်း ကြားရလေတော့ စိတ်လက်မကောင်းဖြစ်သွားရသည်။ ဇနီးဟောင်းအပေါ်မှာလည်း သနားကရုဏာစိတ်များ ဖြစ်ပေါ်လာခဲ့ရသည်။



သည့်အတွက် ဘာသာတရား ရိုသေကိုင်းရှိုင်းသူပီပီ မျှော်လင့်မထားခဲ့ဘဲ ကြွမြန်းရောက်ရှိလာသည့် ရဟန်းသံဃာတို့အား ဆွမ်းလုပ်ကျွေးခဲ့၏။

ပြီးတော့ အဆိုပါအလှူဒါန၏ ကုသိုလ်အဖို့ဘာဂကို ဇနီးဟောင်းအားရည်စူး၍–

"အမျှ…အမျှ…အမျှ ယူတော်မူကြပါကုန်လော့"

ဟူ၍ အမျှဝေပေးလိုက်သည်။ ပြိတ္တာမအဖို့ရာလည်း အဘယ်မျှ ကုသိုလ်အဖို့ဘာဂကို မျှော်လင့်တောင့်တနေသည်မသိ။

ခင်ပွန်းဟောင်းသူကြွယ်၏ အမျှဝေသံကို ကြားရလျှင်ကြားရခြင်း အားရဝမ်းသာပင်–

"သာဓု… သာဓု…သာဓု"

ဟူ၍ နှစ်သက်ခြင်းကြီးစွာဖြင့် ခေါ်ခဲ့မိလေ၏။

အံ့ဩဖွယ်ရာ ကောင်းလှပါပေစွ။

သာဓုသုံးကြိမ် ခေါ်ဆိုပြီးသည့်နောက်ဝယ် အပုပ်နံ့တို့ကင်းပျောက်သွား၏။ ကြောက်မက်ဖွယ်ရာ ရုပ်ဆင်းသဏ္ဌာန်တို့ ပြည့်ဖုံးကားချသွားပြီး အဆင်းရူပကာ ပြေပြစ်လှပသော နတ်ကညာအသွင် ဖြစ်ပေါ်လာခဲ့၏။ နတ်တို့၏ အဝတ်တန်ဆာတို့ကို ဝတ်ဆင်ရ၏။ နတ်တို့၌ဖြစ်သော နတ်သုဒ္ဓါအစားအသောက်များကို စားသောက်ရ၏။ နတ်တို့၌ ဖြစ်သော ဘုံဗိမာန်တို့၌ စံစားရ၏။

အကုသိုလ်၏အကျိုးဆက်ကား ဆိုးဝါးသလောက် ကုသိုလ်၏အကျိုးဆက်ကမူ လှပကြည်နူးစဖွယ်ပါတကား။

www.burmeseclassic.com

www.burmeseclassic.com



ထိုညမှာတော့... ပြိတ္တာဘဝမှ လွတ်မြောက်ခဲ့ပြီဖြစ်သော ဓနီးဟောင်းလည်း နတ်သမီးအသွင်ဖြင့် သူကြွယ်အားကိုယ်ထင်ပြခဲ့လေ၏။

* *

ထိုရဟန်းတို့သည် သူကြွယ်အိမ်မှ ထွက်လာခဲ့ပြီးနောက် မကြာမီမှာပင် သာဝတ္ထိရှိ ဘုရားရှင်ထံမှောက်သို့ ရောက်ရှိပါချေ၏။

ဘုန်းတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ ကံတော်အနန္တနှင့် ပြည့်စုံတော်မူသော သုံးလောကထွတ်ထား ရှင်တော်မြတ်ဘုရားအား ကြည်ညိုသဒ္ဓါ ကဲလွန်စွာဖြင့် ဖူးမြော်အပြီးမှာတော့ မိမိတို့တွေ့ကြုံခဲ့ရသည့် ပြိတ္တာမအကြောင်းကို တင်လျှောက်ခဲ့ကြလေ၏။

ဤတွင်ဘုရားရှင်လည်း တရားသဘင်အတွင်း၌ ထိုပြိတ္တာမအကြောင်းကို သာဓကပြုလျက် တရားနာပရိသတ်တို့အား မကောင်းသော ဣဿာ၊ မစ္ဆရိယစိတ်များ၊ ကံသုံးပါးသက်ဝင်ဒုစရိုက်များကို ရှောင်ရှားနိုင်ကြစေရာ တရားဒေသနာတော်ကို ဟောကြားလေ၏။ တရားဒေသနာတော် ဆုံးလေသည်ရှိသော် တရားနာပရိသတ်အပေါင်းလည်း သတိသံဝေဂတို့ ရရှိကြလေကုန်သတည်း။

**ကျမ်းကိုး**

**-ပေတဝတ္ထု**

**ဥရဂဝဂ်၊ ပဉ္စပုတ္တခါဒကပေတဝတ္ထု။**

# သံဃာတော်အား ကြောက်ဖွယ်ပြ



www.burmeseclassic.com

www.burmeseclassic.com

## သံဃာ့ဘောဒက ကြောက်ဖွယ်ပ

ဂေါတမဘုရားရှင် ပွင့်ပေါ်မထွန်းမီ၊ ကဿပဘုရားရှင် လက်ထက်က ဖြစ်ချေ၏။

ထိုကာလ၌ တစ်ဦးကိုတစ်ဦး တစ်မိဝမ်းတွင်းမှ သက်ဆင်းလာခဲ့လေသည့်အလား ညီရင်းအစ်ကိုပမာ လွန်စွာမှ ချစ်ခင်ကြသည့် သူငယ်ချင်းနှစ်ဦး ရှိလေ၏။ ဘယ်ခါကြည့်ကြည့် သူတို့နှစ်ဦးကား အမြဲလိုပင် တတွဲတွဲနှင့်။ သူတို့နှစ်ယောက်၏ ချစ်ခြင်းတရားကား အံ့သြဖွယ်ကောင်းလောက်အောင်ပင် ကြီးမားလှပါဘိ။

"ဟော့...သူငယ်ချင်း၊ ငါတော့ လူ့ဘောင်လောကကြီးကို ငြီးငွေ့လာပြီကွာ။ ဒါကြောင့် ရဟန်းဝတ်ဖို့ ဆုံးဖြတ်လိုက်ပြီ"

"အို...မင်းတစ်ယောက်တည်း သည်လိုမျိုး လုပ်မသွားနဲ့လေ။ မင်းရဟန်းပြုရင် ငါလည်း ရဟန်းပြုမှာပေါ့ကွ။ ဘယ် နေလိမ့်မတုံး"



"ဟေး...ဒါမှ ငါ့သူငယ်ချင်းကွ"

သည်လိုပုံ သည်လိုမျိုး ချစ်ခြင်းစိတ်ဓာတ်ဟာ ထပ်တူညီမျှခြင်းပြုလောက်သည်။ ယခုလည်းပဲ တစ်ဦးက ရဟန်းဘဝပြောင်းလဲလိုက်တော့ ကျန်တစ်ဦးကလည်း လေးပင်ဖင့်နွဲ့မနေဘဲ ချက်ချင်းဆိုသလိုပင် ရဟန်းဘဝသို့ လိုက်လံကူးပြောင်းလိုက်တော့သည်။

ထိုရဟန်းနှစ်ပါးက ရဟန်းဝတ်နှင့်အညီ ကျင့်ကြံနေထိုင်သီတင်းသုံးကြ၏။ သီလဝတ္တကို စောင့်ထိန်းကြ၏။ သည့်အတွက် ဒကာ ဒကာမအပေါင်းတို့က ကြည်ညိုကြလေရာ ရွာ၌ကျောင်းသခ်မ်း ဆောက်လုပ်ပြီး ပင့်ဆောင်ကိုးကွယ်ကြလေ၏။ သို့ဖြင့် ရဟန်းနှစ်ပါးလည်း ဒွိသင္ဂကဟူသည့် နှစ်ပါးပိုင် ကျောင်းထိုင်ပုဂ္ဂိုလ်ကြီးများ ဖြစ်လာကြလေသတည်း။

ထိုရဟန်းနှစ်ပါးသည် နေ့စဉ်နေ့တိုင်း ရွာတွင်းသို့ ဆွမ်းခံဝင်ကြ၏။ ပြန်လာသောအခါ ကျောင်းသခ်မ်း၌ အတူတကွပင် ဆွမ်းဘုဉ်းပေးကြ၏။ ဆွမ်းစားပြီးသည်ရှိသော် တရားဓလေ့ဖြင့် မွေ့လျော်ကြကုန်၏။

အဆိုပါ ကျောင်းသခ်မ်းကလေးကား သစ်ရိပ်၊ ဝါးရိပ်၊ တောတောင်ရိပ်တို့ဖြင့် အေးချမ်းလျက် သန့်ရှင်းသပ်ရပ်ကာ နေချင့်စဖွယ် ကောင်းလှပါသတည်း။

* * *

တစ်နေ့မှာတော့ဖြင့် အဆိုပါကျောင်းသခ်မ်းကလေးရှိရာသို့ အာဂန္တုရဟန်းတစ်ပါးရောက်ရှိလာခဲ့၏။ ထိုအာဂန္တုရဟန်း

www.burmeseclassic.com

www.burmeseclassic.com



မှာ ရဟန်း၏ အမူအကျင့်တို့မရှိ။ အတ္တကြီးမား အလိုရမ္မက်ပွားများသူဖြစ်၏။

သို့ရာ၌ ကျောင်းထိုင်ဘုန်းတော်ကြီးနှစ်ပါးဖြစ်သော ကိုယ်တော်ကြီး၊ ကိုယ်တော်ငယ်လေးတို့က၊ ထိုအာဂန္တုရဟန်းအား ကျောင်းသင်္ခမ်း၌ လက်ခံပြီး ကောင်းမွန်စွာပင် ဆက်ဆံကြကုန်၏။ ဆွမ်း၊ ကွမ်း၊ အိပ်ရာ၊ နေရာတို့သာမက အစစအရာရာ ပြည့်စုံအောင် ထားကြ၏။ သို့ဖြင့် နှစ်ရက် သုံးရက်လွန်မြောက်လေသော် ကျောင်းထိုင်ကိုယ်တော်တို့က–

"ငါ့ရှင်...ငါတို့ဆွမ်းခံထွက်တဲ့အခါ သင်တစ်ပါးတည်း ကျောင်းသင်္ခမ်းမှာ ငြိမ်းငြိမ်းနေမှာပေါ့။ ငါတို့နဲ့ ဆွမ်းခံလိုက်ခဲ့ပါလား၊ ရပ်ဓလေ့၊ ရွာဓလေ့ကို သိရတာပေါ့"

"တင့်ပါ...ဘုရား၊ တပည့်တော် ဆွမ်းခံလိုက်ခဲ့ပါမယ် ဘုရား"

သို့ဖြင့် ခါတိုင်း နှစ်ပါးတည်းသာ ဆွမ်းခံထွက်နေရာမှ ထိုနေ့မှာတော့ အာဂန္တုရဟန်း လိုက်ပါခဲ့သည့်အတွက် သုံးပါးဖြစ်လာခဲ့၏။ ရွာသူရွာသား ဒကာ ဒကာမအပေါင်းမှာလည်း သဒ္ဓါတရားပြည့်ဝစွာဖြင့် ဆွမ်း ခဲဘွယ်ဘောဇဉ် အချိုအချဉ်တို့ကို အလျှံပယ်ဖြင့် လောင်းလှူကြကုန်၏။ ထိုမြင်ကွင်းကို မြင်တွေ့ရလျှင် အာဂန္တုရဟန်း၏စိတ်၌ တပ်မက်ခြင်း၊ သာယာခြင်းများ လှိုင်းဂယက်ထသွားခဲ့လေ၏။

"ဒီရွာက ဒကာ၊ ဒကာမတွေဟာ တယ်ပြီးတော့လည်း သဒ္ဓါစိတ်ထက်သန်ကြတာပါပဲလား"



သည်သို့ တွေးမှတ်လျက် ဒုတိယနေ့တွင်လည်းကောင်း၊ တတိယနေ့တွင်လည်းကောင်း၊ ဆွမ်းခံလိုက်ကြလေ၏။ ဆွမ်းခံရာမှ ပြန်လာသည်ရှိသော် ကျောင်းထိုင် ကိုယ်တော်နှစ်ပါးနှင့်အတူ ဆွမ်းစား၏။ ဆွမ်းကိစ္စပြီးစီးလေသောအခါ ကျောင်းထိုင်ကိုယ်တော်နှစ်ပါးသည် တစ်ပါးနှင့်တစ်ပါး နေရာချင်းခွဲလျက်အသီးသီး တရားဓမ္မတို့နှင့် မွေ့လျော်နေကြ၏။ ထိုအချိန်ဝယ် အာဂန္တုရဟန်းကား သာလွန်ညောင်စောင်းထက်၌ ဒူးထောင်ပေါင်ကားလဲလျောင်းရင်း အတွေးနယ်ချဲ့၍ နေလေ၏။

သူ၏စိတ်အာရုံထဲမှာတော့ နေချင့်စရာ၊ မွေ့လျော်စရာကောင်းလှစွာသော ဤကျောင်းသင်္ခမ်းကလေးကိုလည်းကောင်း၊ ကြည်ညိုသဒ္ဓါ လွန်ကဲစွာဖြင့် လှူကြတန်းကြ ကိုးကွယ်ဆည်းကပ်ကြကုန်သော ဒကာ ဒကာမတို့ကိုလည်း တွေးရင်း တွေးရင်း အထင်းသားပင် မြင်ယောင်လာမိတော့၏။

"သည်ရွာကလေးဟာ ငါတွေ့ခဲ့ဖူးတဲ့ရွာတွေနဲ့ ဘာမှ မဆိုင်ဘူး။ တကယ့်ကို သာယာလှပတဲ့ ရွာပေပဲ။ ကိုးကွယ်ကြတဲ့ ဒကာဒကာမတွေဆိုရင်လည်း အလှူရေစက် လက်နဲ့ မကွာ ဆိုသလို တကယ့်ကို ရှာမှရှားပဲ။ ပြီးတော့ ဒီကျောင်းသင်္ခမ်းကလေးဟာဆိုရင် အရိပ်အာဝါသ ရေမိုးတို့နဲ့ ပြည့်စုံလှပါရဲ့။ တကယ့်တော့ ငါဟာ ဟိုဟိုသည်သည် ခရီးမဆန့်တော့ဘဲ ဒီကျောင်းသင်္ခမ်းကလေးမှာပဲ ချမ်းချမ်းသာသာ နေသင့်တော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဟူး... ဒါပေမဲ့ ခက်နေတာက ဒီကျောင်းသင်္ခမ်းဟာ ငါပိုင်တဲ့ကျောင်းသင်္ခမ်းမဟုတ်တာပဲ။ တကယ်ပိုင်တာက ကိုယ်တော်နှစ်ပါး။

ငါဟာ ဒီကျောင်းသင်္ခမ်းမှာ ဆက်ပြီးနေသွားမယ်ဆိုရင် ကိုယ်တော်နှစ်ပါးရဲ့ နောက်လိုက်ဘဝပဲ ဖြစ်မယ်။ ကျောင်းပိုင်အာဝါသိကတော့ ဖြစ်လာမှာမဟုတ်ဘူး။ ကျောင်းနေအာဂန္တု ဧည့်သည်ရဟန်းပဲ ဖြစ်မယ်။ ဒါဖြစ်ရင် ငါဘာလုပ်ရမလဲ၊ ငါ ဘာလုပ်ရမလဲ"

အာဂန္တုရဟန်းလည်း မတွေးကောင်းသည်တို့ကို တွေးမိနေမိလေပြီ။ မပြုသင့်သည်တို့ကို ပြုမိအောင် ကြံစည်နေမိလေပြီတကား။

* * *

နေ့တစ်နေ့ကုန်ဆုံး၍ ညဥ့်ဦးယံသို့ ရောက်ရှိလာခဲ့ပေပြီ။

ကိုယ်တော်ကြီးသည် ဘုရားဝတ်ပြုပြီးသည့်နောက် ဣရိယာပုတ် မျှတစေရန်အတွက် ကျောင်းသင်္ခမ်းရှေ့သို့ လမ်းဖုံဖုံ၍ စင်္ကြံလျှောက်နေလေ၏။ အာဂန္တုရဟန်းအဖို့ အခွင့်ကောင်းရရှိဖို့ရာအတွက် အကွက်ကောင်းကို ငံ့လင့်နေလျက်ရှိချေ၏။

ကိုယ်တော်ကြီးလည်း အတန်ကြာစင်္ကြံလျှောက်ပြီးသည်ရှိသော် ကျိန်းစက်ရန်အတွက် ကျောင်းသင်္ခမ်းပေါ်သို့တက်ကာ အခန်းတွင်းသို့ ဝင်လိုက်လေ၏။ ဤတွင် အာဂန္တုရဟန်းလည်း ချောင်းနေရာမှ ကပျာကယာပင် အခန်းတွင်းသို့ ဝင်လိုက်သွားလေ၏။ ကိုယ်တော်ကြီးလည်း ခြေသံကြား၍ နောက်သို့ လှည့်



ကြည့်လိုက်ရာ အာဂန္တုရဟန်းကို တွေ့လိုက်ရသည့်အတွက် တအံ့တဩ ဖြစ်သွားရလေ၏။

"ငါ့ရှင်...အခါမဲ့ အချိန်ကြီးမှာ အခန်းထဲကို ဘာ့ကြောင့် ဝင်လာရသတုံး"

"အရေးကြီးတဲ့စကားကို လျှောက်ထားစရာရှိလို့ပါဘုရား"

"ဘာများတုံး... ငါ့ရှင်"

"ဒီလိုပါဘုရား...အချိန်အခါ မဟုတ်တာကို သိပေမဲ့ ကိုယ်တော်လေးက အရှင်ဘုရားရဲ့ ဂုဏ်ကျေးဇူးကိုထိပါးလို့ တရားမဲ့ပြောဆိုတာ တပည့်တော် မခံမရပ်နိုင်ဖြစ်မိတာနဲ့ အခုလို လာရောက်လျှောက်ထားရတာပါဘုရား"

"နေစမ်းပါဦး...ငါ့ရဲ့ညီတော်က ဘယ်လိုများ ပြောသတဲ့တုံး"

"အရှင်ဘုရား... ကိုယ်တော်လေးက အရှင်ဘုရားကို ဝိနည်းသိက္ခာ မစောင့်စည်းဘူး။ ရဟန်းဖြစ်ပါလျက်နဲ့ သမထဘာဝနာ၊ ဝိပဿနာလုပ်ငန်းတွေဆိုရင်လည်း သူ့လို ကြိုးပမ်း အားထုတ်မှုမရှိဘူး၊ ပေါ့ပေါ့နေ၊ ပေါ့ပေါ့စားတဲ့သူ ရယ်လို့ စွပ်စွဲ ပြောဆိုနေပါတယ်ဘုရား"

အာဂန္တုရဟန်း၏ စကားကိုကြားရတော့ ကိုယ်တော်ကြီးအဖို့ အနည်းငယ်တွေခနဲ ဖြစ်သွား၏။ သည့်နောက်မှ သတိဝင်လာ၍–

"ငါ့ရှင်... အဲသည်လို မပြောပါနဲ့။ သည်လိုစွပ်စွဲပြော

www.burmeseclassic.com

ဆိုတာဟာ မသင့်လျော်ပေဘူး။ ငါ့ညီတော်၊ ငါ့သူငယ်ချင်း ဟာ သည်လိုမျိုး ပြောမှာမဟုတ်ဘူး။ ငါဟာ လူ့ဘဝတုန်း ကတည်းက သူနဲ့အတူ နေလာခဲ့တာပဲ။ သူရဲ့ နူးညံ့ပျော့ ပြောင်းတဲ့ စိတ်သဘောထားကို ငါမသိဘဲနေမှာတဲ့လား။ သူဟာ ငါ့အပေါ်ကို ဘယ်တော့မှ သည်လိုမျိုးပြောမှာ မဟုတ်ဘူးငါ့ရှင်"

သည်လိုမျိုး တုံ့ပြန်စကားကို ကြားလိုက်ရတော့ အာဂန္တုရဟန်းအဖို့ အနည်းငယ်တော့ အကြံရခက်သွားခဲ့သည်။ သို့သော် အလျှော့မပေး၊ ကရုဏာသံစဉ်ဖြင့် အသာအယာပင် သပ်လျှို လိုက်ပြန်၏။

"အရှင်ဘုရား...အရှင်ဘုရားဟာ စိတ်ဓာတ်ကြံ့ခိုင်လှ ပေရဲ့။ ဒီလောက်တောင် ကိုယ့်အပေါ် ခါးခါးသီးသီး အယုတ္တ၊ အနတ္တ၊ အမနာပတွေ ပြောဆိုနေပါလျက် သည်းခံခွင့်လွှတ်နိုင်တာကို တပည့်တော် လေးစား၊ အံ့အား သင့်ရပါတယ်ဘုရား သာမန်ပုဂ္ဂိုလ်မျိုးဆိုရင် သည်လိုမျိုး ဘယ်မှာ သည်းခံနိုင်မှာတဲ့လဲ၊ အရှင်ဘုရားကတော့ ပါရမီ သမ္ဘာရင့်တဲ့အတွက် သည်းခံနိုင်တာဖြစ်မှာပါ။

ခုလိုပြောရတာလည်း တပည့်တော်အနေနဲ့ ကိုယ်တော် လေးအပေါ်ကို မလိုမုန်းထားစိတ်ရှိလို့၊ မကျေမနပ်ဖြစ်လို့ ပြောဆိုလျှောက်ထားနေတာ မဟုတ်ရပါဘုရား။ အရှင် ဘုရားရဲ့အကျိုးကိုလိုလားလို့ စေတနာကိုအရင်းခံပြီး လာ ရောက်သတိပေး ပြောကြားတာပါဘုရား။ တပည့်တော်ရဲ့



စကားမှန် မမှန် အရှင်ဘုရား အနေနဲ့ တဖြည်းဖြည်းကော သိလာပါလိမ့်ဘုရား"

အာဂန္တုရဟန်းလည်း ထိုသို့ပြောဆိုလျှောက်ထားပြီးနောက် ကိုယ်တော်ကြီး၏အခန်းတွင်းမှ ပြန်ထွက်လာခဲ့၏။

ကိုယ်တော်ကြီးမှာတော့ အိပ်ရာထက်ကျောခင်းလိုက်သည့် တိုင်အောင် ခါတိုင်းကဲ့သို့ ကျိန်းစက်မပျော်နိုင်ခဲ့။

"သူပြောတာတွေက ဟုတ်များ ဟုတ်နေမလား" ဟူသည့်အတွေးတို့က ရက်ကန်းရှယ်လာကြချေ၏။

သည်အနေအထားကပင် အာဂန္တုရဟန်းအတွက် ထိရောက် သော ထိုးနှက်ချက်တစ်ရပ် ဖြစ်လာခဲ့သည်တကား။

* * *

အာဂန္တုရဟန်းလည်း ကိုယ်တော်ကြီးကိုစွပြီးပြန်တော့ မြားဦးကို ကိုယ်တော်လေးထံ လှည့်လိုက်ပြန်သည်။ မဟုတ်မမှန် သောစကားတွေဖြင့် သပ်လျှိုလိုက်ပြန်သည်။

သည့်နောက်ပိုင်းမှာတော့ ကျောင်းထိုင်ကိုယ်တော်နှစ်ပါး အဖို့ အာသဝေါကုန်ခန်းပြီးသည့် ရဟန္တာပုဂ္ဂိုလ်တွေ မဟုတ် သေးလေရကား တစ်ပါးနှင့်တစ်ပါး ထင်ယောင်ထင်မှားဖြစ် လျက် စိတ်ဝမ်းတွေကွဲကြတော့သည်။ မေး၊ ထူး၊ ခေါ်၊ ပြော ဆက်ဆံခြင်းတွေ မရှိတော့။ ရှေးအခါက ဆွမ်းခံကြွလည်းအတူ ဆွမ်းစားကြလည်းအတူတူ။

ယခုမူ 'သူက ငါ့ကို ဆိုရက်လေခြင်း... ငါ့ကို သူက ပြော ရက်လေခြင်း' ဟူ၍ သံသယဖြောင့်ဆူးတို့ နစ်ဝင်လျက်

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝမ်းတွေ အကွဲကြီးကွဲကာ တစ်ပါးမျက်နှာ တစ်ပါးမကြည့်ချင်ကြတော့ဘဲ နောင်တော်ကြီးကကျောင်းကို စွန့်ခွာသွားတော့၏။

"ဪ... သူက သည်လိုလုပ်တော့ ငါက...ကျောင်းကို လိုချင်လို့ ဖက်တွယ်နေတယ်ထင်ပါ့လေ။ ဟွန်း...ဝေသေး။ သင်း တောင်မှ ကျောင်းကိုစွန့်နိုင်သေးတာ ငါကတော ဘာဖြစ်လို့ မစွန့်နိုင်ရမှာတုံး"

သည်သို့ဖြင့် နှစ်ပါးစလုံး ကျောင်းသခ်မ်းမှာ မရှိကြတော့။

ထိုအခါ အာဂန္တုရဟန်းသည် အောင်ပွဲရကိုယ်တော်ဖြစ်လာခဲ့တော့၏။ မိမိသပ်လျှိုဖြိုခွဲမှုကြောင့် အလဲလဲအပြိုပြို ဖြစ်သွားရပြီမို့ အခန့်သားပင် ကျောင်းထိုင်ဘုန်းကြီး ဖြစ်လာခဲ့တော့၏။

နောက်ရက် ဆွမ်းခံထွက်ကြွသည့်အခါ ကိုယ်တော်ကြီးနှစ်ပါးကို မတွေ့မမြင်ရသည့်အတွက် ဒကာ ဒကာမတို့က မေးမြန်းကြကုန်၏။

"အရှင်ဘုရား...မထေရ်ကြီးနှစ်ပါး ဘာကြောင့်များ ဆွမ်းခံ မထွက်ကြွတာလဲဘုရား၊ မကျန်းမမာလို့များလား"

ထိုအခါ အာဂန္တုရဟန်းလည်း နှမ်းလျှညှိုးငယ်သောသွင်မူရာပြောင်းလျက်–

"ဒကာတို့ မေးလို့သာဖြေရမှာ...အဲသည် မထေရ်နှစ်ပါးရဲ့အဖြစ်ကို မပြောချင်တော့ဘူး"

"ဘာဖြစ်လို့လဲဘုရား...တပည့်တော်တို့ကို ပြောပြပါ"

"အင်း... ပြောရမယ်ဆိုရင်တော့ ဝမ်းနည်းဖို့လည်း ကောင်းသလို၊ ရှက်ဖို့လည်း အင်မတန်မှ ကောင်းလှတယ်။



ညတုန်းကပေါ့...မထေရ်နှစ်ပါးဟာ ဘယ်ကဘယ်လို ဖြစ်တယ်မသိပါဘူး။ တစ်ပါးနဲ့တစ်ပါး ရဟန်းတို့နဲ့ မအပ်စပ်တဲ့ ကြမ်းတမ်းတဲ့စကားတွေနဲ့ အပြန်အလှန် နှုတ်လှန်ထိုးကြတယ်။ ငါ့အနေနဲ့ ဝင်ရောက် တောင်းပန်ဖျန်ဖြေပါသေးတယ်။ ဒါပေမဲ့ မရပါဘူး။ ငါဘယ်လောက် တောင်းပန်၊ တောင်းပန် ငါ့စကားတွေဟာ အရာမရောက်ခဲ့ပါဘူး။ တစ်ပါးနဲ့တစ်ပါး 'နင်ရှိတဲ့ကျောင်း ငါမနေဘူး' လို့ဆိုပြီး ထွက်သွားကြတော့တယ်။ ဘယ်လောက်တားတား မရတဲ့အတွက် ငါတစ်ပါးပဲ ကျန်ရစ်နေရစ်ခဲ့တာပေါ့"

"ဖြစ်မှ ဖြစ်ရလေတယ်...ဒါဆိုရင် အရှင်ဘုရားကိုပဲ တပည့်တော်တို့ တောင်းပန်ပါရစေ။ တပည့်တော်တို့ရဲ့ရွာရဲ့ ကျောင်းမှာ ကိုးကွယ်စရာ ရဟန်းသံဃာမရှိဘူးဆိုရင်ဖြင့် တပည့် တော်တို့ မိစ္ဆာဒိဋ္ဌိတွေ ဖြစ်သွားကြပါလိမ့်မယ်။ ဒါကြောင့် တပည့်တော်တို့ကို သနားကရုဏာ ထားတဲ့အနေနဲ့ သည်ကျောင်းမှာပဲ သီတင်းသုံးပြီး တပည့်တော်တို့ကို ဆုံးမဩဝါဒပေးတော် မူပါဘုရား"

"အင်း...ကောင်းပေပြီ ဒကာတို့"

သို့ဖြင့် အကြံပိုင်သော အာဂန္တုရဟန်းအဖို့ သူအင်မတန်လိုချင်တောင့်တခဲ့လေသော ကျောင်းသခ်မ်း၌ ကျောင်းထိုင်ဘုန်းကြီးဖြစ်လာခဲ့တော့၏။

သို့ရာတွင် အတိတ်တစ္ဆေဟူသည် ခြောက်လှန့်တတ်စမြဲ။

www.burmeseclassic.com

www.burmeseclassic.com

ကျိန်းစက်တော်မူမည်အခါတိုင်း သူကျူးလွန်မိခဲ့သည့် မကောင်းမှုဒုစရိုက်ရုပ်ပုံလွှာတွေက တဖျတ်ဖျတ်။

"ငါ...မှားပြီ။ အမှားကြီး မှားခဲ့ပြီ။ ဘာမဟုတ်တဲ့ ကျောင်းသခ်မ်းအဆောက်အအုံကလေးကို မက်မောတပ်စွန်းပြီး အချင်းချင်းလည်းချစ်ခင်၊ သီလဝန္တလည်း ရှိကြတဲ့ သူတော်ကောင်းအရှင်မြတ်နှစ်ပါးကို ငါသွေးခွဲလိုက်ပြီ။ ငါဟာ သံဃာချင်း သင်းကွဲအောင်လုပ်ခဲ့တာမို့ သံဃဘေဒကကံကြီး ထိုက်တော့မှာပါလား"

နောင်တဟူသည် နောင်မှ တရလေသည် မဟုတ်လော။

ယခုလည်း ထိုရဟန်းအဖို့ နောင်တတရားတို့၏ ဖိစီးနှိပ်စက်မှုကို မချိအောင်ခံစားရင်း ဘဝတစ်ပါးသို့ ကူးပြောင်းသွားခဲ့ရလေဖြီတကား။

* * *

မျဉ်းပြိုင်နှစ်ကြောင်း မဆုံနိုင်ကောင်းဟုဆိုသော်ငြား တစ်ပါးနှင့်တစ်ပါး အထင်အမြင်လွဲမှားလျက် ကျောင်းကို စွန့်ခွာသွားကြကုန်သော မထေရ်နှစ်ပါးအဖို့ တစ်ရွာမှ တစ်ရွာ၊ တစ်မြို့မှ တစ်မြို့ ပြောင်းကြွသီတင်းသုံးရင်းဖြင့် ရွာတစ်ရွာ၌ မထင်မှတ်ဘဲ ဆုံစည်းခဲ့ကြရချေ၏။

ပတ်ဝန်းကျင်၌ ဂရုထားမည့်သူကို မရှိလေမှ ရင်တွင်းစကားတို့ကို ဖွင့်ဟမိကြ၏။

"ငါ့ရှင်... ဘာကြောင့် ဒီလိုစကားဆိုရတာလဲ"

"တပည့်တော် လုံးဝမဆိုပါဘူး၊ အရှင်ဘုရားကသာ ဆိုခဲ့တာ"



"ဟာ... မဟုတ်တာ၊ငါလည်း မဆိုခဲ့ပါကလား"

"ဒါဆို...တစ်ခုခုတော့ လွဲမှားနေပြီထင်တယ်"

နှစ်ပါးစလုံး အကြောင်းရင်းမှန်ကို စစ်ဆေးကြည့်လိုက်၏။ ထိုအခါ အဖြေကို သွားတွေ့ရ၏။

"ဒါဟာ...အာဂန္တုရဟန်းရဲ့ စဉ်းလဲကောက်ကျစ်မှုပဲ ဖြစ်ရမယ်။ တို့များ အဲသည်ရွာကို ပြန်ကြွသွားကြစို့ရဲ့"

"ကောင်းတယ်ဘုရား... ကောင်းတယ်"

နှစ်ပါးစလုံး တစ်ပါးအပေါ်တစ်ပါး သံသယတွေပျောက်ကာ အမှန်ဘဝအခြေရောက်ခဲ့ကြသည်။ ရပ်ရွာကိုရောက်တော့ ဒကာ၊ ဒကာမအံပေါင်းက ဝမ်းမြောက်ဝမ်းသာစွာဖြင့် ကျောင်းသခ်မ်းကို အပ်ကြ၏။ အာဂန္တုရဟန်းမှာတော့ သူ့တရားကို သူ စီရင်သွားခဲ့လေပြီ။

မထေရ်နှစ်ပါးလည်း သတိသံဝေဂ ရခြင်းများစွာနှင့်အတူ ကမ္မဋ္ဌာန်းတရားကို ကြိုးစားအားထုတ်ခဲ့ကြရာ မကြာမြင့်မီမှာပင် အာသဝေါတရားတို့ကုန်ခမ်းပြီး အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြလေတော့၏။

* * *

ဂေါတမမြတ်စွာဘုရားရှင်လက်ထက်။

အရှင်နာရဒ သီတင်းသုံးသည်ကား ဂိဇ္ဈကုဋ်တောင်တွင် ဖြစ်၏။ ဂိဇ္ဈကုဋ်တောင်ကိုကြည့်လျှင် လင်းတကြီးတစ်ကောင် နားနေသလားဟု ထင်မှတ်ရ၏။ အရှင်နာရဒသည် ထိုတောင်

www.burmeseclassic.com

www.burmeseclassic.com



ကို အမှီသဟဲပြုရင်း ရာဇဂြိုဟ်သို့ နေ့စဉ်နေ့တိုင်းပင် ဆွမ်းခံထွက်ကြလေ၏။

တစ်နေ့သ၌ ဆွမ်းခံထွက်ကြွလာရာလမ်း၌ မခံမရပ်နိုင်လောက်အောင် အပုပ်နံ့များကို ရခဲ့၏။ သို့ဖြစ်၍ လက်တစ်ဖက်ဖြင့် နှာခေါင်းကိုပိတ်လျက် စောင်းငဲ့ကြည့်လိုက်လေသောအခါ ပြိတ္တာတစ်ဦးကို တွေ့မြင်လိုက်ရတော့သည်။

ထိုမြင်တွေ့လိုက်ရသော ပြိတ္တာကားဆန်းကြယ်၏။ အဆင်းမှာ ရွှေရောင်ကဲ့သို့ ဝင်းဝင်းဝါဝါနှင့်ရှိသော်လည်း အပုပ်နံ့ကမူ တထောင်းထောင်း၊ ယင်တွေကလည်း တလှောင်းလှောင်း၊ တစ်ကိုယ်လုံးမှာလည်း ပိုးလောက်လန်းတွေက ရှုစိတက်နေသည်။ သည့်အတွက် အရှင်နာရဒလည်း ပြိတ္တာ၏အဖြစ်သနစ်ကို စူးစမ်းမေးမြန်းတော်မူလေ၏။

"အရှင်...တပည့်တော်ဟာ ကဿပဘုရားရှင်လက်ထက်အခါက သာသနာ့ဝန်ထင် ရဟန်းတစ်ပါးဖြစ်ခဲ့ပါတယ်။ တပည့်တော်ဟာ ရဟန်းဖြစ်ပါလျက်နဲ့ သူတစ်ပါးပိုင်တဲ့ကျောင်း သင်္ခမ်းကို အလိုရမ္မက်ကြီးခဲ့ပါတယ်။ ဒါကြောင့်ပဲ အချင်းချင်း ချစ်ခင်ပြီး သီလဝန္တာရှိကြတဲ့ ကျောင်းထိုင်ကိုယ်တော်နှစ်ပါးကို စိတ်ဝမ်းကွဲအောင် ကုန်းတိုက်ခဲ့ပါတယ်။ သံဃာတော်နှစ်ပါး စိတ်ဝမ်းတွေကွဲပြီး ကျောင်းသင်္ခမ်းကို စွန့်ခွာသွားတော့ တပည့်တော်လည်း ကျောင်းသင်္ခမ်းကို ပိုင်ဆိုင်လိုက်ရပါတယ်။ တကယ်တော့



တပည့်တော်ဟာ သံဃာကိုသင်းခွဲခဲ့သူ သံဃဘေဒကံတိုက်သူ ဖြစ်ပါတယ်။

အဲသည်ဘဝကွယ်လွန်တော့ တပည့်တော်ဟာ အရှင်ဘုရား တွေ့မြင်ရတဲ့အတိုင်း ရွှေဝါရောင်သင်္ကန်းကို လွှမ်းပတ်ထားတဲ့အတွက် အဆင်းဟာရွှေလိုတောက်ဝင်းဝါပါရဲ့။ ဒါပေမဲ့ သံဃာ့ဘေဒကံကြောင့် တပည့်တော်ရဲ့ အာခံတွင်းဟာ အပုပ်နံ့တွေ တချောင်းချောင်း ထွက်နေပါတော့တယ်။ တစ်ကိုယ်လုံးမှာလည်း ပိုးလောက်တွေ တဖွားဖွားတက်လို့။ အဲသည် ပိုးလောက်တွေရဲ့ စားသောက်ခြင်းကိုလည်းခံနေရပါတယ်။ တပည့်တော်ဟာ မကောင်းမှုအကုသိုလ်ဒုစရိုက်တွေကြောင့် ကဿပဘုရားရှင်နဲ့ ဂေါတမဘုရားရှင်ပွင့်တော်မူတဲ့ ကာလကြား အဝီစိငရဲမှာ ကျခဲ့ရပါတယ်။ ငရဲကလွတ်တော့ အခုလိုပြိတ္တာဘဝနဲ့ ဆင်းရဲဒုက္ခ ခံစားနေရပါတယ်ဘုရား။

အရှင်ဘုရား...လူတို့ဟာ အရှင်သူမြတ်တွေရဲ့ဩဝါဒစကားတွေကို လေးစားစွာနာယူလေ့ရှိကြပါတယ်။ အရှင်ဘုရားအနေနဲ့ တပည့်တော်ကို စံနမူနာပြုပြီး လူတွေသံဝေဂရရှိကြလေအောင် တရားဟောကြားပေးစေချင်ပါတယ်။ ဟောရမယ့် တရားကတော့ 'ချစ်သူချင်းမုန်းအောင် ကုန်းချောမှုမှ ရှောင်ကြဉ် ဖို့တရား' ပဲ ဖြစ်ပါတယ်ဘုရား"

ထိုသို့ လျှောက်ထားပြီးသည့်နောက် ပြိတ္တာလည်း ကွယ်ပျောက်လေတော့၏။ အရှင်နာရဒလည်း ဆွမ်းခံကြွပြီးသည့်

www.burmeseclassic.com

www.burmeseclassic.com



နောက် ဆွမ်းစား၏။ ပြီးလေသော် ဝေဠုဝန်ကျောင်းတော်သို့ သွား၍ ဘုရားရှင်အား မိမိတွေ့ကြုံဆုံစည်းခဲ့ရာ ပြိတ္တာ၏ အကြောင်းကို လျှောက်ထားတော်မူလေ၏။

တရားဒေသနာတော်ဆုံးလေသည်ရှိသော် တရားနာပရိတ် သတ်တို့လည်း သတိသံဝေဂတရားများ ရရှိကြပါလေသတည်း။

ဤတွင် ပထမတွဲပြီး၏။

ကျမ်းကိုး

-ပေတဝတ္ထု

မဟာဝဂ်မှ ရာဇပုတ္တပေတဝတ္ထု။

**နန္ဒာမိုးကြယ်**

BURMESE CLASSIC .com


❑ ဘဝမှာ ...
အခက်အခဲ အကျပ်အတည်းဆိုတာ
လူတိုင်းလိုလို ကြုံဖူးကြမှာပဲ.
ဘယ်လိုခက်ခဲပါစေ
စိတ်အကြံအစည် ခရီးတစ်လျှောက်
အဓိဋ္ဌာန်တွေ ပြီးမြောက်အောင်မြင်စေဖို့

**သုတေသီဆရာငြိမ်း**
**၏**
**ကံမြင့် ကံဖွင့် ကံပွင့်စေမည့်**
**ယတြာများ**

**ထွက်နေပါပြီ**

ဖြန့်ချိရေး
မြတ်ပန်းရဂုံစာပေ
အမှတ် ၁၉၄၊ (၂၉)လမ်းအထက်
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉၅၁၃၉၄၅၀၊ ၀၉၅၁၅၅၇၄၃


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com